
www.burmeseclassic.com

TWO CATS PUBLICATION

# ဗေဒေါ် ဟာရီ

အနီရောင် ကြက်ခြေခတ်တွေနှင့်
စာမျက်နှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၁၆၇၀၁၀၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၄၇၅၁၀၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်းနှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်းနှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၀ခုနှစ်
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်

အနီရောင်ကြက်ခြေခတ်များနှင့်စာမျက်နှာ/မနော်ဟရီ။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်းနှစ်ကောင်စာပေ၊ ၂၀၁၀။
၁၉၀–စာ ၊ ၂၁.၅ x ၁၃ စင်တီ။ (၁)အနီရောင်ကြက်ခြေခတ်များနှင့်စာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

## ‘A’

‘ခက်တော့နေပါပြီ…’

‘သိဟ်သီဟ’ တစ်ကိုယ်တည်း ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ပထမတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးချင်တာနှင့် ‘မဖြစ်နိုင်ပါဘူး’ ဟု တွေးခဲ့သေးသည်။ ခုတော့ မဟုတ်တော့။

သေချာသည်။ ဒီကောင်မလေး ‘သိဟ်သီဟ’ နောက်သို့ လိုက်နေသည်။

‘ဝင်္ဂလိုက်တာထင်ပါရဲ့…’

ထိုသို့ ခပ်ဖော့ဖော့တွေးရင်း ပြုံးလိုက်သေးသော်လည်း စိတ်ထဲမှာကတော့ ကသိကအောက်နှင့်…။ ကိုယ်… ကောင်မလေးတွေနောက် လျှောက်လိုက်တုန်းကတော့ သူတို့လေးတွေ ဘယ်လိုနေသည်မသိ။ ခု သိဟ်သီဟကတော့ အသည်းမယားဘဲ ကျောယားနေမိသည်။ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တွေလို မသိချင်ယောင်ဆောင်ပြီး ရင်ကလေးချီ ခေါင်းကလေးမော့ပြီး နေဖို့ကလည်း မဖြစ်နိုင်။ ပြီးတော့ ဒီခေတ်ကြီးထဲမှာက ဘာမှ သိပ်ယုံရတာ မဟုတ်။ ကိုယ့်ကို အန္တရာယ်ပြုဖို့ မဟုတ်ဟုလည်း မပြောနိုင်။

"မင်း ဘာဖြစ်ချင်လို့ ငါ့နောက်က လိုက်နေတာလဲ"

လို့ လှည့်မေးလိုက်ရအောင်ကလည်း ကိုယ်က ယောကျ်ားရင့်မကြီး သူက မိန်းမသား...။ မသင့်တော်ပြန်။ ပြီးတော့ သူမလေးက 'ဒေင်ကချေသည်' ဖတ်ပြီး 'ဥယျာဉ်' လို လိုက်လုပ်ကြည့်နေတာ မဟုတ်ဘူးဟုလည်း ဘယ်သူမှ မပြောနိုင်ပြန်။ ခက်တာက 'သိဟ်သိဟ' က 'ရဲခေါင်' နှင့် ဘယ်လိုမှမတူ။ တကယ်တကယ့်တမ်း 'ရဲခေါင်' နှင့် တူနေတာက ထိုကောင်မလေး။ ဆံပင်တွန့်ခွေခွေတွေကို သားရေကွင်းတစ်ခုနှင့် ဖြစ်သလိုစည်းနှောင်ထားပြီး ဦးထုပ်တစ်လုံးကို ဆောင်းထားသေးသည်။ ယောကျ်ားကြီးတွေဆောင်းလေ့ရှိသော ဦးထုပ်အဝိုင်းလေးက သူမနှင့်ကျတော့ Fashion ကျနေပြန်သည်။

ချည်ထည်ခပ်ပွပွ ဂျာစီပုံအကျႌကို အောက်က ချည်ဂါဝန်ရှည်ကြီးနှင့် တွဲဝတ်ထားသော သူမပုံစံက တစ်မျိုးလေးထူးကာ ကပိုကရိုနှင့် တော်တော်လှသည်။ တော်ရုံတန်ရုံလူတစ်ယောက် ဆိုလျှင်တော့ ဖက်လမ်းက စနေလောက်ပြီ။ ခု 'သိဟ်သိဟ' မှာက အသိအမှတ်ပြုပေးရုံက လွဲလို့ ဘယ်လိုမှ ခံစားလို့မရသည့်အပြင် ကျောယားနေမိသေးသည်။

သူ ရုံးမှ စထွက်ကတည်းက ကောင်မလေးက ရုံးရှေ့မှာ ရပ်နေသည်။ အမှုမဲ့အမှတ်မဲ့ ထားလို့မရသော သူမပုံစံကြောင့် သိဟ တစ်ချက်ကြည့်မိသေး၏။ ပြီး... ဒီအတိုင်းထွက်လာခဲ့တာပင်။ သို့သော် ရုံးရှိရာလမ်းထိပ်အကွေ့ကျတော့ သူမကို နောက်မှပါလာတာ တွေ့လိုက်ရသည်။





တစ်ခရီးတည်းသွားတွေ... ဟုပဲ ထင်လိုက်သေးသည်။ သို့သော် မရွှေချောက နောက်... နှစ်ဘလောက်ကျော်လောက်လျှောက်ပြီး (လမ်းဘေးကဆိုင်မှာ **stationary** ပင် ဝယ်လိုက်သေးသည်။) နောက်ထပ် ထောင့်ချိုးကွေ့ ရောက်တော့ 'မြတ်စွာဘုရား' ဟု တ,မိတော့သည်။ သူမ ပါလာဆဲကိုး။

သို့နှင့် ခြေလှမ်းကို မြှင့်လိုက်သည်။

သူမကလည်း ခြေလှမ်းကို မြှင့်ကာ လိုက်လာ၏။ သိဟ အရှိန်လျှော့လိုက်လျှင် သူမလည်း လျော့ကျသွားသည်။

'ခက်တော့နေပါပြီ...'

ကဲ... အရပ်ကတို့ရေ...။ ခင်ဗျားတို့သာ ကျွန်တော့်နေရာမှာ ရှိပြီး ကျွန်တော့်လိုပဲ သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်လည်း လောလောလတ်လတ်ရှိနေမယ်... အဲဒီချစ်သူကိုလည်း စိတ်ကူးနဲ့တောင် သစ္စာမပျက်ချင်ဘူး... ဆိုပါတော့...။

ခင်ဗျား ဘာလုပ်မလဲ...။

အဲဒီစိတ်ကူးကြီးက ပေရှည်ပါတယ်... တကယ့်တကယ်ကျ ဘယ်သူမှ ကူနိုင် ကယ်နိုင်တာလည်း မဟုတ်... ဟု တွေးပြီး သိဟ လက်ဖက်ရည်ဆိုင်တစ်ခုထဲ ချိုးဝင်ချလိုက်တော့သည်။

ကဲ... ပြီးရော...။

မပြီးပါ...။

ကောင်မလေးက ယောကျ်ားလေးတချို့လုပ်သလို 'ထိုင်မယ်နော်' ဟု ဆိုပြီး စကားရောဖောရော ဝင်ထိုင်တာမျိုးမလုပ်တာက လွဲလျှင် ဆိုင်ထဲလိုက်ဝင်ချလာကာ ဘေးတစ်ခုံကျော်ဝိုင်းမှာ ဝင်ထိုင်သည်။

"အစ်ကို ထုံးစံအတိုင်း ပေါ့ကျလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... အအေး အရင်ပေးစမ်းပါ"

ရင်တွေပူလွန်းလို့... ဟူသော စကားကိုတော့ မျိုချထားလိုက်ရသည်။

"ဘာအအေးလဲ... အစ်ကို"

"ချချင်တာချ... အေးရင် ပြီးရော..."

စားပွဲထိုးလေးက 'သိဟ်သိဟ' ကို တစ်မျိုးကြည့်ကာ ထွက်သွားတော့သည်။ သူ့ဘာသာသူ တစ်မျိုးမကလို့ နှစ်မျိုးပဲကြည့်ကြည့် သိဟ်သိဟ စိတ်မဝင်စား။ တစ်ပိုင်းကျော်က ပျံသန်းရောက်လာသော သူမ၏အကြည့်တစ်ချက်ကိုတော့ 'သိဟ်သိဟ' ကျောချမ်းမိသည်။

"ဘာလဲဟာ..."

ဒီပုံနှင့် အိမ်ပြန်သွားလို့ဖြစ်မလား။ အိမ်ထိ လိုက်လာနိုင်လား။ လမ်းလွှဲလိုက်လျှင် ကောင်းမလား။ သို့တည်းမဟုတ်... သူ့အိမ်ကိုပါ သိပြီးနေလောက်ပြီလား...။ သူမမှာ ဘာရည်ရွယ်ချက်ရှိသလဲ...။ အန္တရာယ်ပေးဖို့လား။ အကြောင်းတစ်ခုခုရှိလို့လား... ဒါမှမဟုတ် ထွင်နေတာလား...။

အတွေးတွေ ပြန့်ကြဲရှုပ်ထွေးသွားတော့သည်။

ရေခဲမှုန်ကလေးများပင် ပါသည်ထိ အေးရှနေသော ကော်ဖီကိုလာပုလင်းကလည်း ဘာမှမစွမ်းသလိုပင်။ ကောင်မလေးကတော့ Lemon Tea အပူတစ်ခွက်နှင့် စောစောက 'သိဟ်သိဟ' နောက်ကို လိုက်ခဲ့တာသူမဟုတ်သလို ထိုင်နေသည်။ တစ်ချက်လေးမှလည်း လှည့်မကြည့်တော့။ တစ်ကမ္ဘာလုံးတွင် သူမရှေ့မှ Lemon Tea ခွက်သာ အဓိပ္ပာယ်ရှိတော့သလို ကြည့်နေသည်။

'ကျွတ်' ခနဲနေအောင် စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်ပြီး ထိုင်ရာက ထသည်။ ကောင်တာပေါ် ငွေတင်ခဲ့ပြီး ထွက်လာခဲ့လိုက်၏။





ဒီတစ်ခါတော့ နောက်ကို လှည့်ကြည့်မနေတော့။ သေချာပေါက် လိုက်လာမှာကို သိနေသည်ပဲ။ ဘာလုပ်ရမလဲ... ဘယ်သွားရမလဲ... တွေးနေမိသည်။ အမှန်က အိမ်ပြန်ဖို့ အစီအစဉ်မရှိသေး။ လျှောက်သွားချင်နေသေးသည်။ အိမ်မှာ ငြိမ်ငြိမ်ပြန်နေလိုက်သည်နှင့် ဒုက္ခရောက်သွားနိုင်သည်။ အဓိကပြဿနာက ပူပူနွေးနွေးချစ်သူလေး 'သိင်္ဂါ'။ ဒီရက်ပိုင်းမှာ သိင်္ဂါနှင့်တွေ့ခွင့်မရနိုင်။ ညကျမှသာ ဖုန်းပြောရင်ပြော မပြောရင် Chatting ထိုင်...။ အကြောင်းရင်းခံက ဘာမှ ကြီးကြီးမားမားမဟုတ်။ လွန်ခဲ့သော (၃) ရက်ခန့်က သိင်္ဂါ့အစ်မဝမ်းကွဲဖြစ်သူ (မန္တလေးမှ လာနေသောသူဖြစ်သည်) ရည်းစားနှင့်ချိန်းတွေ့တာကို သိင်္ဂါ့အဖေက လက်ပူးလက်ကြပ်မိသည်တဲ့...။ ဖြစ်ချင်တော့ လူငယ်ဘာဝ ရည်းစားထားတာကို သည်းခံနိုင်သော်လည်း သူ့ရည်းစားကောင်လေးက သူတို့ ဆွေမျိုးများက လုံးဝမဖြစ်နိုင်ပါ... ဟုဆိုကာ ရန်ကုန်သို့ တမင်ခွဲပို့ထားရသည်အထိ အဆင်မပြေသည့်သူ ဖြစ်နေသည်။ ဒီတော့ မရွှေသိင်္ဂါကပါ ရောအကြိမ်းခံရသဖြင့် အနေအထိုင် ဆင်ခြင်ဦးမည်ဟုဆိုကာ တစ်ပတ်ဆယ်ရက် မတွေ့ကြဖို့ ပြောထား၍ ဖြစ်သည်။

မနာခံလို့က မရ။ သိင်္ဂါနှင့် အစ်မဝမ်းကွဲတို့က အတူတူ အလုပ်သွားရသည်။ အလုပ်တိုက်ကလည်း သူတို့အဒေါ်၏ Company...။ လိုက်ပို့သူက အဖေကိုယ်တိုင်...။ ဒီတော့ ဒီရက်ပိုင်း လုံးဝ လှုပ်လို့မရတာ သေချာသည်။

အဖြေရတာမှ သုံးလေးရက်ရှိသေးသော ချစ်သူကို ဘယ်သူက မတွေ့ချင်ဘဲ နေမည်တဲ့လဲ။ တွေ့ချင်တာမှ တစ်ပိုင်းသေလို့...။ ခက်တာက သူ့အလုပ်ချိန်နှင့် ကိုယ့်အလုပ်ချိန်က အတူတူ...။ ပြီး တော့ သူတို့မှာက



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်… ကိုယ်တိုင်ကြိုပို့ပေးနေသော မွေးသဖခင်ကြီးနှင့် ဘယ်လိုမှ မတတ်သာကြ။

ဒီလိုပြဿနာတွေကြားထဲမှာမှ… နောက်က ပြဿနာလေးက တစ်မှောင့်။ ပြဿနာကတော့ ပြဿနာလှလှလေးဖြစ်သည်။ ဒီလောက် စိတ်ရှုပ်ရှုပ်နှင့် လျှောက်နေသော သိဟ်သိဟနောက်ကို လိုက်နေရတာ သူမလည်း ပင်ပန်းမည်ပင်။ သို့သော် ဖွဲ့မလေးက မလျှော့…။

"ကဲ… အမျှ… အမျှ… လာလေ့… ဟေး… Taxi…"

သိဟ်သိဟ တစ်ကိုယ်တည်းရေရွတ်ကာ ကားကို လှမ်းတားလိုက်သည်။ အိမ်ပဲပြန်တော့မည်ဟု ဆုံးဖြတ်ကာ Taxi ငှားပြီး Taxi ပေါ် ခုန်တက်လိုက်တော့…

နောက်က ကောင်မလေးကလည်း ကားတစ်စင်းကို လှမ်းတားသည်။ သေချာပါသည်။ ဒီကောင်မလေး အိမ်ရှေ့ထိတော့ ပါလာဦးတော့မည်။ မတတ်နိုင်…။

အိမ်ရှေ့ရောက်လို့ ကားပေါ်ကဆင်းတော့ နောက်က ကားကလေးကို တစ်ခြံကျော်လောက်မှာ ရပ်လိုက်တာ မြင်ရသည်။ နောက်ခန်းမှာ မထိုင်ဘဲ ကားမောင်းသူဘေးမှာ ခပ်တည်တည်နှင့် ထိုင်နေသော ကောင်မလေးက 'သိဟ်သိဟ' ကို စူးစူးလေး တစ်ချက်ကြည့်၏။ အကြည့်က စူးနစ်ပြင်းရှလွန်းလှသဖြင့် သိဟ်သိဟ မျက်နှာလွှဲကာ အိမ်ထဲ ဝင်ခဲ့လိုက်တော့သည်။

အိမ်ထဲရောက်လို့ အထဲက အသာပြန်ချောင်းကြည့်သည်အထိ ထို Taxi ကားက ထွက်မသွားသေးသလို… ကောင်မလေးကလည်း မမြင်ရတော့သည့် တံခါးမကြီးကို ထွင်းဖောက်ကာ မြင်နေရသလို စူးစူးလေး ကြည့်နေဆဲ…။





"ဘာလဲဟာ…"

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ရေရွတ်ရင်း ခြေပစ်လက်ပစ် ခုတင်ပေါ်ပစ်လှဲလိုက်သည်။ ခုတင်ဘေး စားပွဲပေါ်က မှန်ဘောင်လေးထဲက သိင်္ဂါကတော့ သူ့ကို ရယ်မောလို့…။

"သိင်္ဂါရေ…"

ဒီလိုကျတော့လည်း စိတ်ညစ်ညူးမှုတွေ ကွာကျသွားသလိုပင်…။

◆



www.burmeseclassic.com

www.burmeseclassic.com



**'B'**

"ဒေါ်သိင်္ဂါ..."

"ဘာလဲ... မုန်း"

"ပြောစရာရှိတယ်"

ပြောစရာရှိတယ်... ဟုဆိုကာ လေသံက တိုးသွားပြီး အနားကပ်လာသဖြင့် တစ်ခုခုတော့ တစ်ခုခုပဲဟု... သိင်္ဂါတွေးလိုက်သည်။ အမုန်းတော့ အစ်မ 'မုန်း' မှာက တစ်ခုမကနိုင်တာတွေလည်း ရှိနေနိုင်သေးတာကို သူသိ၏။

"ဘာလဲ... မန္တလေးပြန်ပြေးဖို့လား"

"အာ... မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

"နင့်ကိစ္စ..."





"ကျွန်မကိစ္စ... ဟုတ်လား..."

သိင်္ဂါက ရင်ဘတ်လေးဖိကာ တအံ့တသြမေးတော့ 'မုန်း' က ခေါင်းညိတ်ပြသည်။

"ဘာလဲ... ဘာကိစ္စလဲ"

"ကိုသီဟတစ်ယောက် ဘယ်ပျောက်နေလဲ..."

"အလုပ်တွေရှုပ်ချင်ယောင်ဆောင်ပြီး မလာနဲ့ဦးလို့ မှာထားတယ်လေ..."

"ဘာလို့လဲ..."

"အံမယ်... ဒါ ရှင့်ကြောင့်လေ... ဖေဖေက အသက်ရှူတဲ့လေတောင် ရှင့်ကိုရွေးပေးနေတာ ရှင်မသိဘူးလား"

'မုန်း' မျက်နှာလေး ရှုံ့မဲ့သွားသည်။

"အံ့ရောနော်... သူတို့မောင်နှမက လိုက်လည်း လိုက်တယ်"

သိင်္ဂါ့အဖေနှင့် မုန်းမေမေက မောင်နှမအရင်းကြီးတွေ...။ သူများတကာတွေလို နှစ်ယောက်တည်းမို့ သိပ်ချစ်ကြတာမျိုးတော့ မဟုတ်...။ မောင်နှမခြောက်ယောက် ရှိသည့်အနက်မှာမှ သူတို့နှစ်ယောက်က အထက်အောက်လည်း မဟုတ်ပါဘဲနှင့် စိတ်တူကိုယ်တူ ရှိနိုင်လွန်းသည်။

"ကဲပါ... ထားပါ... တော်ကြာ လိုရင်းမရောက်ဘဲ လမ်းလွဲသွားဦးမယ်..."

မုန်းက သူ့ခံစားချက်ကလေးကို ခဏပြန်ခေါက်သိမ်းထားလိုက်ဟန်ဖြင့် ပြော၏။

"ဘာလဲ... လိုရင်းက ဘာလဲ... ကိုသီဟမလာတဲ့ကိစ္စလား..."

"အဲဒါထက် ထူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"နင် တကယ်မသိဘူးလား"

"ဟင်... ဘာကိုသိရမှာလဲ... ဘာမှဖြင့် မပြောရသေးဘဲနဲ့..."

သိင်္ဂါက စိတ်တိုတိုနှင့် ဘုပြောတော့ 'မုန်း' က ရယ်သည်။

"နင်ကလည်း ညဲ့ပါ..."

"ကဲပါ... အဲဒီညဲ့တာကို နောက်ထားပြီး ပြောပါ မတော်တော် ရယ်..."

"ငါတို့နောက်ကို ဒီနေ့ ကားတစ်စင်းလိုက်လာတာ နင် မသိဘူး လား"

"ကားတစ်စင်း..."

"အင်း... ခြံထဲက စထွက်ကတည်းက ဟိုဘက်မျက်စောင်းထိုး ခြံရှေ့လောက်ကနေ ပါလာတာ..."

"ဘာကားလဲ..."

"Sport ကားလိုမျိုး အပြာလေး..."

သိင်္ဂါ မျက်မှောင်လေးကြုတ်ကာ စဉ်းစားကြည့်လိုက်သည်။ တွေ့ လိုက်သလိုလိုနှင့် သိပ်တော့လည်း မသေချာ။

"အဲဒါ ဘာဖြစ်လဲ"

"ရုံးရှေ့ထိ လိုက်လာတာလေ"

"ဟင်... ဟုတ်လား... အဲဒါ ဘယ်သူလဲ ကိုသီဟလား"

"ငပေါမ... သီဟဆို ငါက ကိစ္စလုပ်ပြီး ပြောနေမလား"

"ဒါဆို..."

"အင်း... ကောင်လေးတစ်ယောက်... အမိုက်စားလေး... အသား





အရေက သလင်းဖြူကျောက်လိုဖြူပြီး ဆံပင်တွေက ရွှေညိုရောင်ရှည် ရှည်တွေနဲ့..."

"ဟင်... သေချာကြည့်ထားလိုက်တယ်ပေါ့..."

ဒီတစ်ခါတော့ 'သိင်္ဂါ' စပ်ဖြဲဖြဲလေး ပြန်မေးလိုက်မိသည်။ ကြည့်လေ ရည်းစားပူမိနေသူက နောက်ကပါလာသူကို သေချာကြည့်လိုက်နိုင်သေး သတဲ့...။ အင်း... ဘာထူးလို့တုန်း...။ သူမလည်း ရည်းစားပူမိနေသည် ပဲ...။ ပူပူနွေးနွေး အဖြေပေးပြီးစ ရည်းစားအသစ်စက်စက်ကလေးနှင့် မတွေ့ရတာ နှစ်ရက်ရှိသွားပြီ...။ ညဘက်မှပဲ ဖုန်းခိုးပြောရတာမို့ ကြာလျှင် ဖုန်း bill တွေတက်ပြီး အိမ်က သိသွားလိမ့်မည်။

"မကြည့်ပါဘူး သတိထားမိတာပါ"

"တို့နောက်ကို လိုက်တယ်ဆိုတာ သေချာလို့လား၊ လမ်းတူနေ တာကော မဖြစ်နိုင်ဘူးလား..."

"အဲလိုကြီးတော့ မတိုက်ဆိုင်နိုင်ပါဘူး၊ ဒါပေမယ့် နောက်နေ့ စောင့်ကြည့်ပေါ့..."

"ဘယ်သူ့နောက် လိုက်တာလဲ မုန်းလား"

သိင်္ဂါက ရယ်ကျဲကျဲလေးမေးတော့ မုန်းက ခေါင်းခါ၏။

"မသိဘူး... ဒါပေမယ့်..."

"ဒါပေမဲ့... ဘာဖြစ်လဲ..."

"ကောင်လေးက မိုက်တယ်..."

"မုန်းရဲ့ရွှေမင်းသားနဲ့တော့ တခြားစီပေါ့..."

"အင်း သီဟနဲ့လည်း တခြားစီ..."

မုန်းက သူ့လူထိတော့ ရအောင် ပြန်ပက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ထားပါ... လမ်းကြုံလို့ ခဏတဖြုတ် ဝင်ကြောင်တာ လည်း ဖြစ်ရင် ဖြစ်မှာပေါ့..."

"အင်းလေ... ဖြစ်နိုင်တာပဲ..."

"ဒါနဲ့ မုန်းလူရော..."

"မန္တလေးပြန်သွားပြီ"

ဟုတ်လား ဘယ်လိုသိလဲ"

"အာရုံသိနဲ့ သိတာ"

မုန်းက ရယ်ကျဲကျဲဆို၏။ ပြီးမှ...

"အလကားနောက်တာပါဟယ်... ဘယ်လောက်ပဲ ပိတ်ဆို့ထားထား လစ်ဟာနေတဲ့ အပေါက်တစ်ပေါက်တော့ ရှိတာပါပဲ... သိတာပေါ့..."

"အင်း... ဒါကြောင့်လည်း ရှင့်ကို ဖေဖေက အသက်တောင် ပေး မရှူချင်တာ၊ ရှူလိုက်တဲ့လေထဲမှာ အဲဒီလူရဲ့ ချစ်ရနံ့တွေ ပါလာမှာစိုးလို့ ထင်ပါရဲ့..."

သိင်္ဂါ့စကားကြောင့် နှစ်ယောက်သား ရယ်မိကြသေးသည်။

"သူတို့က ဘာလို့သဘောမတူဘဲ ဒီလောက် ခါးခါးသီးသီးဖြစ်ရ တယ်ဆိုတာရော မုန်းသိလား"

"ဟင်... သိတာပေါ့..."

"ဘာလဲဟင်... ပြောပြမလား"

"အင်း... အတိုချုံးပြောပြရရင်တော့ မောင့်ရဲ့အဖေက မေမေ့ရဲ့ ငယ်ချစ်ဟောင်းဖြစ်ခဲ့ပြီး မောင့်အမေကတော့ သိင်္ဂါ့ဖေဖေရဲ့ ရည်းစား ဟောင်းတဲ့..."

"ဟင်... အားလုံးကို ရှုပ်နေတာပဲ"





သိင်္ဂါပင် စိတ်ရှုပ်သွားရသည်။ လူငယ်တွေတင် ပတ်ရှုပ်နေသလား မှတ်တာ။ လူကြီးတွေလည်း ရှုပ်တာပဲ။ ဒါကြောင့်သာ ဒီမောင်နှမနှစ် ယောက်လုံး အခါးသီးတွေ သီးနေကြတာကိုး... ဟု သိင်္ဂါက တွေးလိုက် မိသည်။

အမုန်းတကယ်ဆို မုန်းရဲ့ချစ်သူမှာ ဘာအပြစ်မှ မရှိ။ ဒီတော့ မုန်း ဘက်က ဘယ်လိုမှ မမုန်းနိုင်တာ မဆန်း။ မရွှေမုန်းကလည်း ကြုံကြုံ ဖန်ဖန် ဒီလိုလူနှစ်ယောက်က မွေးလာသောသားနှင့်မှ ကြိုက်တော်မူသည်။ လောကကြီးက အံ့သြစရာ...။ သူမနှင့် သိဟ်သီဟတို့ကတော့ ဘာမှ ပြဿနာမရှိလောက်။ ဒီလိုပဲ ကျောင်းမှာတွေ့ကြရင်း သံယောဇဉ်ဖြစ်ရာမှ ချစ်ခွင့်ပန်သည်။ လွန်ခဲ့သော (၃) ရက် (၄) ရက်ကမှ အဖြေပေးဖြစ် သည်။ အားလုံးက ရိုးစင်းဖြောင့်တန်းလို့...။

"ငါတို့ပဲ အေးပါတယ်"

သိင်္ဂါက သူ့ကိုယ်သူကျေနပ်ကာ အပြုံးနှင့်ရေရွတ်တော့ မုန်းက မျက်စောင်းထိုး၏။

"မနာလိုစရာကောင်းအောင် လာပြောမနေနဲ့..."

"မနာလိုအောင်ပြောတာ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ကျေနပ် တာပါ"

"အင်းလေ... ဒါက အတိတ်ကံလည်း ပါမှာပေါ့..."

"အံမယ်... မယ်... အတိတ်ကံတဲ့... စကားကြီးစကားကျယ်တွေ သုံးလာပြီ၊ မုန်းကြီး တရားရတော့မယ်ထင်ပါရဲ့..."

သူတို့နှစ်ယောက်က စုစုပေါင်းမှ (၁၀) လပဲကွာတာပါ။ ဒီလို စကားတွေပြောလာတော့ တအံ့တသြဖြစ်မိတာ မဆန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲဟာ တွေးမိတွေးရာပေါ့..."

"ကဲပါ... ကဲပါ... ထားပါတော့... ကျွန်မ message ပို့စရာရှိသေးတယ် ခဏလေး"

ပြောရင်းဆိုရင်းက သတိရလာတာမို့ သိင်္ဂါ သီဟထံ message လှမ်းပို့လိုက်သည်။

'I miss yuou' တဲ့...။

Quick note ထဲမှာတော့ စာလုံးအသစ်လေးတွေက တန်းစီလို့။

'I love you'

"I miss you'

"Dream on me'

'Have you forgotten me ?'

"Don't you miss me' စသဖြင့်...။

မှန်းကတော့ ချစ်စရာမျက်စောင်းလေးချိတ်ကာ ခေါင်းတညိတ်ညိတ်နှင့် မနာလိုဖြစ်နေရှာသည်။ လူဆိုတာ သူ့ကုသိုလ်နှင့် သူလာသည်ဆိုတာ ဘယ်လိုမှငြင်းစရာအကြောင်းမရှိအောင် ပိုင်ခိုင်လုံလောက်သည်ဟု 'မှန်း' တွေးနေမိသည်။

◆





## 'C'

"ဟေ့ကောင်... သီဟ"

"ဟာ... ကျော်စွာ"

ထုံးစံအတိုင်း မတွေ့တာကြာပြီဖြစ်သောသူနှစ်ယောက် ဘေးပလက်ဖောင်းပေါ်မှ လူတစ်ချို့ သူတို့ကို တွန်းတိုက်မြည်တွန်သွားတာကို မေ့သွားကြ၏။

"အတော်ပဲ... လာ... လက်ဖက်ရည်ဆိုင်သွားမယ်"

"ဗိုက်ဆာတယ် တစ်ခုခုစားမယ်လေ၊ မင်း ညစာစားပြီးလို့လား"

"ဟင့်အင်း... ဒါဆို သွားလေ..."

သူတို့ ကြေးအိုးဆိုင်ရှိရာ လျှောက်ခဲ့ကြသည်။ သီဟကတော့ ထုံးစံအတိုင်း နောက်တော်ပါးနှင့်။ ဒီကောင်မလေး ဖွဲ့ကမလျှော့သေး။ ဒီနေ့နဲ့ဆို ၃ ရက်ရှိပြီ။ ဘာပဲပြောပြော ခုလို အဖော်ရသွားတော့ သီဟ သိပ်ပြီး

www.burmeseclassic.com



နောက်ကြောင်းမလှုံမဖြစ်တော့။

"ထုံးစံအတိုင်း ကြာဇံနဲ့ ညှပ်ရောမယ်... ဝက်ပွဲကြီး"

ကျော်စွာက သူထိုင်နေကျဖြစ်ပုံရသော ဆိုင်မို့ထင်သည်။ ထိုသို့မှာ၏။

"ငါလည်း အဲဒီအတိုင်းပဲ"

သီဟစကားအဆုံးမှာ တစ်ဖက်ဝိုင်းမှလည်း...

"တို့လည်း အဲဒီအတိုင်းပဲ..." ဟူသော အသံကို ကြားလိုက်ရသည်မို့ သီဟ ခေါင်းခါမိ၏။

"ဘာဖြစ်တာလဲ"

"စိတ်ပျက်လို့..."

"ဘာကိုလဲ... ငါနဲ့ ပြန်တွေ့လို့လား"

ကျော်စွာက မချိုမချဉ်မေး၏။

"ချီးထဲမှပဲ... မင်းနဲ့ပြန်တွေ့တာ စိတ်ပျက်စရာလား... ရည်းစားဟောင်းနဲ့ ပက်ပင်းဆုံတာမှ မဟုတ်တာ"

"လုပ်မနေနဲ့... မင်းမှာ ဘာရည်းစားဟောင်းမှ မရှိတာ ငါသိတယ်လေ"

ကျော်စွာက အကြောင်းသိပီပီ စကားနှင့်ပင် အစီးမခံသဖြင့် ရယ်ရသေးသည်။

"မင်းကိုပြောရင် ယုံမှာလား"

"ခုလို ဘလိုင်းကြီး လူအထင်ကြီးအောင်ပြောတာမျိုး မဟုတ်ရင်တော့ ယုံမှာပေါ့"

"ငါ့မှာ သက်သေပြစရာရှိပါတယ်"





"ဟုတ်လား ပြောစမ်းပါဦး"

မပြောခင် မယ်မင်းကြီးမဆီ အကြည့်ရောက်သွားတော့ မယ်မင်းကြီးမက ခပ်တည်တည်ပင်။ ဖုန်းကိုဖွင့်ကာ Game ကစားနေလား။ message ပို့နေတာလား မသိ...။

"မင်းနောက်တစ်ဝိုင်းကျော်က စားပွဲကို ကြည့်လိုက်"

ကျော်စွာက ပညာရှိပီသစွာ မသိမသာ ဖျတ်ခနဲကြည့်၏။ ပြီးမှ မျက်မှောင်ကြုတ်ကာ သီဟကို ကြည့်သည်။

"အဲဒါ ဘာဖြစ်လဲ..."

"ငါ့နောက် တကောက်ကောက်လျှောက်လိုက်နေတယ်"

ကျော်စွာ မျက်လုံးကြီးပြူးကာ သိပ်သီဟကို ကြည့်၏။ ပြီးမှ ခွီးခနဲ ထရယ်တော့သည်။

"ရယ်မနေနဲ့ မင်းမယုံလည်း မတတ်နိုင်ဘူး"

"ငါ့ကိုလည်း အိန္ဒြာကျော်ဇင်က တကောက်ကောက်လိုက်နေတယ်ဆို မင်းယုံမှာလား"

"ဘာယုံစရာရှိလဲ"

"အင်း... မင်းဉာဏ်ရှိသလောက်တော့ ငါလည်း ရှိတာပဲ၊ အဲ... မင်းရူပါလောက်တော့ ငါ့မှာလည်း ရှိတာပဲ..."

အရေးထဲ ဝတ်ထားသောရှပ်အင်္ကျီကော်လံကို ဆွဲထောင်နေလိုက်သေးသည်။

"မင်းမှာက သက်သေပြစရာမရှိဘူး၊ ဘလိုင်းကြီး ငါ့ကို မယုံချင်လို့ပြောတာ၊ ငါ့ကိစ္စက ပြီးရင် မင်းစောင့်ကြည့်... အိမ်ထိလိုက်ပြီး အရင်ကလို လိုက်အိပ်လိုက်ဦး မင်းသိလိမ့်မယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက တစ်ဖက်ဝိုင်းကို မသိမသာ ထပ်အကဲခတ်လိုက်ရင်းက မချိုမချဉ်ပြုံးပြန်သည်။

"မင်းက ငါ့ကို မလိုက်နိုင်ဘူး ထင်လို့လား"

"အဲလိုမဟုတ်ပါဘူး... မင်းလိုက်မအိပ်တောင် ဒီဆိုင်က ထွက်တာနဲ့ တွေ့မှာပါ..."

"အိုကေလေ... ကြည့်သေးတာပေါ့ ခုတော့ ဗိုက်ဆာတယ်"

ပြီးတာနှင့် ကြေးအိုးကို စိတ်ဝင်တစားသောက်တော့သည်။ ဟိုဘက်က ကောင်မလေးကတော့ တို့ကနန်းဆိတ်ကနန်းနှင့်။ ကျော်စွာ့အစာအိမ်ထဲက ပိုးတွေ တော်တော်လေးငြိမ်သွားလောက်မှ တစ်ဖက်စားပွဲကို တတိယအကြိမ်မြောက် ထပ်မံအကဲခတ်ရင်း ပြောပြန်သည်။

"ကောင်မလေးက အပျံစား အမိုက်စားလေး..."

"မင်းကြိုက်ရင် လိုက်လိုက်ပါလား"

သိဟ်သီဟလည်း လွတ်ရာလွတ်ကြောင်းတွေ ပြောမိတော့သည်။

"ဟော့ကောင်... ငါ အဲလောက်မတုံးဘူး၊ မင်္ဂလာ လာယူမနေနဲ့၊ မင်းကိုကြိုက်နေတဲ့သူပါလို့ မင်းကပြောတဲ့သူကို ငါက သိက္ခာမရှိ ကြိုက်ရဦးမှာလား"

ကျော်စွာဆိုတာက အဲလိုကောင်...။ အမြဲတမ်း ကတ်သီးကတ်သပ်နှင့် ဘာကိုမှ အတင်စီးမခံချင်သူ။ သို့သော် တစ်ခုကောင်းတာက သူ့သူငယ်ချင်းတွေကို သူများ လာတင်စီးလျှင်လည်း မကြိုက်တတ်ခြင်းပင်။

ထုံးစံအတိုင်း ကောင်မလေးက ကြေးအိုးပန်းကန်ကို ဘေးချပြီး ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေပြန်သည်။ စတိုင်လ်လား ဘာလုပ်ရမှန်း မသိလို့ ဆော့နေတာလား ဆိုတာတော့ သူမမှ သိပေလိမ့်မည်။





စားသောက်ပြီး ပိုက်ဆံရှင်းခါနီးတော့ ကျော်စွာက...

"ဟော့ကောင်... သီဟ"

"ဘာလဲ"

"သူလေးက မင်းအတွက် မရှင်းပေးသွားဘူးလား"

"ဟာ..."

ဒါမျိုးက ကောင်လေးတစ်ချို့ ကောင်မလေးတစ်ယောက်ယောက်နောက်ကို လိုက်ရင် လုပ်တဲ့အလုပ်...။ ခုဟာက ကောင်မလေးဖြစ်နေတယ်... ဟုတွေးလျှင်တော့ ရနိုင်သား။ ဘာပဲပြောပြော... ဒါလည်း ထူးခြားမှုတစ်ခုပင်။ ဒီကောင်မလေး အဆုံးစွန်ထိတော့ မရူးသေးတာ သေချာသည်။

သူတို့ထွက်လာကြတော့ နောက်ကကောင်မလေး တကယ်ပါတော့မှ ကျော်စွာ နည်းနည်းဖြုံသွားတော့သည်။

"ဒီကောင်မလေး ဦးနှောက်မှ ကောင်းသေးရဲ့လားမသိဘူး"

ဒီကောင့်စကားက ဘာကိုဆိုလိုမှန်း သီဟ ခန့်မှန်းမိပြီးသား။

"ဦးနှောက်မကောင်းလို့သာ ငါလိုကောင်နောက်ကို လျှောက်လိုက်နေတယ်ပေါ့"

"မင်းကတော့ ဦးနှောက်ကောင်းပါသေးတယ်၊ ဟားဟား... ဒါကြောင့် ချက်ချင်း သိလွယ် မြင်လွယ်နေသေးတာ"

သိပ်ကြီးနာမည်ကျော် ရေပန်းစားလောက်အောင် Handsome ဖြစ်နေတာမျိုး ချောနေတာမျိုး အောင်မြင်နေတာမျိုးထဲ မပါမှန်းသည်း ကိုယ့်ကိုယ်ကိုယ်တော့ သီဟ သိသားပင်။ သို့သော် သာမန်ထဲမှာတော့ မပါဟု ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးချင်သေးတာ ဝန်ခံရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်သာ ကျော်စွာ့စကားကို ချက်ချင်းကြီးရိပ်မိကာ မခံချိမခံသာ ဖြစ်ရခြင်း မဟုတ်လား။

"လူဆိုတာ အကြိုက်တော့မတူဘူး ကိုယ့်လူ…"

"အင်းပါ… ဒါက မင်းရဲ့ဖြစ်ရပ်က ငါ့အတွက် သက်သေပဲ၊ နောက်ထပ် ဘာသက်သေမှ မလိုဘူး… ဟားဟား"

သူတို့က ကြိတ်ကြိတ် ကြိတ်ကြိတ်နှင့် ဖြစ်နေကြသော်လည်း ကောင်မလေးကတော့ အေးအေးဆေးဆေးပင်။ ဖြစ်နေပုံက သိပ်တော့ အထာမကျ။ ပြောင်းပြန်ကြီး…။ အမှန်ဆို ကိုယ်က ကောင်မလေးတစ်ယောက်နောက်ကို လိုက်နေတာမျိုးဖြစ်ပြီး၊ သူတို့က တီးတိုးတီးတိုး သဖန်းပိုးဖြစ်ရမှာ။ ခုတော့ မခံချိမခံသာဖြစ်ချင်စရာကြီး။

"နေဦး သီဟ… ငါ ဒီဆိုင်မှာ ပစ္စည်းတွေဝယ်စရာရှိတယ်"

ရုတ်တရက်ကြီး သွားနေရာက ဆိုင်တစ်ဆိုင်ထဲ ဖျတ်ခနဲ ဆွဲခေါ်သွားတာ ခံလိုက်ရသည်။

"ဘာဖြစ်ရပြန်တာလဲ ချက်ချင်းကြီး"

ကျော်စွာက ရယ်၏။

"မင်းအိမ်လိုက်အိပ်ဖို့ ငါ သွားပွတ်တံတစ်ချောင်း၊ မျက်နှာသုတ်ပဝါအသေးတစ်ထည်၊ ဝတ်စရာ အင်္ကျီတစ်ထည်လောက်လည်း ဝယ်ရင်း ဟိုကောင်မလေးပါလာ မလာလည်း အကဲခတ်ရင်း…"

သီဟ ဘာမှပြောမနေတော့။ သူ့သဘောအတိုင်း ပစ္စည်းတွေ လိုက်ဝယ်ပေးလိုက်သည်။ ဒီကောင်က သူ့ဘာသာသူသာ ဖြစ်သလိုနေတာ။ ပစ္စည်းပစ္စယတော့ စည်းကမ်းကောင်းသည်။ သီဟတို့ ဝယ်ခြမ်းပြီး ထွက်လာတော့ ဆိုင်ရှေ့က ကားပါကင်မှာရပ်ထားသည့် ကားတစ်စင်းကို





မှီကာ သူတို့ကို ခပ်တည်တည်စူးစူးလေးကြည့်နေသည့် ကောင်မလေးကို တွေ့လိုက်ရသည်။ ရင်ခုန်ရတာမျိုးမဟုတ်ဘဲ ကျောထဲ စိမ့်ခနဲဖြစ်သွားရသည့်အတွက် သိပ်တော့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင်။

"ဒီလိုလုပ်ပါလား သီဟ"

"ဘာလဲ…"

"မင်းတစ်ယောက်တည်း စိတ်ထဲမှာအားငယ်လာရင်…"

ကျော်စွာ့စကားက မဆုံး။

"ဘာကိစ္စ အားငယ်ရမှာလဲ"

"ဩော်… အားငယ်လာရင် ပြောပါတယ်၊ ငယ်မယ်လို့လည်း မပြောရသေးပါလား၊ အားငယ်လာရင် ငါ့ကိုခေါ်လိုက်၊ ငါ မင်းနဲ့အတူ သူငယ်ချင်းကောင်းတစ်ယောက်အဖြစ် ရပ်တည်ပေးမယ်လို့ ပြောမလို့ပါ"

"ခွီးထဲမှပဲ…"

ဘာပြောရမှန်းမသိသည့်အတွက်သာ ထိုသို့ ရေရွတ်လိုက်ရသော်လည်း ကျော်စွာပြောနေသောစကားက ဖယ်ချန်မေ့ထားလို့ရသော စကားမျိုးဟုတော့ တပ်အပ်မပြောနိုင်ပြန်။

"နက္ခတ်တွေပြောင်းကုန်တာ ငါ့တစ်ယောက်တည်းနဲ့ပဲ ဆိုင်သလားကွာ"

သိပ်သီဟ တစ်ကိုယ်တည်း စိတ်ထဲမှ ညည်းတွားနေမိတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



# 'D'

ဒီနေ့မနက် အိမ်ကထွက်ကတည်းက အိမ်ရှေ့မှာ ခပ်တည်တည်နှင့် တစောင်းလေးလာရပ်ထားသော Sport Car အပြာလေးကို တွေ့လိုက်ရသည်။ ဖေဖေပါနေသဖြင့် အသံမထွက်ရဲသော မုန်းက မျက်လုံးနှင့် မျက်စပစ်ပြ၏။

"ဒါ သူ မနေ့ကပြောတဲ့ကားပေါ့' ဆိုတဲ့ အဓိပ္ပာယ်။

ဒီနှစ်ကောင်လုံး သတိပြုမိမှ ဖေဖေက သတိမပြုမိဘဲ နေမတဲ့လား။

"ဒီကားက ဘာလုပ်တာလဲ"

ပြောလည်းပြော ကားကိုလည်း ထိုကားနှင့် ဘေးချင်းယှဉ်သွားအောင် မောင်းသွားလိုက်သည်။ ကားလေးက မှန်တွေချထားသည်။ ကားပေါ်မှာက ဆံပင်ရှေ့ညိုရောင်ခွေခွေလေးတွေနှင့် အတော်ချောသော သကောင့်သားလေးကို တွေ့လိုက်ရ၏။ သူထင်ထားသလို မုန်း၏ရည်းစား မဟုတ်





သဖြင့် နည်းနည်းတော့ စိတ်သက်သာရာ ရသွားပုံပေါ်သည်။ တစ်ဖက်မှ ကောင်လေးက မျက်လုံးကို စုံမှိတ်ပြီး သီချင်းနားထောင်နေပုံရသည်။ နားမှာ နားကြပ်ကလေးတပ်ထားတာ တွေ့သည်။ မျက်လုံးပင် ဖွင့်မကြည့်။ ကော့ညွှတ်နေသော အညိုရောင်မျက်တောင်များက မနာလိုချင်စရာ။ သိင်္ဂါတို့မိန်းကလေးနှစ်ယောက်တောင် သူ့မျက်တောင်လောက် မရှည်။ Mascara တွေ ဘာတွေတင်လိုက်မှသာ သူ့လောက်အနေအထား ရနိုင်ရုံရှိမည်။

မွေးသဖခင်လည်း ဘာမှမဖြစ်သလို ကားကိုသာ ဆက်မောင်းထွက်လာရသည်။ သိပ်တော့ အစာကြေပုံမပေါ်။ တစ်စက်လေးမှ မျက်လုံးဖွင့်ကြည့်ဖော်မရသော ကောင်လေးကိုလား၊ ကားပေါ်က သမီးနှင့် တူမကိုလားလည်း သူ့ဟာသူ 'သိပုံမပေါ်။

မုန်းနှင့် သိင်္ဂါလည်း အသံပင်မထွက်ရဲ။

"ဟော..."

သိင်္ဂါ မျက်လုံးပြူးပြီး ပါးစပ်မှ အသံမထွက်သွားအောင် မနည်းထိန်းလိုက်ရသည်။ Sport Car အပြာလေးက ဘေးချင်းယှဉ်ရက် ပါလာသောကြောင့်ဖြစ်သည်။

Armani တံဆိပ်ပါသော နေကာမျက်မှန်တစ်လက်ကို တပ်ထားသဖြင့် စောစောက အညိုရောင်မျက်ဝန်းလှလှများကို မမြင်ရတော့။ သို့သော် သူ့ပုံစံက ကြည့်ကောင်းရုံမျှမကတာတော့ ဝန်ခံရပေလိမ့်မည်။ ပထမတော့ ဖေဖေက မတွေ့။ နောက်မှ...

"ဟာ... ဒီ... ဒီကား..."

သူ ဘယ်သူ့ကိုပြောတာမှန်း မသိ၍ သိင်္ဂါတို့ကလည်း 'ဟုတ်တယ်' ဟု ဘယ်သူကမှ မထောက်ခံရဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ပါလာတာလဲ... ဟိတ်..."

"ရှင်..."

ကားပေါ်မှာ ခွေးတွေ ကြောင်တွေ တင်လေ့မရှိတာမို့ ဒီ 'ဟိတ်' ဟာ သူတို့နှင့်သာ လုံးဝကြီးသက်ဆိုင်ကြောင်း သူတို့ သိလိုက်တာမို့ ကပျာကယာ 'ရှင်' လိုက်ကြရသည်။

"အဲဒါ ဘယ်ကကောင်လဲ..."

"ဘယ်သူလဲဟင်"

သိင်္ဂါက မအူမလည်ဟန်နှင့် ပြန်မေး၏။

"ဟိုဘက်ကားက ကောင်... ခုနက ခြံရှေ့မှာ ရပ်ထားတဲ့ကား"

"သမီးမသိဘူး ဖေဖေ"

"မုန်းလည်း မသိဘူး"

"မသိရင် ဘာလို့ လိုက်လာတာလဲ"

"ဘယ်ကိုလိုက်လာတာလဲ ဖေဖေ... ဖေ့ရုံးကိုလား..."

သိင်္ဂါ့ထံမှ မအူမလည် ထပ်ဆင့်စကားကြောင့် ဖေဖေ စိတ်တို သွားပုံရသည်။

"ငါ့ကို မအူမလည်တွေ လာလုပ်မနေနဲ့... ပြော... ဒါ မုန်းရည်းစား ဆီက အကောင်လား... သိင်္ဂါ့အကောင်လား..."

"သမီးရည်းစားက သူမဟုတ်ဘူး ဖေဖေ... ဟီဟိ"

သိင်္ဂါ တမင် ထိုသို့ ဉပါဒ်လွှတ်ဖြေလိုက်တော့ မုန်းကလည်း မခေ။

"သူကသာ သမီးနောက်လိုက်တာဆိုရင် သမီး ဟိုတစ်ယောက်ကို ထားခဲ့မိမယ် ထင်တာပါပဲ..."

ဖေဖေ့ဒေါသက သူတို့ဘက် လှည့်လာချိန်မှာပဲ ရုံးရှေ့ရောက်သွား





သဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကပျာကယာခုန်ဆင်း လိုက်ကြရသည်။

"ဟူး... တော်ပါသေးရဲ့"

ဖေဖေ့မျက်ကွယ်လည်းရောက်ရော မုန်းနှင့် သိင်္ဂါ လက်ဝါးချင်း ရိုက်လိုက်မိကြသည်။ ဖေဖေများမြင်လို့က ရင်ကျိုးရှာမည်။ မွေးရကျိုး မနပ်သောသမီးနှင့် ကျွေးမွေးစောင့်ရှောက်ထာရကျိုးမနပ်သော တူမဟု ဆိုရပေလိမ့်မည်။

"ဟဲ့..."

"ဘာလဲ... မုန်း"

"ကောင်လေးက အတော်တော့မိုက်တာနော်"

"အင်း... ဟုတ်တယ်"

ဒီတစ်ခါတော့ သိင်္ဂါ ထောက်ခံလို့ ရသွားပြီမို့ ထောက်ခံလိုက် သည်။ ဒီလောက် ခပ်မိမိ ခပ်မိုက်မိုက် အပျံစားကောင်လေးက ဘာလို့များ သိပ်လုနေတာလည်း မဟုတ်သည့် သိင်္ဂါတို့နောက်ကို လိုက်နေရတာတဲ့ တုန်း။ စဉ်းစားစရာပင်။ သူ့ပုံစံနှင့်ဆို တကယ့်ကို လှတပတ လန်းလန်း ဆန်းဆန်းလေးတွေ ရနိုင်လျက်သားနှင့်။

ဒီလိုသာ နေ့စဉ်ရက်ဆက်လိုက်နေလျှင် ဖေဖေနှင့်က ပြဿနာ တက်ကြဖို့ များသည်။

"သူ စိတ်ရောနဲ့ရဲ့လား မသိဘူးနော်..."

သိင်္ဂါက ထိုသို့ရေရွတ်တော့ မုန်းက အလန့်တကြားနှင့်...။

"ဟင်... ဘာလို့လဲ..."

"ငါတို့နှစ်ယောက်ထဲက ဘယ်သူ့ကိုများ ကြိုက်လို့ပါလိမ့်... ကြိုက်စရာရှားလို့..."



www.burmeseclassic.com

www.burmeseclassic.com



မုန်းက ဒီလိုကျ သဘောပေါက်သွားပြီး ရယ်မိလေတော့သည်။

"အင်းလေ... ခုလို ရုံးဝတ်စုံနဲ့ဆို ပိုဆိုးသေး"

ဟုတ်တော့ဟုတ်သည်။ ရုံးဝတ်စုံကလည်း ကြည့်ဦး။ နက်ပြာရောင်ပေါ်တွင် ဖက်ဖူးစိမ်းအောက်နားလိုင်းများပါသော ချည်ထည်ဝတ်စုံ ဖြစ်သည်။ မေမေ့အမိန့်အရ ဆံထုံးကိုလည်း ရှိစုမဲ့စု စုစည်းကာ ထုံးထားရသေးတာမို့ ကြော့ရှင်းနေသည်ဟု ဆိုနိုင်သော်လည်း ခပ်တုံးတုံးပုံပေါက်တာကိုတော့ ငြင်းလို့မရ။

"အပြန်လည်း အဲလိုပဲလားဟင် မုန်း..."

"မနေ့ကတော့ အပြန်မတွေ့ပါဘူး"

"ဟူး... တော်ပါသေးရဲ့... မနက်ဖြန်လည်း ရုံးပိတ်လို့... မဟုတ်ရင်တော့ ဖေဖေနဲ့ပဲ အရင်ပြဿနာတက်မှာ..."

"အေးလေ..."

သူတို့ စကားစပြတ်သွားကြသော်လည်း အာရုံတွေက ထိုပြဿနာဆီသာ ဦးတည်နေဆဲ။ အနည်းဆုံးတော့ ဒီလူ ဘယ်သူ့နောက်ကို ဘာအတွက် လိုက်တာလဲဟုတော့ သိချင်သေးသည် မဟုတ်ပါလား။

ညနေကျတော့ တကယ်ပင် ကားပြာလေးကို မတွေ့ရ။ စိတ်အေးလက်အေး အိမ်ပြန်ခဲ့နိုင်သည်။

"ဒီကိစ္စကို သီဟကို ပြောပြရင် ကောင်းမလား"

"ဘာလို့ ပြောဦးမှာလဲ"

"ဘာမုန်းမသိသေးလို့လား"

"အဲဒါလည်း ပါတာပေါ့... ပြီးတော့ အဓိကက နင်ပဲလေ၊ ဟိုဘက်က မနှောင့်ယှက်သရွေ့ နင် သီဟကို အကူအညီတောင်းစရာ





မလိုဘူးပေါ့၊ ပြီးတော့ သူသိသွားရင် အလကားပူနေမယ်၊ နင့်ကို တိုင်နေလိမ့်မယ်၊ အဲဒီအခါကျမှ နင် နေရခက်မှာ"

"ဒါလည်း ဟုတ်တာပဲ... ဒါပေမယ့်..."

"ဘာဒါပေမယ့်လဲ... သိင်္ဂါ"

"ထိမ်ချန်ထားသလို ဖြစ်နေမှာစိုးလို့..."

မုန်းက ရယ်၏။

"ဘာလဲ... နင်တို့က အဲလိုကတိ ထားထားလို့လား"

"အဲလိုတော့ မဟုတ်ပါဘူး"

"ဟုတ်တော့ရော... နင်ကတော့ အကုန်အသိပေးပါပြီတဲ့... သူကရော နင့်ကို အကုန်အသိပေးမှာပါလို့ နင် အာမခံနိုင်လို့လား"

"ခံနိုင်တယ်"

သိင်္ဂါက မျက်နှာလေးချီပြီးပြောတော့ မုန်းက ရယ်သည်။

"နင်က စိတ်ကူးအတော်ယဉ်သေးတာပဲ"

ဒီလိုကျပြန်တော့လည်း သိင်္ဂါက လက်မခံချင်ပြန်ပါ။ သိင်္ဂါကိုယ်တိုင်ကလည်း လက်တွေ့ကျသူဟု သူမကိုယ်သူမ ထင်သည်။

"အံမယ် အဲလိုတော့ မဟုတ်ပါဘူး"

"ထားပါ... စဉ်းစားဖို့အချိန်ရော... စောင့်ကြည့်ဆုံးဖြတ်ဖို့ အချိန်ရော လိုပါသေးတယ် မလောပါနဲ့ဦး..."

"အင်းပါ... ဒါပေမယ့်..."

"ငါသိပါတယ်... ငါ ဟိုဖက်ခန်းမှာ TV သွားကြည့်တော့မယ်၊ နင့်ဘာသာ ဖုန်းပဲပြောပြော... Message ပဲ ပို့ပို့... စိတ်မပူစားဘူး သွားပြီ..."



www.burmeseclassic.com

www.burmeseclassic.com



မုန်းက ပြောပြောဆိုဆို ထထွက်သွားသဖြင့် သိင်္ဂါတစ်ယောက်တည်းကျန်ခဲ့တော့သည်။ သီဟထံမှ Message လေးကဖြင့် ရောက်နေတာကြာလှပြီ။ မုန်း စကားကမပြတ်တာနှင့် မဖတ်ရ။ ခုမှ ဖတ်ရတော့မည်။

"အိုး..."

'Call me asap, I'm missing you' တဲ့...။

သိင်္ဂါ့လက်ချောင်းကလေးများ ဂဏန်းတစ်ချို့ကို ကပျာကယာနှိပ်မိပြီးသား ဖြစ်သွားရတော့သည်။

◆





## 'E'

စနေနေ့ဆိုတော့ ကျော်စွာ့အလုပ်က ပိတ်သည်။ သိဟ်သီဟကတော့ နေ့ဝက်သွားရဦးမည်။

"မင်း ဘာလုပ်မလဲ"

"စောင့်နေမယ်လေ"

"အင်းလေ ဘယ်မှာစောင့်မလဲ မေးတာ"

"အင်း... မင်းအလုပ်နဲ့အနီးဆုံး... ကောင်မလေးလှလှလေးတွေအများဆုံးလာတဲ့ Shopping Centre ကို စဉ်းစားလိုက်မယ်"

"ကျွတ်..."

သိဟ်သီဟက စိတ်ပျက်သလိုလုပ်ပြတော့ ကျော်စွာက ရယ်သည်။

"ငါတို့ကိုတော့ Chase လုပ်မယ့်သူ မရှိဘူးလေ... မင်းမှာက Chase လုပ်မယ့်သူ ရှိတယ်၊ ဒီတော့ ငါကပဲ Chase လုပ်ဖို့ ကြိုးစားရတော့မှာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



“တော်ပါ ကျော်စွာရာ...”

“အေး... အဲဒီကောင်မလေး မနေ့ညနေက ကားငှားပြန်သွားတာ တွေ့တယ်မဟုတ်လား...”

“တွေ့သားပဲ”

“ဒီမနက်ကော... မင်းအိမ်ရှေ့မှာ အခန့်သားကြီးရောက်မနေဘူးလို့ ပြောနိုင်လား”

“ပြောနိုင်မယ်ထင်တာပဲ... သူ့ကို ညနေမှသာ တွေ့တာ”

“ဒီနေ့ မင်းက နေ့ဝက်လေ... ဒါကော သိမှာလား...”

“အာ... ဘယ်သိမလဲ... သူသိမသိ ငါက သိရမှာလား”

“ဥပမာမေးတာပါ တစ်ခုတော့ရှိတယ်”

“ဘာလဲ...”

“မင်းအလုပ်မှာ တအား argent ဖြစ်နေတဲ့ကိစ္စတွေ မရှိဘူး၊ မင်းမဆုံးဖြတ်ရင် ကမ္ဘာကြီးပျက်စီးသွားမယ့်ကိစ္စတွေ မရှိဘူးဆိုရင် မင်းဒီနေ့ အလုပ်က ခွင့်ယူလိုက်...”

“အာ...”

“ဒါ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ...”

တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့နေရာမှာ နောက်တစ်ချက်ပြတ်မှာကို စိတ်ဝင်စားသွားမိသည့် သိဟ်သီဟတစ်ယောက် ဖုန်းကို ကောက်ကိုင်လိုက်သည်။ ပြီး အလုပ်ကို ဖုန်းဆက်သည်။ သီဟတို့အလုပ်က လူငယ်တွေနဲ့ချည်း ဖွဲ့စည်းထားတာမို့ရော အလုပ်ရှိပြီဆို နေ့ညမရွေး အပြီးသတ်တတ်တာရောကြောင့် ဒီနေ့တစ်နေ့ သီဟမလာတာလောက်က သိပ်ကိစ္စမရှိနိုင်။ လိုအပ်လျှင် ဆက်ခေါ်ဖို့ Mobile နံပါတ်ပါ ပေးထားလိုက်သည်။





“ကဲ အိုကေပြီ...”

“ဒါဆို ဒီနေ့ ငါတို့ ဘာလုပ်ကြမလဲ”

“ငါက ဟိုကောင်ကြီး လတ်ဖော်ဆိုင်ကို သွားမယ်”

“ဒဂုံစင်တာမှာပေါ့”

“အင်း အင်္ကျီတစ်ထည်ဝယ်မယ်၊ ပြီးတော့ သိင်္ဂါ့အတွက်လည်း တစ်ခုခုဝယ်ချင်လို့...”

“သိင်္ဂါက မင်းကို ပြန်ကြိုက်ရှာတယ်နော်”

ပြောပုံကိုက မင်းကို ပြန်ကြိုက်ရရှာတယ် သနားစရာ ဆိုတဲ့ လေသံမျိုး။ မသိချင်ယောင်ဆောင်ထားလိုက်ပြန်ရင်လည်း ငုံ့ခံရာကျဦးမည်။

“မင်းဟာက ဘာလဲ...”

“သြော်... ကောင်မလေးကြည့်ရတာ မအူမလည်နဲ့မို့ပါ”

“သြော်... မအူမလည်မို့ ငါလိုကောင်ကို ကြိုက်တယ်လို့ ဆိုလိုချင်တာလား”

“မင်းက အရမ်းကွက်ကျော်တွေ မြင်နေတယ်၊ ငါ အဲလောက်ထိ မဆိုလိုပါဘူး...”

ပြောပြီး သူ့ဘာသာသူ သဘောကျသလို ရယ်နေသည်။ သိင်္ဂါကရော...သူ့သူငယ်ချင်းအရင်းကြီးပဲ။ သူ ပိုသိမှာပေါ့...။

“ဒါနဲ့ ဒီနေ့ သူတို့ရုံးပိတ်တယ် မဟုတ်လား”

“အင်း...”

“ချိန်းလိုက်ပါလား”

“ချိန်းမှာ... လာနိုင် မလာနိုင်ဘဲ မသိမှာ၊ message ပို့ထားလိုက်ပြီ”



www.burmeseclassic.com

www.burmeseclassic.com



'ဒါမျိုးကျ လျှင်တယ်' ဟူသော အကြည့်နှင့် ကျော်စွာက ကြည့်သည်။

ထွက်ထွက်ချင်း အပြင်မှာ breakfast အရင်စားကြသည်။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားထိုင်ပြောနေလိုက်ကြသည်မှာ လတ်ဖော် ဆိုင်ဖွင့်လောက်ပြီဆိုသည့်အချိန်ကျမှ ထတော့သည်။

"လာ... သွားစို့"

နှစ်ယောက်သား ပိုက်ဆံရှင်းပြီးထအထွက် သီဟက လူတစ်ယောက်နှင့် သွားတိုက်မိသည်။

"ဟော... ဆောရီးနော်"

"........"

ဘာမှပြန်မပြော။ တစ်ဖက်ပုဂ္ဂိုလ်က တစ်ချက်သာကြည့်ပြီး ဆက်ထွက်သွားသည်။ မျက်မှန်အနက်ကြီးတပ်ထား၍ လူကို သေချာမမှန်းနိုင်သော်လည်း ထိုသူသည် အတော်လေးတော့ ချောကာ မာန်မာနကြီးပုံရသည်။ နားတွင် bluetooth တစ်ခုတပ်ထားပြီး ဂျင်းရှပ် မြင်းချေးရောင်ကို ဝတ်ဆင်ထားသည်။

ကျော်စွာကတော့ သူတို့ကို အဖက်မတန်သလိုလုပ်ကာ ထွက်သွားသောပုဂ္ဂိုလ်ကို ကြည့်ကာ မကျေမနပ်ရေရွတ်သည်။

"အလကား ဘဝင်ကောင် မင်းသိလား သီဟ"

"ဘာလဲ"

"ဘဝင်မြင့်တယ်ဆိုတာ Gentlemen တွေရဲ့အလုပ် မဟုတ်ဘူး၊ ခပ်ညံ့ညံ့မိန်းမတစ်ချို့နဲ့ IQ နိမ့်တဲ့ကောင်တွေလောက်ပဲ ဒီရောဂါရှိတာ"

ဘုရား... ဘုရား...။





သူ့စကားသာ ကြားလိုက်ရတော့ ဘယ်ကောင်မှ ဘဝင်မြင့်ချင်ကြတော့မှာမဟုတ်တာ သေချာသည်။ တကယ်တော့လည်း သူ့စကားကမှန်သလိုပင်...။ အလကားနေ အလကား တစ်စုံတစ်ရာကြောင့် ဘဝင်မြင့်နေသူများသည် ဘာကိုမှ မျှတသင့်တင့်စွာ တွေးခေါ်စဉ်းစားနိုင်ကြသူများ ဟုတ်လိမ့်မည် မဟုတ်တာတော့ သေချာသည်လေ။

သူတို့၏ပြဿနာက ဒဂုံစင်တာကို ရောက်ပြီး နာရီဝက်လောက်အကြာမှာ စတင်သည်။ လတ်ဖော် ဆိုင့်မှာထိုင်ရင်း ထွေရာအပါးငါးဆယ်ခန့်ပြောအပြီးလောက်မှာပေါ့...။

"သိင်္ဂါနဲ့ သူ့အစ်မမုန်း ထွက်လာဖို့ ကြိုးစားနေကြတယ်တဲ့..."

"ဟုတ်လား ဒီပဲလာမှာလား"

"အင်း... ငါ လတ်ဖော်ဆိုင်လို့ ပြောထား..."

သီဟစကားက မဆုံးလိုက်။ မျက်လုံးအဝိုင်းသားနှင့် စကားလုံးများကရပ်တန့်သွားရသည်။ တစ္ဆေသရဲတွေ့သလို ဖြစ်သွားသော သီဟ၏အကြည့်ရှိရာ လိုက်ရွေ့သွားကြတော့...

"ဟော..."

ဒါက ကျော်စွာ့အာမေဋိတ်...

"ဘာလဲဟ..."

ဒါက လတ်ဖော်ရဲ့ နားမလည်သံ။

လတ်ဖော်တို့ဆိုင်က တကယ့်ထောင့်ချိုးလေးမှာ။ ဒါတောင် ကြုံကြုံဖန်ဖန်ကြီး လာတွေ့တာကတော့ တရားလွန်သည်ဟု သီဟ်သီဟက ထင်သည်။ ပြီးတော့ ခါတိုင်းနေ့ စိတ်ရှုပ်ရတာက ကိစ္စမရှိ။ ဒီနေ့က တမင်သက်သက် အလုပ်တောင်ဖျက်ထားပြီး သိင်္ဂါနှင့်လည်း ချိန်းထားသေးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင်လား... အနံ့ခံကောင်းတာလား မသိဘူး"

ကျော်စွာက ခေါင်းခါကာ ရေရွတ်၏။

"ဘာတွေလဲဟာ..."

ကျော်စွာက လတ်ဖော်ကို ရှင်းပြ၏။ သီဟမှာတော့ အူကြောင်ကြောင်နှင့် ဆိုင်အတွင်းဖက် အကွယ်**နေရာကို** ရှက်ရွံ့တတ်သော မိန်းကလေးတစ်ယောက်လို နေရာရွှေ့လိုက်ရသဖြင့် **ကိုယ့်ကို**ယ်ကိုယ် စိတ်အထာမကျချင်တော့။

"မလာသေးဘူးလား"ဟူသော **message** ကို သိင်္ဂါ့ထံ လှမ်းအပို့ သိင်္ဂါ့ထံမှ ချက်ချင်း ဖုန်းပြန်ဝင်လာသည်။ ဒဂုံစင်တာရှေ့ရောက်ပြီ... လာခေါ်တဲ့...။ ဖောင်းကလွှတ်သော မြင်းကမှ ညင်သာဦးမည်ထင်သည်။ သိဟ်သီဟတစ်ယောက် ခုန်ထပြီး ထွက်သွားတာက ဝရန်းသုန်းကားနိုင်လွန်းသည်။ ကူကယ်သူမဲ့နေသော ရေနစ်သူတစ်ယောက် မျောလာသော သစ်ချောင်းလေးကို မြင်လိုက်ရပုံမျိုးနှင့်...။

"ဒီကောင် ဘာဖြစ်သွားတာလဲ..."

"သိဘူးလေ..."

လတ်ဖော်နှင့် ကျော်စွာ တစ်ယောက်ကို တစ်ယောက်ကြည့် ခေါင်းခါရင်း ကျန်ရစ်ခဲ့ကြသည်။ ထွက်ထွက်လာချင်းမှာ မျက်ဝန်းထောင့်စွန်းဆီမှ ဟိုင်တီမလေးကို လှမ်းတွေ့လိုက်သေးသော်လည်း 'တွေ့ကြသေးတာပေါ့' ဟူသာ စိတ်ထဲက ကြိမ်းဝါးရင်း သိင်္ဂါ့ဆီ ပြေးဆင်းသွားလိုက်သည်။

"သိင်္ဂါ..."

"ဟော... သီဟ"





"အမလေး... စောင့်လိုက်ရတာ"

"အမလေး... မနည်းထွက်လာရတာ"

တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်ကြရသေးသည်။ မုန်းကတော့ ဘေးကနေ ပျော်လို့...။

"ဘာလာဝယ်တာလဲဟင်"

"လတ်ဖော်ဆီမှာ အကျီလာဝယ်တာ၊ လာလေ... လိုက်ခဲ့ဦး... ကျော်စွာလည်း ရှိတယ်"

"ဟုတ်လား... လာ ဒါဆို အဲဒီ အရင်သွားကြမယ်နော်"

မုန်းနှင့် သိင်္ဂါ့ကို လတ်ဖော်ဆိုင်ရှိရာ အရင်ခေါ်သွားလိုက်တာ သိဟ်သီဟ၏အကြံ...။ သိင်္ဂါ့လက်ကို လိုတာထက် ပိုဆွဲကိုင်ထားရင်း ဒင်းကလေးရှေ့က ဖြတ်လျှောက်ပြချင်သေးသည်လေ။

သို့သော်...

ကံတရားက သိဟ်သီဟဘက်မှာ မရှိပါ။ လတ်ဖော်ဆိုင်ရှေ့ ထောင့်ချိုး စောစောက ကောင်မလေးရပ်နေသောနေရာတွင် ဘယ်သူ့မှ မတွေ့ရတော့။ တစ်နည်းအားဖြင့်တော့ စိတ်ပေါ့သွားရသည်ပင်။

◆



www.burmeseclassic.com

www.burmeseclassic.com



'F'

ပစ္စည်းပစ္စယအထုပ်တွေကို သယ်ပြီး အိမ်ကို ဖုန်းဆက်တော့ ကား မအား၍ လာမကြိုနိုင်တဲ့...။ Taxi ငှား ပြန်လာခဲ့ပါတဲ့။

"ဘာတဲ့လဲ... သိင်္ဂါ"

"ကားငှားပြန်ခဲ့တဲ့"

"ဟင်... ဒါမျိုးကျ စိတ်ချလား"

မုန်းက ရယ်ကျဲကျဲနှင့် ဆို၏။

"ကားငှားဆိုတာတော့ ငါငှားပေးလို့ရတယ်၊ ငါလိုက်လို့ကော ရလား..."

သီဟကလည်း ထိုသို့ အချိန်ကို ဆွဲဆန့်ရန် ကြိုးစားလာတော့ သိင်္ဂါမှာ အခက်တွေ့ရပြန်သည်။ Taxi နှင့် အိမ်ရှေ့အရောက် ကားငှား သွားတာက ဟုတ်ပါပြီ။ အိမ်ရှေ့ထွက်စောင့်နေမှဖြင့် ဒုက္ခနှင့် လှလှကြီး တွေ့တော့မည်။





"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ"

"တော်ကြာ အိမ်ရှေ့မှာ အချိန်ကိုက်ကြီး ထွက်စောင့်နေမှ..."

မုန်းကလည်း စိုးရိမ်စွာပြော၏။

"အိုး... ထွက်မစောင့်ဘဲ အထဲကလည်း လှမ်းမြင်နိုင်တာပဲ၊ နဂိုကမှ အသက်ရှုရကြပ်ရတဲ့ထဲ ခုလိုပါ ထွက်မရရင် ဒုက္ခ... သိင်္ဂါ"

"အင်း... ဒါတော့ ဟုတ်ပါတယ်"

"ဒါဆို..."

"ဒါဆို ငါ နေခဲ့ပါတော့မယ်"

ပြောပြောဆိုဆို သီဟက ကားငှားကာ ကားပေါ်တင်ပေး လက်ပြပြီး ထွက်သွားတော့သည်။

ပြီးသွားပြန်ပေါ့... တစ်နေ့တာ...။

သိင်္ဂါ့အတွက်သာ ပြီးတာ။ မုန်းအတွက်က မပြီးသေး။ တစ်နေကုန် သိင်္ဂါ့ဖုန်းနှင့် ဖုန်းပြောနေကြတာ။ Phone bill ထွက်လာလျှင်တော့... သေချာသည်။ ကိုယ့်ဘာသာကိုယ် လက်ဦးမှုယူပြီး ကိုယ့်ပိုက်ဆံနှင့် ကိုယ်ဆောင်ထားမှ ဖြစ်လိမ့်မည်။ မဟုတ်လျှင် အမှုက ရှည်နိုင်သည်။

"မုန်း"

"ဘာလဲ"

"တော်တော့... တော်ကြာ မွေးသဖခင်က Taxi ငှားရအဆင်ပြေလား၊ ရောက်တော့မလားနဲ့ လှမ်းမေးနေတာ ခေါ်မရဘူးဆိုရင် ဒုက္ခနော်..."

ထိုအခါမှ မုန်း တစ်ဖက်ကိုနှုတ်ဆက်ကာ ဖုန်းချတော့၏။

ထင်သည့်အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှ ဖုန်းဝင်လာ၏။

"ရောက်တော့မလား..."

"ဟုတ်..."

တော်သေးသည်။ ဒီလောက်နှင့် ပြီးသွားပေလို့။ ရင်ဘတ်ဖိနေဆဲ...

"ဟဲ့ဟဲ့... ဟိုမှာ..."

မုန်း အလန့်တကြားညွှန်ရာ ကြည့်မိတော့...

"ဟောတော့..."

ပြိုင်ကားအပြာလေး။ သူတို့လမ်းထိပ်တွင် ထိုးရပ်ထားသည်။ ပုဂ္ဂိုလ်က ကားပေါ်မှာ။ သူတို့ Taxi ဝင်လာတော့ သတိပြုမိပုံရသည်။ နောက်ကနေ တစ်ဘီးချင်းလိုမ့်ကာ လိုက်လာ၏။

"အင်း... ဒုက္ခပါပဲ"

သိင်္ဂါက ခပ်ညည်းညည်းရေရွတ်မိ၏။

သူတို့ ကားပေါ်ကဆင်းတော့ အိမ်ထဲက ဘယ်သူမှ ထွက်လာမကြို့တာကို ကျေးဇူးတင်ရသေးသည်။ သိင်္ဂါတို့ အိမ်ထဲဝင်သွားသည့်တိုင် ကားလေးက ပြန်ထွက်မသွား။ ခြံရှေ့ မလှမ်းမကမ်းမှာ ထိုးရပ်ထားတာကို တွေ့ရတာမို့ တစ်ယောက်မှ ခေါင်းပင် မပြူရဲတော့။

"ပြဿနာက ကိုယ့်ဟာကိုယ်ရှုပ်ရတဲ့အထဲ သူက တမျောင့်"

"အင်းလေ"

"ဖေဖေမြင်သွားပြီး ပြဿနာရှာရင် ပိုရှုပ်ကုန်မှာ"

"ငါ့အတွက်ကော နင့်အတွက်ရော သိပ်အလားအလာကောင်းမှာ မဟုတ်ဘူး"

"ဟိုနေ့ကလို ပေါက်ကရလေးဆယ်တွေလည်း လျှောက်ပြောလို့ ရမှာ မဟုတ်ဘူးနော်"





ပြောပြီး ရယ်မိကြသေးသည်။

"အဲဒီလူက အတော်တော့ မိုက်တာနော်..."

မုန်းက လမ်းဘက်ကို ကန့်လန့်ကာလေးတစ်ချက် အသာမချောင်း ဟန်ပြုပြီးမှ ပြောသည်။

"အင်း... ဒါပေမဲ့ မိုက်တာရယ် ချောတာရယ် ကြိုက်တာရယ် ချစ်တာရယ်က တခြားစီပဲ..."

"ဒါတော့ ဟုတ်တယ်နော်"

သိင်္ဂါ့စကားကို မုန်းက တက်ကြွစွာထောက်ခံ၏။ ပြီးမှ စူးစမ်းသလို ဆက်မေးသည်။

"နင်နဲ့ သီဟနဲ့က သူငယ်ချင်းတွေဆို"

"အင်းလေ..."

"ဒါဆို ဒီနေ့တွေ့တဲ့ ကျော်စွာတို့ လတ်ဇော်တို့ကရော နင့်သူငယ်ချင်းချည်းပဲလား"

"ဒါပေါ့..."

"နင်တို့အုပ်စုမှာ မိန်းကလေးက နင်ပဲ ရှိတာလား... အကုန်ကောင်လေးတွေချည်းပဲလား"

"ခုဆိုရင်တော့ ငါတစ်ယောက်တည်းပေါ့... အရင်ကတော့ နှစ်ယောက်"

"ဟုတ်လား သူက ခု..."

"သူက စင်ကာပူမှာ အလုပ်လုပ်ရင်း ကျောင်းသွားတက်နေတယ်"

"နာမည်က..."

"ယုသဏ္ဍာ... တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စုစုပေါင်း ငါးယောက်ပေါ့..."

"ဟင့်အင်း... ခြောက်ယောက်... နောက်ကောင်လေးတစ်ယောက် ရှိသေးတယ်၊ ရဲမွန်... တဲ့... သူကလည်း စင်ကာပူမှာပဲ ယုနဲ့အတူတူ... သူတို့နှစ်ယောက်လည်း ငါနဲ့ သီဟာလိုပဲ"

"ဩော်... ဒီလိုလား"

"ဒီလို..."

"သူတို့က ဟိုမှာ အပြီးတော့မနေဘူး မဟုတ်လား"

"မနေပါဘူး... သူတို့ ခုတက်နေတဲ့ဘွဲ့ပြီးရင် ပြန်လာပြီး ယူကြဦးမှာ၊ ပြီးမှ ပြန်သွားရင် သွားမယ် ထင်တာပဲ..."

"နှင်နဲ့ သီဟာကရော ဘယ်တော့ယူမှာလဲ"

"သိဘူးလေ... ဖေဖေပေးစားမယ့်အချိန်ပေါ့..."

မှန်းက မျက်စောင်းချိတ်ရင်း ရယ်၏။

"နှင့်အဖေက... နှင့်ကို... နှင်က ဖွင့်မပြောဘဲ သမီးလေး... သီဟာနဲ့ ကြိုက်နေလား... ယူတော့မလားဟင်... ယူတော့လေ... ဖေဖေ ပေးစားပါ့မယ်လို့ ပြောမလား..."

"ဟားဟားဟား..."

ပြောပြီး သူ့ဘာသာသူလည်း သဘောကျစွာထရယ်သလို သိင်္ဂါ လည်း ရယ်မိသဖြင့် ရယ်သံတွေက တော်တော်ကျယ်သွားသည်။

"ဟိုနှစ်ယောက်... ဒါလား မိန်းကလေးရယ်သံ..."

ဖေဖေ့အသံကြီး အပြင်က ဟိန်းထွက်လာသဖြင့် အသံတိတ်လိုက် ကြရသည်။

"မိန်းကလေးဆိုတာ အဲ့လို အကျယ်ကြီးမရယ်ရဘူးလို့ ဘယ်သူက သတ်မှတ်ထားလဲ"





"ဖေဖေတို့လို ယောကျ်ားတွေလေ..."

"အင်းလေ... သူတို့ပဲ မိန်းမတွေကို အလကားနေ အလကား ပုံသွင်းပြီး ဘုရင်လုပ်ချင်တာ"

"ဟုတ်ပ... ဒါမှ သူတို့ နေရာကောင်း အခွင့်ကောင်းရမှာလေ၊ ယောကျ်ားအဓိကလူ့အဖွဲ့အစည်း ဆိုတာပေါ့... ဟဲဟဲ..."

"အိအိခင်တွေ ဖတ်တာ များသွားပြီထင်တယ်..."

"မများပါဘူး... ပုံမှန်ပဲ... ဒါ အမှန်တွေ ရေးတာပဲ..."

"အေး... ယောကျ်ားတွေကတော့ စိုးရိမ်နေကြမှာပဲ၊ သူတို့လုပ် ထားတာတွေ ပေါ်ကုန်တော့မှာဆိုပြီး..."

ပြောပြီး ရယ်မိကြသော်လည်း အသံကို ထိန်းချုပ်ထားရသဖြင့် သိပ်တော့ အဆင်မပြေ။ အလကားနေ အလကား မလိုအပ်ဘဲ ထိန်းချုပ် နေရတာကို တစ်ခါ တစ်ခါတော့ မုန်းသား...။ အစဉ်အလာတွေ... ကျင့်ဝတ်တွေ... ထုံးတမ်းတွေကို ဖန်တီးခဲ့သူအများစုသည် ယောကျ်ား များသာဖြစ်သည်ဟု တွေးမိလျှင်ပေါ့...။

"ကဲ... ငါ့ကို internet သုံးတာ ဒီနေ့ စပြပေတော့..."

"ဟင်... ဘာလို့လဲ..."

တစ်ခါမှ စိတ်မဝင်စားခဲ့ဖူးသော မှန်းက တောင်းဆိုလာတာမို့ သိင်္ဂါမှာ အံ့သြရသေးသည်။

"Chatting နဲ့ အသံတိတ် စကားပြောမယ်လေ၊ ဖုန်းဘေလ် မတက်ဘူး၊ အသံမကြားရတာ... တိုးတိုးပြောရတာ မရှိဘူး"

"ဘယ်သူနဲ့ ပြောမှာလဲ"

"မောင်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… သူ့မှာလည်း Gtalk Account ရှိမှနော်"

"ရှိတယ်တဲ့… နင်ပဲ ငါ့ကို အသစ်လုပ်ပေးရမှာ…"

"connection ကောင်းမှ ရမှာ…"

"မကောင်းရင်တော့ နင့် account သုံးရုံပဲပေါ့…"

"ကျွတ်… ဒုက္ခပဲ… ကွန်ပျူတာတော့ လုရတော့မယ် ထင်တယ်"

သိင်္ဂါ စိတ်ပျက်စွာညည်းတွားတော့ မုန်းက ဝမ်းသာအားရ ရယ်သည်။ ခပ်တိုးတိုးသာ။

သိင်္ဂါကတော့ ကွန်ပျူတာနှစ်လုံးကို network ချိတ်သုံးဖို့ပဲ စဉ်းစားနေမိတော့သည်။ ဒါမှ အဆင်ပြေမှာလေ။ ဒီကိစ္စကလည်း ဖေဖေမသိအောင်လုပ်ဖို့ အတော်ခက်ခဲလိမ့်မည် ထင်သည်။ Service သမားတွေခေါ်ရ ပြုရဦးမည်ကိုး။

အင်း… မလွယ်တော့ မလွယ်။ သို့သော် လုပ်မပေးလို့လည်း မရလေတော့…။

◆





# 'G'

မနက်မိုးလင်းတာနှင့် အလုပ်ပြန်ဝင်ရမည့်နေ့ ဟူသော အသိကဝင်လာဆဲ message alert သံကို ကြားလိုက်ရသည်။ ထုံးစံ အတိုင်း အိပ်ရာကနိုးရင် သိင်္ဂါက 'Good Morning' ဟု ပို့နေကျမို့ ဝမ်းသာအားရ ဖုန်းကိုယူကာ message ကို ဖွင့်အဖတ်…

'Have a nice day' ဟု တွေ့လိုက်ရသဖြင့် သိင်္ဂါတို့တော့ တတ်သမျှ မှတ်သမျှတွေ ထုတ်သုံးနေပြီဟု ထင်ကာ ပြုံးလိုက်မိဆဲ ဖုန်းနံပါတ်က အစိမ်းကြီး။ သိင်္ဂါနာမည်လည်း ပေါ်မနေ…။

"ဘယ်ကလဲ…"

ရုတ်တရက်ပဲ 'ဘယ်ကဖြစ်ဖြစ်ဟာ' ဟု အတွေးဝင်လာကာ ဖုန်းကို ခုတင်ပေါ် ပြန်ပစ်တင်ထားလိုက်ပြီး ရေချိုးခန်းထဲ ဝင်သွားခဲ့သည်။ ပြန်ထွက်လာတော့ message တစ်ခုက ရောက်နေပြန်ပြီ။ ဒီ message



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သိဂ်ါ့ထံမှ Good Morning ဆိုသော message... ကပျာကယာ message ပြန်ပို့ရသည်။

အဝတ်အစားလဲပြီး အိတ်ကောက်လွယ်တုန်း message သံ ကြားရပြန်သည်။ ဒီတစ်ခါတော့ သိဂ်ါမဟုတ်။ မနက်က ဖုန်းနံပါတ်ပင်။ ဘယ်အကောင်ကများ ဖုန်းအသစ်ရကာ နောက်နေလည်း မသိ။ နံပါတ်ကလည်း အသစ်ကြီး။ 504... နှင့် စသည်။ ဒါက ခုချိန်မှာတော့ up date နံပါတ်လေ။

"My Charming Prince, please do remember somebody loves you, cares about you. Somebody's me."

"ဟားဟား..."

သိဟ်သီဟ အသံထွက်အောင်ပင် ရယ်လိုက်မိသည်။ သူ့ကိုယ်သူ Enrique Iglesia သီချင်းဆိုနေသည်များ မှတ်နေလား မသိ။ 'Somebody's me" တဲ့...။ ဖြစ်နိုင်တာကတော့ ဟိုငတိမလေးပဲ ဖြစ်မည်။ မဟုတ်ကာမှ လွဲရောပေါ့...။ သိဟ်သီဟလို ကောင်အတွက် နောက်ထပ် စိတ်ဝင်တစားရှိနေသော မိန်းကလေးတစ်ယောက်ရှိနေသည် ဆိုလျှင် ထိုက်ကြမ္မာကို အော်ကြီးဟစ်ကျယ် လှောင်ရယ်မိလိမ့်မည် ထင်သည်။ 'စုတ်' တွေရယ် 'လာဘ်' တွေသာ ဖြစ်ပါတော့လားကွယ်။

'I'm going to the office, now'

ဆိုသော message လေးကိုသာ သိဂ်ါ့ဆီပြန်ပို့ရင်း စောစောက message နှစ်ခုကို delete လုပ်ပစ်လိုက်တော့သည်။

နေ့လည်ကျတော့ သိဂ်ါ့ထံမှ message ထပ်ရောက်လာသည်။

'Busy ? Having lunch?...'





အလုပ်များနေလား နေ့လည်စာ စားနေလား... တဲ့။

အလုပ်များနေတာတော့ သေချာသည်။ ရောက်ကတည်းက ထိုင်ရာမှ မထရသေး။ 'Busy...' ဟူသော စာတစ်လုံးသာ ပြန်ပို့နိုင်ခဲ့သည်။ မနက်ကလို message မျိုးတော့ ထပ်ရောက်မလာတော့။ ညနေကျမှ လူကိုယ်တိုင် လာတော့မည်ဆိုသောသဘောလား မသိ။

ညနေ သုံးနာရီခွဲကာနီးကျမှ မနက်စာစားရသည်။

"သီဟရော... မောင်မောင်ရော... နန္ဒာရော... ဒီညနေ ဒီအလုပ်တွေပြီးမှ ပြန်မယ်နော်..."

အလုပ်မှာ အကြီးဆုံးလိုဖြစ်ပြီး တာဝန်လည်း အရှိဆုံးဖြစ်သူ မရတနာက လှမ်းပြောသည်။

"ရတယ် အစ်မ..."

"ရပါတယ်ဗျာ..."

နန္ဒာ့ထံမှ အသံမထွက်။

"နန္ဒာရော..."

နန္ဒာက သွားလေးဖြီးပြရင်း...

"တစ်ယောက်ယောက်ပြန်ပို့ရင် အိုကေပါတယ်၊ အိမ်ကို ဖုန်းဆက်ထားလိုက်မယ်လေ"

နန္ဒာ့မှာက ဒီလိုကိစ္စတွေရှိသည်။ နန္ဒာက မှောင်လျှင် တစ်ယောက်တည်း ခြေတစ်လှမ်းမှ မလှမ်းရဲသူ။

"ဒါကြောင့် ငါ့ကို ကြိုက်လိုက်ပါ၊ ငါပို့ပေးမယ်လို့ ပြောပေါ့..."

မောင်မောင်က ခပ်တည်တည် ဝင်နောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်… ဘာလို့ကြိုက်ရမှာလဲ၊ အဖတ်တင်ခံလို့…"

မရတနာကလည်း ရယ်ရင်း…

"အစ်မက ပို့ချင်တယ်၊ ဒါပေမယ့် ဒါတွေကို ပြီးတာနဲ့ Customer လက်ထဲ လာအပ်ပါမယ်လို့… ပြောထားလို့ အစ်မကိုယ်တိုင် သွားပေး ရမှာ…"

"ဒါဆို…"

"မောင်မောင်နဲ့ သီဟ ပို့လိမ့်မယ်"

"ကိုသီဟကို စိတ်ချတယ်၊ ဟိုကောင်သာ… အသားယူပြီး ဟိုပြော ဒီပြောနဲ့…"

နန္ဒာက နှာခေါင်းလေးရှုံ့ကာ ပြော၏။ အမှန်က မောင်မောင် တစ်ယောက် အတည်ကြံချင်တာမှန်း သီဟက သိသည်။ မရဲလေတော့ စသလို နောက်သလိုဖြစ်နေရရှာသည်။

"အစ်ကို သူက အစ်ကို့ကို စိတ်ချတယ်တဲ့"

မောင်မောင်က ညောင်နာနာလေးနှင့် တမင်ပြောလာ၏။

"အေး… အဲဒါ ဘာဖြစ်လဲ…"

"အစ်ကို့ကောင်မလေးကရော… အစ်ကို့ကို စိတ်ချပါ့မလားလို့ စဉ်းစားနေတာ"

"အောင်မာ… သေတော့မယ်"

"အံမယ်… မသိဂ်ါနဲ့ ငါက ခင်ပြီးသား"

နန္ဒာကလည်း သိဂ်ါနဲ့ သိနေသူမို့ ဝင်ပြော၏။

"မသိဂ်ါ မဟုတ်ပါဘူး"

မောင်မောင့်စကားကြောင့် ကာယကံရှင် သီဟသာမက နန္ဒာရော





မရတနာပါ မျက်လုံးတွေ ပြူးကုန်ကြသည်။

"ဟင်… ကိုသီဟ တိုင်လိုက်ရမလား"

နန္ဒာက ရှုံ့ချသလို ပြော၏။

"ဟာ… မဟုတ်တာ… ဟေ့ကောင် မောင်မောင်… မင်းစကားက ဘာလဲ… ပြော… မင်းရှင်း…"

"အစ်မလည်း စိတ်ဝင်စားတယ်ကွယ်"

မရတနာက လူကြီးဆန်စွာ ဝင်ပြောသည်။ ထိုအခါကျမှ ကိုရွှေ မောင်မောင်က ခေါင်းကုတ်ရင်း…

"ဟိုလေ ညနေတိုင်း အစ်ကို့ကိုစောင့်နေတဲ့ ကောင်မလေး"

"သူ့ကိုစောင့်နေတဲ့ ကောင်မလေး"

မရတနာက မျက်လုံးအပြူးသားနှင့် မေးသလို နန္ဒာမှာလည်း မျက်လုံးအဝိုင်းသားနှင့်။

"ဟုတ်တယ် ညနေတိုင်း စောင့်နေတယ်၊ ပြီးရင် အစ်ကို့နောက်ကနေ လိုက်သွားရော"

"ဘုရား… ဘုရား…"

မရတနာက ရင်ဘတ်ကိုဖိကာ ဘုရားတ,သလို နန္ဒာလည်း အသံ မထွက်နိုင်။ မောင်မောင်က ဆက်ပြော၏။

"တကယ် အစ်မရဲ့… မြင်ရင် အံ့သြသွားမယ်၊ ကောင်မလေးက တကယ့်အပျံစား အမိုက်စားလေး class လည်း ရှိတယ်"

ဒါတော့ ဟုတ်သည်။ သူမလေးပုံစံက မြင်တာနှင့် အဆင့်အတန်း မြင့်မြင့်ထဲကမှန်းတော့ သိသာသည်။ ဘာမှလည်း ကလက်တက်တွေ လွန်လွန်ကဲကဲတွေလုပ်ပြကာ မြူဆွယ်နေတာမျိုးလည်း မဟုတ်၊ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးပင်။ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက် နောက်ကို အေးအေးဆေးဆေးလိုက်နေပုံမျိုး။ အနှောင့်အယှက်လည်း မပေး။ စကားတစ်ခွန်းမှ လာမပြော။

"တကယ်လား သီဟ"

"ဟုတ်တယ် အစ်မ ကျွန်တော်လည်း ဒါပဲ စိတ်ညစ်နေတာ"

"ဘာညစ်စရာရှိလဲ"

"ဟာ... စိတ်ကျဉ်းကြပ်တယ် နန္ဒာရဲ့... နင်က မသိလို့..."

"အောင်မယ်... ဒါက ဘာစကားလဲ နန္ဒာက မကြုံဖူးဘူးပေါ့"

နန္ဒာ စိတ်တိုချင်ဟန်ဆောင်ကာ ရန်တွေ့၏။

"အဲလို မဆိုလိုပါဘူး နင်တို့က ဝိုင်းပြောနေတော့ စိတ်ညစ်ညစ်နဲ့ ပြောမိတာပါ"

မရတနာကတော့ တွေးတွေးဆဆဆိုသည်။

"အင်းနော်... ငါတို့တောင် တစ်ယောက်ယောက်က စောင့်ကြည့်နေရင် နေရခက်သေးတာ၊ ခု သီဟက မိန်းကလေးတစ်ယောက်က စောင့်ကြည့်တာကို ခံနေရတာလေ..."

ပြောရင်းဆိုရင်း Phone message alert က ထမြည်သည်။ အားလုံးက အလိုက်တသိငြိမ်သွားကြပြီး သီဟကို message ဖတ်ဖို့ အချိန်ပေးလိုက်သလိုပင်။ ခက်တာက...။

'I'm waiting, will you be late today ?'

ခေါင်းကိုခါရမ်းကာ ဖုန်းကို ပိတ်ပစ်လိုက်တော့ နန္ဒာက မေးသည်။

"မသိဂ်ါက ဘာတဲ့လဲ"

"သိဂ်ါဆိုက မဟုတ်လို့ပေါ့"





"ဟင်... ဒါဆို"

"ဟုတ်တယ်... ဟိုကောင်မလေး"

"သူက ကိုသီဟဖုန်းနံပါတ်ကို ဘယ်လိုသိ..."

နန္ဒာ့စကားမဆုံးလိုက်။ မရတနာက ရယ်ပြီး ဝင်ပြောသည်။

"သြော်... နန္ဒာရယ်... ဒီလောက် တကောက်ကောက်တောင် လိုက်နေနိုင်မှတော့ သီဟဖုန်းကို သိတယ်ဆိုတာက ပျင်းစရာကြီးပါ၊ သူ့အတွက် ပျော်စရာအခွင့်အရေးတောင် မဟုတ်ဘူး... နော့"

"ဟုတ်ပ အစ်မရာ..."

မောင်မောင်ကပါ ထောက်ခံ၏။

မထောက်ခံနိုင် မကန့်ကွက်နိုင်သူက သီဟ်သီဟ။

"ကျွန်တော် ဒီည ဒီမှာပဲအိပ်ရင် ကောင်းမယ်ထင်တယ်"

"ဟင်... မကောင်းပါဘူး"

ထိုသို့ ဝင်ကန့်ကွက်သူက နန္ဒာ။ သူ့ကို ပြန်ပို့ပေးရမှာကိုး။ နန္ဒာ့ စိုးရွံ့သံကြောင့် အားလုံး ဝိုင်းရယ်မိကြသော်လည်း သီဟကတော့ မရယ်နိုင်။ ရယ်သံများ မိန်ဖျော့အားနည်းနေခဲ့ရသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



## ‘H’

ဒီနေ့ သိင်္ဂါ mails တွေစစ်တော့ စိမ်းနေသော account တစ်ခုကို တွေ့ရသည်။ ဟိုကဒီကပို့သော forward mail မျိုးလည်း မဟုတ်။ account name ကိုက ခပ်ဆန်းဆန်း။ Snow worrior တဲ့။ ပြီးတော့ ဒီမှာသုံးနေကျ gmail မျိုးလည်း မဟုတ်။

ဖွင့်ကြည့်လိုက်တော့ လေးထောင့်ကွက်တွေချည်း တွေ့ရသည်။

‘ဘာတွေလဲ...’ ဟု တွေးလိုက်မိပြီးမှ...

‘သြော်... မြန်မာ font ထင်တယ်...’ ဟု သတိရသဖြင့် Zawgyi One font ကို gmail ထဲ assign လုပ်လိုက်တော့ ဖတ်လို့ ရသွားသည်။

သိင်္ဂါ

‘အချစ်’ ဆိုတာ ဘာလဲသိလား





ကိုယ့်အတွက်ကတော့ ‘အချစ်’ ဆိုတာ ‘သိင်္ဂါ’ ပဲ။

‘ပေါတောတောနဲ့...’

စိတ်ထဲကကြိတ်ကာ ကောင်းချီးပေးပစ်လိုက်သည်။ account name ကိုသာတွေ့ရပြီး အောက်မှာ နာမည်ရေးထိုးမထား။ စိတ်ပေါက်ပေါက်နှင့် ထို mail ကို delete လုပ်ပစ်လိုက်သည်။

gtalk ထဲဝင်ပြန်တော့ chat request လုပ်ထားတာ တွေ့ရပြန်သည်။ ပထမတော့ ‘No’ ဟု နှိပ်ပစ်ဖို့ စဉ်းစားသေးသည်။ ပြီးမှ ဘယ်သူလဲဆိုတာ သိချင်လာရသဖြင့် accept လုပ်လိုက်သည်။ မလိုအပ်မှ block လုပ်လည်း ရသည်ပဲ။

“ဟဲ့... ဘာလုပ်နေတာလဲ... နင့်အဖေ အော်နေပြီ”

“ပြီးပြီ... mail စစ်နေတာ”

ကပျာကယာ sign out လုပ်ကာ စက်ပိတ်ပြီး ပြေးဆင်းလာရသည်။

“ဟောတော့... ဖုန်းကျန်ခဲ့ပြီ... ခဏလေး”

တစ်ခါပြန်တက်ရပြန်သည်။

ဖုန်းထဲမှာက message ရောက်နေသည်။ သီဟထံမှ...

‘Come online at 12:00 noon’ တဲ့။

၁၂ နာရီဆို သိင်္ဂါတို့ဆီမှာ breaktime ဆိုတာ သီဟသိသည်။ တစ်ခါတစ်ခါ သိင်္ဂါက နေ့လည်စာကြိုစားပြီး ထိုအချိန်တွင် ကွန်ပျူတာရှေ့ ထိုင်နေကျ။ ပြောစရာရှိတာတွေ chatting ထိုင်ရင်း ပြောကြသည်။ အင်္ဂလိပ်လိုရော၊ ဗမာလိုရော အစုံပင်။ မြန်မာစာလည်း ကောင်းကောင်း ရိုက်တတ်နေကြတာမို့ အဆင်ပြေသည်။

ကားပေါ်ရောက်တော့ ဖေဖေက စိတ်မရှည်သောလေသံနှင့် ဆူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ"

"ဖုန်းကျန်ခဲ့လို့ ဖေဖေ"

"လည်ပင်းမှာ ဆွဲထား"

"ဟုတ်..."

'ဟုတ်' သာလိုက်လိုက်ရသည်။ ပျောက်မှာစိုးလို့ လည်ပင်းမှာ ဆွဲထားတာက ကိစ္စမရှိ။ အိမ်နေရင်း (အိမ်မှမထွက်ခင်ထိ) တော့ ဆွဲထားလို့မှ မဖြစ်ဘဲ။

"ဟာ... ဟိုကား..."

ဖေဖေ့ထံမှ ရုတ်တရက်ထွက်လာသောအသံကြောင့် နှစ်ယောက်သား နားရွက်များပင်ထောင်သွားသလား မှတ်ရသည်။ သူကလည်း သူပင်။ ထင်သာမြင်သာကို ရပ်ထားသည်။

"နေဦး... ငါနဲ့တွေ့မယ်"

ကားကိုရပ်ရန်ပြင်သဖြင့် သိဂ်ါတားရတော့သည်။

"ဖေကလည်း ဘာလုပ်မလို့လဲ..."

"ဟာ... ဘာလာလုပ်နေတာလဲလို့ မေးမှာပေါ့..."

"ကောင်းကောင်းမွန်မွန်ဖြေရင် ကောင်းတာပေါ့ လေးလေးရဲ့..."

မုန်း၏စကားက တာသွားလှသည်။

'ဟုတ်ကဲ့... ကျွန်တော် ဦးသမီးကို... ဦးတူမကို လာလာကြည့်နေတာပါ' ဟု ရွဲ့ပြောလျှင် သူ ဘာဆက်ပြောမည်နည်း။ အခြေအနေ အရပ်ရပ်ကို နားလည်သွားပုံရသော ဖေဖေ ကားလီဗာကို ပြန်ဆောင့်နင်းက ထွက်လာခဲ့တော့ ကားပြာလေးက နောက်က ပါလာလေသည်။

"ခေတ်ကာလသားသမီးများ အားကိုအားတာ..."





"ဟုတ်တယ်နော်... လေးလေးတို့ခေတ်ကဆို ဒါမျိုးမလုပ်ဘူး၊ ဟုတ်တယ် မဟုတ်လား"

မိရွှေမုန်းစကားက ဘာမှန်းမသိ။

မလုပ်ဘူးဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်။

"နင့်ကို နင့်အကောင်က ဘာတွေပြောထားလဲ..."

ဖေဖေ ဒေါသသံနှင့် မေးတော့၏။

"ဟင့်အင်း... လေးလေးကလည်း မတွေ့ရတာဖြင့် ကြာလှပြီ၊ ဘာ ပြောစရာရှိလို့လဲ"

မုန်းက အလည်။ သူပြောချင်တာလည်း ရအောင်ပြောပြီး ဖေဖေ့ကိုလည်း ရအောင် စကားနှင့် အနိုင်ယူသွားသေးသည်။

"နင်တို့နှစ်ကောင် ကြပ်ကြပ်သတိထား"

"ဟင်... ဖေကလည်း... သမီးတို့က ဘာလုပ်လို့လဲ..."

"နင်တို့ ဘာမှမလုပ်ဘဲ ဒီကားက ပါလာမလား"

"ရော်... လေးလေးကလဲ ရှင်းရပြန်ပြီ၊ သမီးတို့ရပ်ရှည်နဲ့ သမီးတို့က တစ်ခုခုလုပ်ပြမှပဲ ပါလာတော့မှာလား၊ သူ့ဘာသာသူ ပါလာတာပါ လေးလေးရာ... သမီးတို့က သိတောင် မသိဘူး"

မုန်းက အဲလို ကျယ်ကျယ်လေးပြောပြီးမှ လေသံတိုးတိုးလေးနှင့် သိဂ်ါနားကပ်ကာ 'သိချင်နေတာ' ဟု ကပ်ပြောသဖြင့် ရယ်ရသေးသည်။ သူ့ကြည့်ရတာ တစ်စက်လေးမှ ရည်းစားနှင့် အခွဲခံထားရသောကြောင့် စိတ်သောကရောက်နေသူဟု ထင်စရာ အကြောင်းမရှိ။ ဒါကြောင့်လည်း လူကြီးတွေက ပိုမသင်္ကာတာဖြစ်နိုင်သည်။

ကားပြာလေးထဲက ပုဂ္ဂိုလ်က မှန်ဖွင့်ပြီး မောင်းနေတာမို့ ရှေ့ညီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဆံပင်များက လေထဲတွင် လွင့်ဝဲလျက်။ မျက်မှန်အနက်ကို ခေါင်းပေါ် ပင့်တင်ထားသဖြင့် မျက်ဝန်းညိုများကိုလည်း မြင်နေရသည်။

သူ့မျက်ဝန်းတွေကြည့်ရတာ တစ်စက်လေးမှ ရင်ခုန်စရာမကောင်း။ မျက်ဝန်းသေများနှင့် တူသည်။

သိင်္ဂါတို့ကားဘက် တစ်ချက်တစ်ချက် လှမ်းကြည့်သော်လည်း သူ့အကြည့်က သိင်္ဂါ့ဆီမှာလား မုန်းဆီမှာလား မပြောနိုင်။ ဖေဖေ့ဆီမှာလားပင် ရောထွေးထင်ရလောက်အောင်ကို ဝေခွဲမရ။

"တစ်မျိုးပဲ..."

သိင်္ဂါ့စိတ်ထဲမှ ထိုသို့တွေးမိသော်လည်း မုန်းကိုတော့ မပြောဖြစ်။ တစ်ခုသောမီးပွိုင့်အရောက် ကားကလေးက အေးချင်းယှဉ်လျက် ရပ်လာသည်။ ဖေဖေက ခပ်မာမာလှမ်းကြည့်သော်လည်း ပုဂ္ဂိုလ်က လှည့်ပင် မကြည့်။ ခပ်တည်တည်နှင့် မီးပွိုင့်ကိုသာ ကြည့်နေသည်။

"ဟင်..."

ထိုအချိန်တွင် သိင်္ဂါ တစ်စုံတစ်ခုကိုမြင်ပြီး တအံ့တသြဖြစ်သွားရသည်။ ထိုအရာကား သူ့ကားအေးတွင်ကပ်ထားသော စတစ်ကာလိုင်း အနက်ပေါ်တွင်ကပ်ထားသည့် SNOW WORRIOR ဆိုသည့် ရွှေရောင် စာလုံးများ။ စာလုံးက ခပ်သေးသေးသာ။ သိင်္ဂါမို့ တိုက်ဆိုင်စွာတွေ့ခြင်း ဖြစ်သည်။ ဒါဆို သိင်္ဂါ့ဆီ mail ပို့ထားတာ snow worrior ဆိုတာ သူပဲ ဟု ယူဆနိုင်သည် မဟုတ်လား။

မုန်းကိုပြောပြချင်တာ ကလိကလိဖြစ်နေသော်လည်း ရုံးရောက်သည် ထိ အောင့်ထားရသည်။ ရုံးရောက်တော့မှ မနက်က mail ကိစ္စနှင့် စောစောကတွေ့ခဲ့သည့်စာလုံးကို ဆက်စပ်ကာ ပြောပြရသည်။





"ဟင်... ဒါဆို သူက နင့်နောက်လိုက်နေတာ သေချာပြီပေါ့..."

"အဲလိုလည်း မဟုတ်သေးပါဘူး... နင့်ကို ယူဆလို့ရတယ်လို့ ပြောပြတာ..."

"အာ... သေချာပါတယ် တစ်ခုပဲ..."

"ဘာတစ်ခုပဲလဲ..."

"စိတ်မကောင်းစရာ..."

"ဟင်... ဘာလို့လဲ..."

"ငါ့မှာ မျှော်လင့်ချက်မရှိတော့ဘူး..."

မုန်းက မျက်ရည်စမ်းစမ်းဟန်နှင့် ပြောပြီး ခွီးခနဲရယ်ချလိုက်သဖြင့် သူကြည့်ပြီး ရယ်ရသေးသည်။ ပြီးမှ မုန်းက...

"တကယ့်မျှော်လင့်ချက်မရှိတာက သူနော်..."

"အင်း..."

"သနားပါတယ်"

"ဖြစ်ရပြန်ပြီ"

"အေးလေ... သူ့ရုပ်သူ့ရည်နဲ့ တခြားကောင်မလေးတွေ ဝိုင်းနေမှာကို..."

"အေးနော်... ဒြော် ဒါပေမယ့်... သူ ငါ့မှာ သီဟရှိနေတာ သိသွားရင် နောက်ဆုတ်သွားမှာပါ"

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့... တစ်ချို့က အဲလို မဆုတ်တတ်ကြဘူး၊ မယူမချင်း အခွင့်အရေးရှိတယ်ဆိုပြီး ရှေ့တိုးတတ်ကြတယ်"

"ဒါဆိုလည်း အမြန်ယူလိုက်တာပေါ့ဟာ..."

"ဟင်... အခွင့်အရေးကလည်း ကွက်တိပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့..."

သူတို့ ပြောပြီး ရယ်နေကြသော်လည်း ကာယကံရှင်အတွက်တော့ ရယ်စရာဟုတ်လိမ့်မည် မထင်။ သူတစ်ပါးကို လှောင်ရယ်သလို ဖြစ်မှာစိုး၍ ရယ်မောခြင်းကို ရပ်တန့်ပစ်လိုက်ရသည်။

"တော်ပါတော့ဟာ... တော်ကြာ ဝင့်လိုက်နေဦးမယ်"

"အေး... ဝင့်လိုက်မှာတော့ ကြောက်တယ်... ခတောင်..."

မုန်းက 'ခတောင်...' ဟုဆိုကာ အဓိပ္ပာယ်ပါပါ ပခုံးတွန့်ပြရင်း သူ့အလုပ်သူ စ,လုပ်တော့သည်။

"အချစ်ဆိုတာ သိင်္ဂါ...'တဲ့...။

ဟုတ်သားပဲ...။ သိင်္ဂါရ... ရသဆိုတာကိုက ချစ်ခြင်းနှင့် သက်ဆိုင်နေသည်ပဲ...။ သိင်္ဂါ အတွေးနှင့်အတူ အကြောင်းကြောင်းပြုံးမိသေးသည်။ ဘယ်သူမှတော့ မသိလိုက်ပါ။

◆





## 'I'

"သဥ္ဇာနဲ့ ရဲမွန်က ဒီဇင်ဘာကျရင် ပြန်လာပြီး မင်္ဂလာဆောင်မယ်တဲ့..."

ရတ်တရက်ကြီး ကျော်စွာရောက်လာကာ ထိုသတင်းကို လာပေးသည်။

"ဘယ်သူပြောလဲ"

"သူတို့ပဲ ပြောတာ"

"ဘွဲ့ကရော..."

"နိုဝင်ဘာလလယ်ဆို ပြီးပြီလေ"

"ဩော်... ကောင်းတာပေါ့... ပညာနဲ့ ကြင်ယာနဲ့..."

"မင်းကော... သီဟ"

"ငါလည်း ရဲမွန်နောက်က လိုက်တာပေါ့..."


www.burmeseclassic.com

www.burmeseclassic.com



သီဟာက ခပ်တည်တည်နှင့် ဖြစ်ချင်တာကို ပြော၏။ တကယ့်တကယ်က နှစ်ဖက်မိဘကို အသိပင် မပေးရသေး။ သီဟမိဘနှင့် မိသားစုက ပဲခူးမှာ။ သီဟာတစ်ယောက်တည်း ရန်ကုန်မှာ လာနေကာ အလုပ်လုပ်နေခြင်း ဖြစ်သည်။ သူထင်တာကတော့ သူ့မိဘဘက်က ဘာမှ သိပ်ပြီး ကန့်ကွက်မှာ မဟုတ်။ သိဂ်ျီအဖေသာ သူတို့ထည့်တွက်ရမည်။ သူက လူတစ်မျိုး... ဟု သိဂ်ျီထံမှ သိထားသည်လေ။ သေချာတာကတော့ သိဂ်ျီအဖေက သိဂ်ျီသူငယ်ချင်းတွေထဲမှ တစ်ယောက်ဟုတော့ သိထားသည်။

"ခုပဲ စက်တင်ဘာကုန်တော့မယ်၊ မင်းက ရဲမွန်နောက်ကို ဘာနဲ့ လိုက်မှာလဲ..."

"discovery လွှန်းပျံယာဉ်နဲ့..."

ကျော်စွာက ဘာမှမပြော။ ပေါတောတောနဲ့... ဟူသော အကြည့်နှင့်သာ ကြည့်သည်။ ပြီးတော့မှ...

"မင်းနဲ့မတွေ့တာ တစ်ပတ်ရှိပြီ"

"အင်းလေ..."

"ဒီကြားထဲမှာ တိုးတက်မှုက..."

"ဘာတိုးတက်ရမှာလဲ"

"ဟို... ကောင်မလေးချောချောလေး..."

"အရမ်းကို တိုးတက်နေလို့ စိတ်ပျက်ရတဲ့ထဲ..."

ကျော်စွာ မယုံသင်္ကာဖြစ်နေသည့်ကြားမှပင် စိတ်ဝင်စားနေပုံကလည်း အထင်းသား။

"ဟင်... ဟုတ်လား... ကာယကံရှင်ပျက်အောင်များ လုပ်နေပြီလား... မိန်းကလေးပဲကွာ ခွင့်လွှတ်လိုက်ပါ..."





"ယောက်ျားချင်းကမှ ဆွဲထိုးလို့ အဆင်ပြေဦးမယ်"

"ဘာလဲ... မင်းကို ဆွဲလားရမ်းလားတွေ လုပ်လာပြီလား"

"ကျွတ်... ဖုန်းထဲကို message တွေ တစ်နေ့တစ်နေ့ မနည်းဘူး ဝင်နေတာ၊ ၁၅ မိနစ် မိနစ် ၂၀ခြားစီပဲ..."

"တော်သေးတာပေါ့ကွာ... ဖုန်းခေါ်နေတာမှ မဟုတ်တာ"

"ဖုန်းခေါ်တာက ring ပိတ်ထားပြီး မကိုင်လို့ရတယ်၊ message က ဖုန်းဖွင့်လိုက်တာနဲ့ အကုန်စုပြုံဝင်လာရော..."

"မဖတ်နဲ့ပေါ့..."

"မဖတ်ပါဘူး... ခုနောက်ပိုင်းက ဖျက်ပစ်တာ များတယ်..."

"သနားပါတယ်..."

"ခုတလော အလုပ်များလို့ အပြန်နောက်ကျနေရင်လည်း message က ထွက်မလာမချင်း ၅ မိနစ်ခြားစီ ဝင်တယ်"

"ဘာတွေလဲ..."

"နောက်ကျနေတာလား... အလုပ်သိပ်များနေလား ညစာစားပြီးပြီလား ဘာပို့ပေးရမလဲ၊ စောင့်နေတယ် စုံနေတာပဲ..."

ကျော်စွာ တဟားဟားအော်ရယ်တော့သည်။

"မင်းဟာက မဖတ်လို့ပဲ တော်တော့တယ်..."

"အဲလိုချိန်က ရုံးက အကုန်လုံးက စိတ်ဝင်တစားကို ဖတ်တာ၊ ဖုန်းကိုဖွင့်ထားပြီး မရတနာစားပွဲပေါ် တင်ထားတာ ဝင်လာတာနဲ့ အော်ဖတ်ပြရော..."

ကျော်စွာက နားထောင်ပြီး ခေါင်းတဆတ်ဆတ်ညိတ်၏။ ပြီးမှ မချိမချဉ်ဖြစ်လာပြန်ကာ မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း ဝင့်လိုက်တယ်လို့ ခံစားရစရာတော့ မရှိပါဘူး၊ မင်း သီဂီ့ကို အဲလို ခက်ခက်ခဲခဲကြီးမှ မပိုးပန်းခဲ့ရတာ၊ ဘယ်လိုခံစားရလဲပဲ မေးချင်တာ၊ ကိုယ့်ကိုလိုက်ပြီး ဂရုတစိုက်ကြီးလုပ်နေပုံက မိန်းကလေး တစ်ယောက်ကို ဂရုစိုက်သလိုမျိုး ဖြစ်နေတာ..."

"တော်တော်... မင်း ဘာကိုဆိုလိုတာလဲဆိုတာ ငါသိတယ်"

"မင်းက တော်ပြီးသားဆိုတာ ငါသိပါတယ်၊ ဒီလိုမှ သိပ်မလား လို့ ပူပြီး စကားလုံးကို မနည်းရွေးရတာ၊ ဒါ ဌာန်ကုန်ပဲ..."

"အဲလိုကြီး မခံစားရတောင် စိတ်တော့ ရှုပ်တာပေါ့..."

"ဒါပဲလား သနားစိတ်ကော မဖြစ်ဘူးလား"

"တစ်ခါတစ်ခါတော့ သနားပါတယ်၊ ဒါပေမယ့် ငါ့ညီမသာဖြစ်ရင် ငါသတ်မိမလားပဲ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲ..."

"သြော်... သူ ကံကောင်းရှာတယ်ပေါ့..."

"ဟာဟာ... ဘယ်လို ဘယ်လို..."

ကျော်စွာက လှောင်ရယ်သလိုလေသံနှင့် မေး၏။

"ဟ... ငါ့လို သူတော်ကောင်းမို့ ဒီလိုနေတာလေ၊ မသူတော် ကောင်းတွေ မင်းလိုကောင်မျိုးတွေပေါ့... အဲလိုများတွေ့လို့က ဘဝပျက် သွားမှာ..."

"ခွေး x x x"

သူ့ကို ထိသွားတော့ ကျော်စွာ ပျစ်ပျစ်နှစ်နှစ် ပီပီသသ ဌာန်ကရိုဏ်း ကျကျ ဆဲရေးတော့သည်။ ဒီလိုလေးလည်း ပြန်ပြောခွင့်ကြုံပေပါမှ။ မဟုတ်လို့ကတော့ ကိုယ့်ချည်း ခံဘက်က။ သူ့ချည်း ပြောတတ်ဆိုတတ်ပြီး ပြောခွင့်ရနေသလို...။





"ဒီကိစ္စ သီဂီ သိလား"

"ဟင့်အင်း... မပြောရသေးဘူး"

"ပြောဖို့အစီအစဉ်ကော ရှိလား"

"အင်း... စဉ်းစားနေတာ၊ တော်ကြာ ဘာမှမဟုတ်ဘဲ သူ့ အထင် လွဲပြီး စိတ်ပူနေရင် မကောင်းဘူး"

"ဒါတော့ ဟုတ်တယ်..."

ဒါမျိုးတော့ ကျော်စွာက နားလည်မှုရှိသူဖြစ်သည်။

"ဟိုတစ်ခါလည်း သီဂီလာမှ လက်ဆွဲပြီး သူ့ရှေ့က ဖြတ်လျှောက် မယ် ရည်ရွယ်ထားပြီးကာမှ သူက ပျောက်သွားတယ်"

"မင်းမှာ သီဂီရှိတာ သူသိလား"

"ဘယ်သိမလဲ... သိနိုင် မသိနိုင် မသိတာကို ပြောတာနော်၊ တစ်ခု ရှိတာက ငါတို့ကလည်း အမြဲတွဲနေဖြစ်တာမှ မဟုတ်တာ..."

"ဒီတစ်ပတ်ကော မင်း သူနဲ့ မချိန်းဘူးလား"

"မင်းရောက်မလာခင်ထိ စိတ်ကူးနဲ့ တွေ့နေတာပဲ..."

ကျော်စွာက ထိုစကားကို ရယ်၏။ ပြီးမှ...

"ဟော့... ငါတို့ ဒီနေ့ feel မှာ ထမင်းသွားစားရအောင် သီဂီတို့ပါ ခေါ်လိုက်..."

"မင်းကျွေးမှာလား"

"အေး..."

"အမယ်... တယ်ဟုတ်ပါလား... ဘာတွေထောလာတာလဲ..."

"ဒီလိုပါပဲ..."

သူ့ ဒီလိုပါပဲက ဘာအဓိပ္ပာယ်ဆိုတာ သိဟ စိတ်မဝင်စားတော့။



www.burmeseclassic.com

www.burmeseclassic.com



သီဟ စိတ်ဝင်စားတာက သိင်္ဂါတို့ကို ခေါ်ဖို့။ အရင်ကလည်း တစ်ယောက်ယောက်မုန့်ကျွေးဖို့ရှိရင် ထွက်နေကျ။ သီဟက သိင်္ဂါတို့အိမ်ကို ခပ်တည်တည်နှင့် ဖုန်းဆက်ကာ လတ်ဖော်မွေးနေ့ဟု ခေါင်းစဉ်တပ်ပစ်လိုက်သည်။

ကျော်စွာက လတ်ဖော်ဆီဖုန်းဆက်ကာ 'သီဟနဲ့ သိင်္ဂါက အကြိုကျွေးမလို့' ဟု ဆိုကာ ခေါ်၏။

ဘာအကြောင်းတွေပဲပြပြ အရေးကြီးတာက စကားစုပြောပြီး ဆုံဖြစ်ကြဖို့ပင်...။

ကိစ္စတွေပြီးလို့ အိမ်ကထွက်ဖို့ ပြင်တော့မှ ကျော်စွာက...

"မင်းတော့ မြွေပဲ သီဟ..."

"ဘာလဲ..."

"ဟိုမှာလေ... အိမ်ရှေ့က ကားအဖြူလေးထဲကို ကြည့်လိုက်..."

ဘုရား... ဘုရား...။

နတ်ဘုရားမတစ်ပါးလို ကြော့ရှင်းလှပနေသော အမည်မသိ ကောင်မချောချောလေးက သူ့အိမ်ရှေ့မှာ...။

"မင်းနတ်သမီးလေးကတော့ အဆင်သင့်ပဲ... ကဲကဲ ရှေ့က ကြွ..."

ကျော်စွာက ရွတ်နောက်နောက်နှင့် တွန်းလွှတ်၏။

သီဟမှာသာ ရှေ့တိုးရမှာ တွန့်နေသလို...။

"ကဲ... မထူးဘူးကွာ၊ လိုက်ချင်လိုက်ခဲ့ပစေ... ဟိုကျ သိင်္ဂါနဲ့ တွေ့ပလေ့စေ..."

သီဟ စိတ်ပေါက်ပေါက်နှင့် ရေရွတ်ပြီး ထွက်ခဲ့လိုက်တော့သည်။ သူ့မလေး သီဟကို လှမ်းကြည့်နေပုံလေးက တကယ့်ကို နူးနူးညံ့ညံ့လေး။ ပြီးတော့ ကြည်ကြည်စင်စင်လေး။ ဘယ်လိုဝင့်ကြွားကြောင့်များ သူ့ခများ





ဒီလိုဖြစ်ရပ်မျိုးနှင့် လာကြုံရရှာသည် မသိ။ ခေတ်ကြီးကပဲ သိပ်မြန်နေလို့လား... သီဟတို့ကပဲ နှေးနေလို့လားလည်း မသိ။

ကားငှားပြီးထွက်လာတော့ နောက်က ကားကို ကိုယ်တိုင်မောင်းကာ လိုက်လာသည်။ message ကလည်း ဝင်လာသေးသည်။ ဒီတစ်ခါ သီဟကိုယ်စားဖတ်ပေးသူက ကျော်စွာ...။

"You look charming today" တဲ့...။

ပြီးခဲ့သည့်အပတ်ကမှ လတ်ဖော်အစ်ကိုဆိုင်မှ ဝယ်လာသော အင်္ကျီအသစ်ကို ဝတ်လာခဲ့မိသည်ကိုး။ ကျော်စွာကတော့ သီဟကို ခြေဆုံးခေါင်းဆုံး သုံးကြောလောက် ပြန်ကြော့ကြည့်ကာ ခေါင်းကို ရမ်းခါလျက် တအစ်အစ်ရယ်နေလေတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



## ' J '

ထုံးစံအရဆိုလျှင်တော့ သူတို့ ဒီအချိန်မှာ breakfast အနေနှင့် လက်ဖက်ရည်ဆိုင် ထိုင်ကြဦးမှာ။ ခုတော့ တစ်ခါတည်း feel ကို တန်းသွားကာ ဟိုမှာပဲ တစ်ခုခုစားရင်း ကော်ဖီသောက်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

"အကြာကြီးထိုင်ရမှာ ပျင်းစရာကြီး"

မုန်းက ထိုသို့ဆို၏။

"ဒီနေ့တော့ ငါတို့ လွတ်လပ်ရေးပဲ၊ ဖေဖေက ပြည်သွားမှာ၊ ငါတို့ကို ဖုန်းဆက်ပြီး check မယ့်သူ မရှိဘူး..."

"အေးလေ... ဒါပေမယ့် ခုကတည်းက feel ကို သွားမှာဆိုတော့"

"ဟိုမှာ... သီဟတို့က ရောက်နေပြီ..."

မုန်းက မျက်စောင်းထိုး၏။





"မျက်စောင်းမထိုးပါနဲ့... ပျော်စရာကြီးပါ၊ ဟိုမှာ ကျော်စွာနဲ့ လတ်ဖော်လည်း ပါမှာ... ငါနဲ့ သီဟဘေး နင် ဝေါင်နေရမှာမျိုး မဟုတ်ပါဘူး..."

"ဒါဆိုလည်း ပြီးတာပဲ..."

သူတို့ ဒရိုင်ဘာကို လိုရာမောင်းနိုင်းပြီး ထွေရာလေးပါးပြောလာကြဆဲ မုန်းက သတိတရဆို၏။

"ဟိုမင်းသားကို ခုလို ပိတ်ရက်ဆို မတွေ့ရဘူးနော်"

"ဟုတ်ပ... အေးတာပေါ့..."

"နင့်ဆီ mail ပို့သေးလား..."

"ပို့တယ်... ပို့တယ်... စုံနေအောင်ပို့တယ်..."

"ဘာလဲ... 'စုံနေအောင်ဆိုတာအ"

"စာတွေရော... ကဗျာတွေရော... ပုံတွေရော... တကယ့်ကို အစုံပဲ..."

"နင် အကုန်ဖတ်တာပဲလား"

"အင်း... သူ့ mail တွေက စိတ်ဝင်စားစရာကောင်းတယ်၊ ကဗျာဆိုရင် မြန်မာကဗျာတွေရော၊ အင်္ဂလိပ်ကဗျာတွေရော စုံနေတာပဲ၊ ပုံတွေဆိုရင်လည်း တကယ့်ရှားရှားပါးပါး ထူးထူးဆန်းဆန်းပုံတွေနဲ့ ဗဟုသုတရစရာ ပုံတွေချည်းပဲ..."

"ထူးတော့ ထူးဆန်းတာပဲ၊ ရည်းစားစာချည်းပဲ မဟုတ်ဘူးပေါ့..."

"ရည်းစားစာ... ရည်းစားစာဆိုတာ ဘယ်လိုဟာကို ပြောတာလဲ"

မုန်းက စိတ်မရှည်သလို ကြည့်၏။

"အဲလိုမကြည့်နဲ့... တကယ်အတည်မေးတာ၊ 'I love you'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး ပါမှဆိုရင် သူ တစ်ခါမှ မရေးဖူးဘူး၊ 'အချစ်ဆိုတာ သိင်္ဂါ' ဆိုတာ ရည်းစားစကားလား…"

"Indirectly ပေါ့…"

"Indirectly ဟုတ်လား… ငါတော့ အဲလိုမထင်ပါဘူး…"

"မထင်ရင် ပြီးတာပဲ…"

"ဒီနေ့မနက်ရောက်လာတဲ့ mail ထဲမှာတော့ ရေးထားတယ်၊ **ချစ်ခြင်းမေတ္တာဆိုတာ ခံစားမှုနဲ့ ဖမ်းယူရတဲ့အရာ**… တဲ့။ **ဦးနှောက်နဲ့ သိမှတ်ရတဲ့အရာ မဟုတ်ဘူး**… ဆိုပဲ…"

"အာရုံတွေနောက်အောင် လုပ်နေတာ ထင်တယ်"

မုန်းက ရယ်ဟဟနှင့် ဆို၏။ ပြီးမှ…

"နင်က ကံကို ကောင်းပါတယ်…"

"ဟင်… ဖြစ်ရပြန်ပြီ ချက်ချင်းကြီး…"

"ဟုတ်တယ်လေ…"

"နင်က ဘာကို ပြောချင်တာလဲ…"

"ခုကို နင် အေးအေးဆေးဆေး အခွင့်ရပြီး ထွက်လာရတယ် မဟုတ်လား၊ ပြီးတော့ ဒီနေ့တစ်နေကုန် ဘယ်သူမှ လှမ်းခေါ်စရာမရှိဘူး"

"အင်းလေ…"

"ဒါကို ပြောတာပေါ့… ကံကောင်းတယ်ဆိုတာ"

"တော်သေးတာပေါ့… ဟိုပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး ပြောတာလားလို့"

"အဲဒီပုဂ္ဂိုလ်နဲ့ ပတ်သက်တာဆိုရင်လည်း ကံကောင်းတာပဲ၊ သူလို လူတစ်ယောက်က တကယ်နစ်ဝင်နေရတယ်ဆိုရင် နင် ကံကောင်းတာပဲ၊ နင်မကြိုက်နိုင်လို့သာလေ…"





"အင်းနော်… ပုံစံက အမိုက်စားဆိုပေမယ့် ဟောဟောရမ်းရမ်းမရှိဘူး၊ လုပ်ချင်တာလုပ်မယ့်ပုံလို့ ထင်ရပေမယ့် မလှုပ်ရှားဘူး၊ ဒီတိုင်း အဝေးကနေ ကြည့်နေတာပဲ၊ mail လေးပို့မယ်… ကြည့်နေမယ် ဆိုရုံလောက်ကတော့ အာရုံမနှောက်ပါဘူး"

"နင် သီဟကို ပြောပြဦးမှာလား"

"ဟင့်အင်း… နင်ပြောသလိုပဲ မပြောတော့ဘူး၊ ဘာမှမှ မဟုတ်တာ အလကား စိတ်ပူနေမယ်…"

"အေး… ကောင်းတယ် စိတ်ပူရုံမဟုတ်ဘဲ ဒီလူက အမိုက်စားလေး ဆိုတာပါ သိသွားပြီး အူတိုနေရင် နင်ပဲ စိတ်ညစ်ရမှာ…"

"အင်းပါ…"

သူတို့ရောက်သွားကြတော့ သီဟနှင့် ကျော်စွာက လက်ဖက်ရည် တစ်ခွက်စီနှင့် ထိုင်နေသည်။

"ဘာမှ မစားဘူးလား"

"ထမင်းမစားနိုင်မှာ စိုးလို့ဟ…"

"ဒါဆို ငါတို့ရော ကော်ဖီပဲ သောက်ရမှာလား"

"အဲလိုမဟုတ်ပါဘူး… မှာလေ"

"ငါက ငါးကျည်းနှစ် မုန့်ဖတ်သုပ် စားချင်တာ၊ မုန်းနဲ့ တစ်ဝက်စီ စားမယ်လေ… နော်…"

"စားပါ… တစ်ယောက်တစ်ပွဲစားလည်း ရတယ်…"

"ဟင့်အင်း… နေတော့ ထမင်းမစားနိုင်ဘဲနေမယ်၊ ပြီးတော့ ဒီ breakfast အတွက်က ငါရှင်းမှာလေ…"

သိင်္ဂါက ထိုသို့ပြောလိုက်တော့ ကျော်စွာက ဝမ်းသာအားရဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေထဲမှာတော့ နင်ဟာ အကောင်းဆုံးသူငယ်ချင်း ပါပဲ၊ you are my best friend..."

"ရပြီလေ... မြန်မာလိုဆို လုံလောက်ပြီ၊ ဘာသာပြန်ပေးစရာလူ တစ်ယောက်မှ မပါဘူး"

သီဟက အမြင်ကတ်ကတ်နှင့် ဝင်ပြော၏။ ခဏနေတော့ လတ်ဖော် ရောက်လာသည်။ ကျော်စွာက ဦးအောင်လှမ်းပြောသည်။

"လာလာ... ဟော့ကောင် လက်ဖက်ရည်လား ကော်ဖီလား... ဘာအရင် စားမလဲ၊ ထမင်းစားချိန်က လိုသေးတယ်..."

"မစားတော့ဘူး... ငါ လက်ဖက်ရည်သောက် မုန့်စားလာတယ်၊ ပြီးမှပဲ ထမင်းစားတော့မယ်..."

"သိပ်ကောင်းတာပေါ့..."

လတ်ဖော်၏အဖြေကို သိင်္ဂါနှင့် သီဟက ဝမ်းသာအားရထောက်ခံ သော်လည်း ကျော်စွာက ရှုံ့မဲ့ပြ၏။

"ဟော့ကောင် ဟိုဟာရော..."

လတ်ဖော်က ဘေးဘီကိုလှည့်ပတ်ကြည့်ကာ မေး၏။ ကျော်စွာက ပခုံးတွန့်ကာ လက်ခါပြ၏။

"သွားရာပြီ..."

"ဟင်... ဘာလို့လဲ"

"မသိဘူး..."

သိင်္ဂါ့ဘက် မသိမသာ မျက်စပစ်ပြကာ 'ဒါကြောင့်လား' ဟု မေး ပြန်သည်။ ကျော်စွာက ခေါင်းခါ၏။ သီဟကတော့ 'အကြံတောင် မအောင် လိုက်ဘူး' ဟု ဆိုသည်။





ဘာတွေမှန်းမသိ။

"ဘာတွေလဲ... လတ်ဖော်"

"ဘာမှ မဟုတ်ပါဘူး..."

မေးတော့လည်း အဖြေမရ။ ကျော်စွာက ခပ်တည်တည်နှင့် လှည့် ကာ ငေါက်လိုက်သေးသည်။

"ဒါ ယောကျ်ားလေးတွေကိစ္စ နင်နဲ့ ဘာဆိုင်လဲ..."

"အောင်မာ..."

ရုတ်တရက် မခံချိမခံသာ ဖြစ်သွားရသော်လည်း ဘာပြန်ပြောရမှန်း မသိသဖြင့် ထိုမျှနှင့် ရပ်သွားရသည်။

ဒီတော့ သီဟဘက်သို့ လှည့်ရတော့၏။

"နင်တို့ ဘာတွေကြိတ်ကြံထားလို့လဲ သီဟ"

"အာ... နင်ကလည်း... နင့်ကိစ္စမှ မဟုတ်တာ"

"အေးလေ... ငါ့ကိစ္စဆို ငါသိပြီးပြီပဲ... နင့်ကို ဘယ်မေးနေတော့ မလဲ..."

"ကောင်မလေးတစ်ယောက်ကွာ..."

ကျော်စွာက ကြားဖြတ်ဝင်ပြော၏။ သီဟ မျက်လုံးပြူးနေဆဲ...

"ငါတို့ကို ရည်းစားစကားလိုက်ပြောဖို့ ပြင်ဆင်နေတာ အဲဒါ..."

သိင်္ဂါ မျက်စောင်းအကြီးစားထိုးလိုက်သည်။ အရေးထဲ မဖြစ်နိုင် တာတွေနှင့် မင်္ဂလာ လာယူနေသေးသည်။ သူတို့ရုပ် သူတို့ရည်နှင့်...။

မှန်းကလည်း ထိုစကားကို လှောင်၏။

"ဒီရုပ်ဒီရည်တွေနဲ့..."

"အဲမယ်... မဟုတ်ဘူးထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



လတ်ဇော်က တမင်ဆွဲပေးဟန်နှင့် ပြော၏။

"သိင်္ဂါရယ်… ဟိုမင်းသားဆို ဟုတ်တုတ်တုတ်… နေ…"

"အေးလေ…"

"ဘယ်မင်းသားလဲ…"

"Olando Bloom ထက် မိုက်တယ်"

"ဟီးဟီး…"

"ဟားဟား…"

မုန်းစကားကို သူတို့က ပြန်လှောင်ရယ်ကြ၏။

သူတို့ချင်း အတည်တွေပြောနေရင်းကပဲ မယုံနိုင်ဖြစ်နေကြရတာ ကတော့ အဆန်းပင်။ ဒါသည်ပင် လောက၏ လှည့်စားချက်တွေလေလား မသိ။ လှည့်ပတ်ညာနေလျှင်ပင် ယုံချင် ယုံမိကြဦးမည် ထင်သည်။ တစ်ခါ တစ်ရံတော့လည်း အမှန်တရားသည် နေရာရနေလျက်ကပင် အထင်မှားခံရတတ်သေးသည်လေ။

◆





'K'

"ဟိုကောင်မလေးက ဘယ်အချိန်က သုတ်ခနဲ ထထွက်သွားလဲ"

သိင်္ဂါတို့ပြန်သွားမှ ကျော်စွာက မကျေမနပ်မေး၏။

"အေး… ငါလည်း မသိမထားမိဘူး၊ သိင်္ဂါတို့ရောက်လာလို့ လှည့်ကြည့်လိုက်တော့ မရှိတော့ဘူး"

"အေး… ငါလည်း ဂျာနယ်ငုံ့ဖတ်နေလိုက်တာ မေ့သွားတယ်"

"ငါရောပဲ…"

နှစ်ယောက်သား တိတ်သွားကြဆဲ လတ်ဇော်က…

"ဒါဆို သဘောတရားက ဒီကောင်မလေး သိင်္ဂါလာမှန်းသိလို့ မမြင်ချင်လို့ ထလစ်သွားတာမျိုးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး… အဲဒါကိုသိချင်လို့ စီစဉ်တာ လွတ်သွားတာ နာတယ်ကွာ"

"အင်းလေ…"

"ငါ့အထင်တော့ သိင်္ဂါလာတာ သူ့ အဝေးကမြင်လို့ လစ်သွားတာ ဖြစ်နိုင်တာပဲ"

"လတ်ဖော်အပြောအရဆို သူက သီဟဆီမှာ သိင်္ဂါဆိုတဲ့ ချစ်သူတစ်ယောက်ရှိနေတာ သိထားရဦးမှာ…"

"အင်းလေ… အဲလိုမှမဟုတ်ရင် ခါတိုင်းလိုဆို ဒါ သူငယ်ချင်းတွေ ဆုံကြစာပဲ…"

"ဟုတ်တယ်နော် စဉ်းစားစရာ…"

"ဒါဆို သူက ငါ့မှာ သိင်္ဂါရှိနေမှန်း သိသိကြီးနဲ့ လိုက်နေတယ်လို့ ဆိုလိုချင်တာပေါ့…"

သိဟ်သီဟ မနေနိုင်စွာမေးမိ၏။ အဖြေတိတိကျကျ ရနိုင်မည်မဟုတ်တာ သေသေချာချာ သိသိကြီးနှင့်။

"ဖြစ်နိုင်တာကို ပြောတာပါ…"

"နေပါဦး… မင်းက သိင်္ဂါ့ကို အားကိုးတကြီး ဆွဲထုတ်ပြတော့ရော ကောင်မလေးက တပ်ခေါက်သွားမယ်ထင်လို့လား…"

"သိနိုင်ဘူးလေ…"

"မိန်းကလေးတော်တော်များများကတော့ နောက်ဆုတ်သွားမှာပဲ၊ အဲ… ဒီမိန်းကလေး ပါ မပါတော့ မသိဘူးနော်၊ သူက သူများနဲ့ ဘယ်နေရာမှာမှ မတူဘူး…"

ကျော်စွာက ထိုသို့ ကောက်ချက်ဆွဲ၏။ ဒါကို လတ်ဖော်က ရယ်ကျဲကျဲ နှင့် ဆက်မေးသည်။





"မတူတာလေးတွေ ပြောပါဦး…"

"ပထမအချက်က ဘယ်သူနဲ့မှ မတူအောင် လှတာ… မိုက်တာ၊ တစ်ချို့က လှတယ်… မမိုက်ဘူး၊ တစ်ချို့က မိုက်တယ် မလှဘူး… သူ့ကျ အဲလိုမဟုတ်ဘူး pretty and cool…"

"နောက်တစ်ချက်က…"

"နောက်တစ်ချက်က လုပ်ချင်တာကို အေးဆေးတည်ငြိမ်စွာနဲ့ လုပ်ရဲတယ်၊ မကလက်ဘူး… ငြိမ်တယ်"

"နောက်တစ်ချက်က…"

"နောက်ဆုံးအချက်က ဒီလိုကောင်ကို သတ္တိရှိရှိ ကြိုက်ရဲတာပဲ၊ ဟဲဟဲဟဲ…"

ပြောရင်းက လျှော့ထွက်သွားလေသည်။ လတ်ဖော်ကတော့ အချက်တိုင်းကို ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံသည်။

"လွယ်လွယ်လေးတော့ မဟုတ်ဘူးနော်… သီဟ"

"အား… ခက်ပါတယ်လို့ ဝန်ခံထားပြီးပြီလေ"

"အေးလေ… ရှင်းရခက်ကြီး…"

"မင်းပဲ လိုရင် ခေါ်လိုက်ဆို… မင်းကူရှင်း…"

ဒီလိုကျတော့ ကျော်စွာက တဟဲဟဲရယ်ကာ မသိသလို လုပ်နေသည်။ လတ်ဖော်ကတော့ တတ်သမျှ မှတ်သမျှ ခြစ်ခြုတ် အကြံကုန်ထုတ်ကာ အကြံပေးရှာသည်။

"မင်း သိင်္ဂါ့ကို မြန်မြန်ယူလိုက်တော့…" တဲ့…။

အားကိုးရာပဲ ပြေးရာရတော့မည့်ပုံနှင့်။ ဒီလိုဖြေရှင်းနည်းကိုတော့ သီဟက လက်မခံချင်။ ကိုယ့်ဘာသာကိုယ် ယူကာမှ ယူရော၊ ဒီရန်က



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ဖို့ ယူလိုက်ရမှာမျိုးကျ သိက္ခာကျသည်။ ပြီးတော့ ကိုယ်က ယောကျ်ား… ဟူသော မာန်ကလေးကလည်း ရှိချင်သေးသည်။

"ကောင်မလေးကြည့်ရတာ အတော်တော့ချမ်းသာပုံပဲ"

"ဟုတ်ပ …ကားတစ်စီးနဲ့…"

ကျော်စွာက လတ်ဇော်၏အဆိုကို ထောက်ခံ၏။

"အရင်က ကားမပါပါဘူးကွာ…"

"အင်းလေ… မပါဆို မင်းက လမ်းလျှောက်နေတာကိုး"

"Taxi လည်း စီးပါတယ်…"

"ဒါကြောင့် ခုမှ ကားပါလာတာဖြစ်မယ်…"

ပြောပြီး ရယ်ကြရသေးသည်။ သီဟကလည်း ဝင်ပြောဖြစ်၏။

"သေချာတာကတော့ ဒီကောင်မလေး မနက်ဘက်ဆို မလာဘူး၊ ခုလိုပိတ်ရက်မို့ မနက်တွေ့ရတာ၊ ရုံးဖွင့်ရက်ဆို ညနေရုံးဆင်းမှ လာတာ၊ သူလည်း သူ့အလုပ်တော့ သူထိခိုက်ခံပုံ မရဘူး…"

"ဟုတ်လိမ့်မယ်… ဒါကြောင့် သူများနဲ့ မတူပါဘူးလို့ ပြောတာပေါ့…"

"message တွေတော့ ပို့တယ်မဟုတ်လား"

"ဟုတ်တယ်လေ… message က အလုပ်လုပ်ရင်း ပို့လို့ရတာပဲ"

"ပို့နေကျ message တစ်ခုရှိတယ်"

"ဘာလဲ…"

"'Please do remember, Somebody loves you, Somebody's me…' ဆိုတာလေ…"

"အဲဒီသီချင်းတော့ တော်တော်ကြိုက်ပုံပဲနော်…"





"အင်း…"

သူတို့စကားဝိုင်းက ဝေဖန်ဆွေးနွေးရေးအသွင်မှ ညှိနှိုင်း အကြံပေးလုပ်နေသည့်အသွင်ကို ပိုဆောင်သွားသည်။ သေချာသည်က ဒီအုပ်စုထဲမှ အားလုံးသည် ယောကျ်ားပီသပြီး စိတ်ထားကောင်းကာ မကောင်းမြင်စိတ်မရှိ ခြင်းပင်။

"သူ့နာမည်က…"

လတ်ဇော်က သတိတရမေး၏။

"မသိဘူး…"

"ဘယ်ကမှန်းရော သိလား"

"ဟင့်အင်း…"

"ညံ့ပုံက သူ့ထက်ကိုညံ့တယ်… သူက အကုန် စေ့စေ့စပ်စပ်သိထားပုံပဲ…"

"ငါတို့မှ စိတ်မဝင်စားတာ နော့… သီဟ"

"အင်း…"

ကျော်စွာက အညံ့မခံချင်သဖြင့် ရသလိုငြင်းရင်း သီဟကိုပါ သေဖော်ညှိလိုက်သေးသည်။

"လိုအပ်လာရင်တော့ သိထားသင့် သိထားရမှာပဲ"

"ဒါဆို မင်းပဲ ကူပါတော့ကွာ…"

လတ်ဇော်စကားကို ကျော်စွာက သူ့ဘက် ပြန်ပို့ပေးလိုက်၏။ လတ်ဇော်တစ်ယောက်ကတော့ ခပ်တည်တည်ပင်။

"ငါ စုံစမ်းပါဦးမယ်…" တဲ့။

ကျော်စွာကတော့ လူရွှတ်ပီပီ သီဟဘက်လှည့်ကာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း… သူ အာရုံရသွားပြီထင်တယ်…"

"မဟုတ်ဘူး… အာရုံလွဲသွားတာ"

သီဟနှင့် ကျော်စွာက ပေါက်ကရပြောကာ ရယ်နေသော်လည်း လတ်ဖော်ကတော့ အတည်ကြီးနှင့် စဉ်းစားခန်းတွေဝင်လို့။

"သူ့ကားနံပါတ်က…"

"…………….."

ကျော်စွာက ဝင်ဖြေ၏။

"ဖုန်းနံပါတ်က…"

"095……"

data တွေကို သေချာမှတ်၏။

"ငါ စုံစမ်းကြည့်ဦးမယ်"

"ဘာလဲ… မင်း အဲဒီဖုန်းကို ခေါ်ကြည့်မလို့လား"

"အဲဒါက နောက်ဆုံးနည်းလမ်းပါ… ဘာမှ မအောင်မြင်မှ လုပ်မှာ…"

"သိပ်မကြာပါဘူး…"

သိဟ်သီဟက တစ်ယောက်တည်းရေရွတ်သလို ခပ်ဖွဖွရေရွတ်၏။ ဒါကို လတ်ဖော်က…

"ဘာပြောလိုက်တယ်…"

"ဩော်… သိပ်မကြာပါဘူးနော်လို့…"

"ဘာလဲ… စုံစမ်းတာလား…"

"ဟင့်အင်း… နောက်ဆုံးနည်းလမ်း သုံးရမှာကို ပြောတာ…"

လတ်ဖော်က နှုတ်ခမ်းလှုပ်ကာ ဆဲသော်လည်း ကျော်စွာနှင့် သိဟ်သီဟကတော့ တဟားဟား ထရယ်မိကြသည်။





ဘာလဲ…။

ဘာတွေလဲ…။

ပေါ့ပေါ့ပါးပါးလေးတွေ မဟုတ်ကြတော့ဘူးလား။ ပေါ့ပေါ့ပါးပါး လို့ထင်ထားရာကနေ ခက်ခဲလေးလံလာခဲ့ပြီလား။ တကယ့်တကယ်က ပေါ့ပေါ့ပါးပါးဖြစ်စေရန် ကြိုးပမ်းရယ်မောနေကြသော်လည်း မသိလိုက် မသိဘာသာ လျစ်လျူရှုရန် ကြိုးစားနေကြသော်လည်း ဒီအတိုင်းကြီး အမှုမဲ့အမှတ်မဲ့ပြီးဆုံး ရှင်းလင်းသွားမည့်အရာ မဟုတ်မှန်းတော့ သိဟ်သီဟ ရင်ထဲက သိနေရတာ သေချာသည်။

ကောင်မလေး၏မျက်ဝန်းညိုညိုထဲမှ မေတ္တာတရားဖြူဖြူလေးများကို သူခံစားမြင်သိနေမိသည်ပဲ။

ဘာလို့များ…

အရာရာသည် လာရောက်လွှဲချော်နေခဲ့သည် မသိ…။

◆

www.burmeseclassic.com

www.burmeseclassic.com



'L'

"မုန်း"

"ဟင်..."

"နင့်မွေးသမိခင် ငါ့ရဲ့ကြီးတော်ကြီးက..."

မုန်း မျက်လုံးပြူးသွားသည်။

"ဘာ... ဘာတဲ့လဲ..."

"ဘာမှမစိုးရိမ်နဲ့... သူ မနက်ဖြန် ရန်ကုန်ရောက်မယ်တဲ့"

မုန်း ခွေခနဲ ခုတင်ပေါ် လဲကျသွားတော့သည်။ တမင်ခွေလဲပြလိုက်တာမို့ စိုးရိမ်စရာမလိုသော်လည်း မုန်းဖြစ်မည်ဆိုလည်း ဖြစ်လောက်သည်။ ဖေဖေက အလုပ်ကိစ္စနှင့် နိုင်ငံခြားသွားမည်။ နှစ်ပတ်ကြာမည်။ ထိုနှစ်ပတ်အတွင်း လွတ်လပ်ရေးရပြီဆိုကာ မုန်းက သူမကောင်လေးကို ပင် ခေါ်ထားသေးသည်။ ခုတော့ ဖြစ်ပုံက သူမရှိချိန်တွင် သူ့အစ်မကို





ကိုယ်စားထားခဲ့မည့်ပုံ။ သိင်္ဂါ့မေမေက အေးတော့ ဘာမှ ပြောမည့်သူ မဟုတ်မုန်း ဖေဖေက သိပုံရသည်။ ဒါကြောင့် သူ့အစ်မကို လှမ်းခေါ်တာ ဖြစ်နိုင်သလို ဟိုက အလိုက်သတိထွက်လာတာလည်း ဖြစ်နိုင်သည်။

"ငါတို့က ကံမကောင်းတာပါ..."

"ဟဲ့... ယောက္ခမနဲ့ သမက်လောင်း တစ်ကရီးတည်း အတူလာမိ လျှက်သား ဖြစ်နေဦးမယ်..."

"ဘာနဲ့လာမှာလဲ..."

"လေယာဉ်နဲ့..."

"ဖြစ်ဖို့ သိပ်များတာပေါ့..."

မုန်းက ရယ်ဟဟနှင့်ဆိုသော်လည်း လေသံက သိပ်အားမရှိ။ မုန်း အမေသာ အနားရှိနေလို့ကတော့ chatting တောင် ကောင်းကောင်းဝင်လို့ ရမှာ မဟုတ်။ လိုက်ကြည့်နေမှာ သေချာသည်။ ပြီး သိတစ်လုံး မသိ တစ်လုံးနှင့် လိုက်မေးနေဦးမည်။ မုန်းမပြောနှင့် သိင်္ဂါလည်း စိတ်ညစ် သည်ပင်...။

"ငါ ဖုန်းဆက်လိုက်ဦးမယ်... ငါ့ကို ဖုန်းခဏပေး..."

မုန်းက ဖုန်းကိုယူသွားကာ အခန်းဝရန်တာထွက်ပြီး ဖုန်းပြော၏။ ဘာတွေ အချီအချပြောနေသည် မသိ။ သိင်္ဂါကလည်း လွှတ်ပေးထား လိုက်သည်။ မနက်ဖြန်ဆို ဒီလိုအခွင့်အရေး မရနိုင်တော့။

မိနစ် ၂၀ လောက်ကြာမှ မုန်း ပြန်ဝင်လာသည်။ ခုတင်ပေါ်မှာ ခွေလျက်။

"ဘာထူးလဲ မုန်း..."

"ဘာမှမထူးဘူး... မောင်ကလည်း လာမှာပဲ... တဲ့... သူ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်ကိစ္စလည်း ရှိတယ်… တဲ့… လေယာဉ်ကတော့ သေချာတယ် တူမှာပဲ… သူ့ကိုမြင်ရင် မေမေတော့ ပိုပြီးကြပ်တော့မှာပဲ…"

"ဟုတ်ပါရဲ့… ငါပါ ကြပ်ခံရမှာ…"

"နင်က အေးဆေးပါ…"

"သီဟနဲ့က အေးဆေးပါ… ငါ့ကိုယ်ဒွိက ဆင်ခြင်နေလို့… ပြီးတော့ အားလုံးက သီဟကို သူငယ်ချင်းအဖြစ် သိထားပြီးသား၊ ခုထိ တော့ မသင်္ကာမဖြစ်သေးဘူး…"

"ဒါဆို ဘာက မအေးတာလဲ…"

"ဟိုပုဂ္ဂိုလ်လေ…"

မှန်း အသံတိတ်သွားသည်။

"နင်စဉ်းစားကြည့် မှန်း… ဖေဖေက ယောက်ျားမို့ ဒါသထွက်ရုံပဲ ထွက်မှာ၊ ကြီးတော်ကတော့ ငါတို့ကို ကြပ်မှာနော်၊ သူ့ကြောင့် အကြပ် ခံရရင် မတန်ဘူး၊ သူ့ကြည့်ရတာလည်း လျော့သွားမယ့်ပုံ တစ်စက်လေးမှ မရှိဘူး…"

"ဟုတ်တယ်နော်… ပွင့်ပွင့်လင်းလင်း မျက်နှာချင်းဆိုင်လာလို့က ငြင်းလွှတ်လို့ရဦးမယ်၊ အဲ… ဒါနဲ့ သူ mail တွေ ပို့နေတာပဲ၊ အဲဒီက နေ နင် ဘာမှ ပြန်မပြောဘူးလား…"

သိင်္ဂါ ခေါင်းခါပြလိုက်သည်။

"အဲဒီ account ကို သိပ်တောင်မသုံးတော့ဘူး၊ ခု တခြား account နဲ့ပဲ သီဟနဲ့ ဆက်သွယ်တာ၊ အရင် account ဟောင်းက သူ့ဆွေတို့ပဲ သုံးတာလေ၊ တစ်ခါတလေမှ ဖွင့်ကြည့်ပြီး အဲဒီ mail တွေကို delete လုပ်ပစ်နေတာ ကြာပြီ"





"နင် ဒီလိုလုပ်ပါလား"

"အင်း… ပြော…"

မှန်းက ခုနက ခွေလျော့လျော့ဖြစ်နေတာ သူမဟုတ်သလိုနှင့် ငေါက်ခနဲပင် ထလာသည်။

"နင် အဲဒီလူကို mail ပြန်ပို့လိုက်… နင့်မှာ ချစ်သူရှိတယ်လို့…"

အင်မတန်ရိုးစင်းသော ကိစ္စကြီး…။

သို့သော် မလုပ်ဘဲနေလျှင်လည်း တစ်ဖက်က ဘာမှသိမှာ မဟုတ်… ဟု တွေးကာ သိင်္ဂါ ခေါင်းညိတ်ပြလိုက်သည်။

"အင်း…"

"တစ်ရန်အေးတော့ ငါတို့ ခေါင်းနည်းနည်းပေါ့တာပေါ့ဟာ… မဟုတ်ရင် မေမေက တစ်မျိုး၊ မောင့်အတွက် စဉ်းစားရတာ တစ်မျိုး၊ နင်နဲ့ သီဟကို စဉ်းစားပေးရတာက တစ်မျိုး၊ သူ့ကြောင့် ဘာများဖြစ်လာ နိုင်လဲလို့ တွေးပူရတာတစ်မျိုးနဲ့ အရွယ်မတိုင်ခင် အိုစာကုန်ဦးမယ်…"

မှန်းစကားအဆုံးမှာ သူတို့ ရယ်မိကြသည်။

သိင်္ဂါက သူ့ဘာသာသူ မှန်ထဲကြည့်လိုက်ရင်း…

"ငါကတော့ နင့်ထက် နုတယ်နော်… ဟဲဟဲ… သောကမှ မရှိတာ…" ဟု ပြောတော့ မှန်းက မျက်စောင်းခဲသည်။

"အေးပါ… ကုသိုလ်ကံလေးကောင်းနေတုန်း ပြောတာပေါ့…"

"ကဲပါ… အချိန်ကြာတယ်၊ ခုပဲ mail ပို့လိုက်ဦးမယ်…"

ပြောပြောဆိုဆို သိင်္ဂါက ကွန်ပျူတာကို ဖွင့်သည်။ ဖြစ်ချင်တော့ connection က လုံးဝမကောင်း။ mail ထဲ ဝင်လို့မရ။ ဖတ်ဖို့ ပြန်ပို့ဖို့ ဆိုတာတော့ မစဉ်းစားနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"connection ကလည်း..."

သိင်္ဂါ စိတ်မရှည်သံနှင့် ညည်းမိ၏။

မုန်းက ကွန်ပျူတာကို ကြည့်ရင်း...

"စီစီဖတ်(စ) တွန်းတင်လိုက် ပြန်လှိမ့်ချလိုက် လုပ်နေရတဲ့ ကျောက်တုံးကြီးက ခု internet connection ထဲ လာငြိနေတယ်ထင်တယ်"

"အေး... ဟုတ်တယ်... ကြည့်ရတာ စီစီဖတ်(စ) ကို ဘုရားသခင်က လွတ်ငြိမ်းခွင့်ပေးလိုက်ပြီထင်တယ်..."

လူငယ်ပီပီ အခက်အခဲ အနှောင့်အယှက်တွေကို ဟာသလုပ်ကာ ရယ်မောပစ်လိုက်ကြသည်။ ဒီလိုမှမဟုတ်ရင်လည်း အရာတိုင်းသည် စီစီပတ်(စ)၏ ကျောက်တုံးထက်ပင် လေးလံနေနိုင်လေသည်။

ကွန်ပျူတာကို အပြီးပိတ်ပစ်လိုက်ရင်းက သိင်္ဂါ ပါးစပ်မှ ညည်းတွားသည်။

"ဟင်... မနက်ဖြန်ဆိုရင် ငါတို့လွတ်လပ်ရေးဆုံးရှုံးပြီ၊ ဒီတော့ ခုကတည်းက လုပ်ချင်ရာ လုပ်ထားမှ..."

"နင့်မွေးသဖခင်ကြီး ရှိသေးတယ်လေ..."

မုန်းက မဲ့တဲ့တဲ့လေးနှင့် သံတိပေး၏။

အာ... သူ့ ခရီးထွက်ဖို့ အလုပ်များနေတယ်လေ၊ မေမေနဲ့အတူ ခရီးဆောင်သေတ္တာ ပြင်နေမှာပေါ့..."

"အင်း... ငါတို့တော်လိုက်ရတဲ့ အန်တီနဲ့ နင်တော်ရတဲ့ ဦးလေးကတော့ လောကကြီးမှာ ရှာမှ ရှား..."

မုန်းက ထိုသို့ မှတ်ချက်ချ၏။ ဟုတ်တော့လည်း ဟုတ်သည်။





သူတို့မောင်နှမ လောကတ်ကြီးကို မကျေနပ်သမျှ သိင်္ဂါမေမေနှင့် မုန်းဖေဖေက သိပ်ကျေနပ်သည်။ သိပ်ကို အေးချမ်းသည်။ သူတို့အတွက်က တစ်လောကလုံးသည် လူကောင်းတွေချည်းနှင့်သာ ဖွဲ့စည်းထားပြီး သူတို့နားက အပူခဲများကိုလည်း သည်းခံနိုင်စွမ်းကြသည်။

မေမေက ဖေဖေပြောသမျှ ဒါ အနီဆို လိုက်နီပေးတာ၊ ဒါ အဝိုင်းဆို လိုက်ဝိုင်းပေးတာက ထားတော့...။ မုန်းဖေဖေကလည်း ထိုအတိုင်းပင်...။ ဒီတော့ ဖေဖေနှင့် ကြီးဒေါ်တို့ ထင်တိုင်းကျဲနိုင်တာကလည်း မဆန်း။ ဒီကြားထဲမှာမှ သူတို့နှစ်ယောက်လုံးနှင့် ခြားနားစွာမွေးလာသော သမီးနှစ်ယောက်ကလည်း တစ်ဘာသာစီ။ အဖေနှင့် ကြီးတော်လို မပူလောင်။ ဦးလေးနှင့် အမေလိုလည်း ငြိမ်နေရမှာ မဖြစ်နိုင်သော နှစ်ယောက်။ ဉာဏ်နီဉာဏ်နက်ကလေးတွေ ကိုယ်စီနှင့်...။

"တစ်ခုတော့ရှိတယ် မုန်း..."

"ဘာလဲ..."

"အဲဒီပုဂ္ဂိုလ်လေးကို နင့်ကိုလိုက်နေတာလို့ ရှန်တိန်လုပ်ပေးလိုက်ရင်ရော..."

မုန်း မျက်လုံးပေကလပ် ပေကလပ်နှင့် စဉ်းစားနေ၏။

"မောင့်ကို သွားပြောရင်ကော..."

"နင်က ကြိုပြောထားပေါ့..."

"အေးနော်... မေမေသာ အဲဒါကို တကယ်ယုံသွားရင်... သူက မောင်ကလွဲရင် ဘယ်သူလာလာ ဆိုတော့ အိုကေပဲ..."

မုန်းလည်း ထိုအကြံအစည်ကို လက်ခံသည်။

"ဖြစ်မလာရင်တော့ ကံပေါ့ကွယ်..."



www.burmeseclassic.com

www.burmeseclassic.com



စတုန်းက သူ့ပဲစပြီး ခုကျကာမှ သိင်္ဂါက 'ကံ' ပဲတွေ ဘာတွေ လုပ်နေပြန်သည်။ ဘာပဲပြောပြော မုန်းကတော့ ထိုအစီအစဉ်ကို အရမ်းကာရောကြီးကို စိတ်ဝင်စားသွားရပြီ။ နည်းနည်းတော့ အိုက်တင်တွေ့ ဘာတွေ ကျင့်ရလိမ့်မည်။ ဒါလည်း သိပ်တော့ မခက်ခဲပါ။ တကယ့်ဖြစ်ရပ်မှန် လုပ်ကြံမှုကြီးတွေက ရုပ်ရှင်ထဲက ဇာတ်ကွက်တွေထက် ပိုရိုသေချာနေတတ်တာ အားလုံးအသိပဲ မဟုတ်လား။ ဒါကြောင့်သာ လောကမှာ လှည့်ဖြားခံရတာတွေ ဒုနဲ့ဒေးဖြစ်နေကြခြင်း မဟုတ်ပါလား။

"ခွင့်လွှတ်ပါ မေမေ..."

ဒီလိုတော့ မုန်းစိတ်ထဲက ကျိတ်တောင်းပန်မိသေးသည်။

◆





## 'M'

အထူးစုံစမ်းစစ်ဆေးရေးမှူးကြီး 'လတ်ဇော်' တစ်ယောက် ထိုတာဝန်ကို သူ့ဘာသာသူ ရယူသွားပြီးကတည်းက ဖုန်းလေးတစ်ချက်ပင် ဆက်ဖော်မရတော့။ ကောင်မလေးကတော့ သူ့တာဝန်ကို သူ မပျက်မကွက် ထမ်းဆောင်နေဆဲ။

ကောင်မလေးပုံစံက ထူးခြားတာတော့ အမှန်။ သူ့ကို စောင့်နေချိန်မှာ သူမမျက်နှာလှလှလေးက ကန်ရေပြင်လို ငြိမ်သက်လို့။ သူ့ကို တွေ့လိုက်ပြီဆိုလျှင်တော့ လှိုင်းဂယက်တချို့ ဖြတ်ပြေးသွားသလို နည်းနည်းလှုပ်လှုပ်ခတ်ခတ်လေး တွေ့လိုက်ရတတ်ပြီး... ပြီးလျှင်တော့ ပုံမှန် ပြန်ဖြစ်သွားတော့သည်။

ဒီနေ့ညနေတော့ သူ့ရုံးရှေ့မှာစောင့်နေသူက နှစ်ယောက်။ တစ်ယောက်က ကျော်စွာ...။ ခါတိုင်းဆို ရုံးထဲဝင်လာနေကျ။ ခုကျကာမှ



www.burmeseclassic.com

www.burmeseclassic.com



ရုံးရှေ့လှေကားမှာ ထိုင်ကာ ပလက်ဖောင်းတစ်ခုသာခြားပြီး ရုံးဘက်လှည့်နေသော ကောင်မလေးနှင့် မျက်နှာချင်းဆိုင်ထားသည်။

အင်း… ကျော်စွာတို့ကတော့ လုပ်ပြီ…” ‘အားနာစရာ’ ဟု တွေးလိုက်မိသေးသော်လည်း ကောင်မလေးပုံစံကို မြင်တော့ စိတ်သက်သာရာရသွားသည်။ ပုံစံက ကျော်စွာကို ရှိသည်ဟုပင် မထင်သောပုံပေါက်နေခြင်းပင်။ သူမအာရုံမှာ သိဟ်သီဟနှင့် သိဟ်သီဟ၏ရုံးခန်းသာ ရှိပုံရသည်။ သူမ၏အကြည့်မှာလည်း ပကတိ ရှင်းလင်းနူးညံ့လျက်။

“ထောက်လှမ်းရေးထဲမှာ အဲလို မိန်းကလေးလှလှလေးတွေ ရောက်နေပြီလို့များ ကြားထားလား သီဟ…”

သီဟ ရယ်ချင်စိတ်ကိုထိန်းကာ ပြန်ပက်ရသည်။

“မင်း ပြန်ထောက်လှမ်းလိုက်ပါလား… ခွီးထဲမှ… ငါ့များ ရာဇဝတ်သားကျနေတာပဲ ပြောတာ…”

“အဲလို မဆိုလိုပါဘူး…”

စကားကို ထိုနေရာတွင်ဖြတ်ကာ မကြားတကြားလေသံနှင့် ဆက်ရွတ်နေသေးသည်။

“အဲလို ခပ်ဆင်ဆင်လော့ကပ်ပါပဲ…” တဲ့…။

သီဟ တမင်သက်သက်ကို မကြားချင်ဟန်ဆောင်နေလိုက်သည်။

“မင်းက ဘာလာလုပ်တာလဲ…”

“မင်းမျက်နှာ လာဖူးမျှော်တယ်များ ထင်နေလား…”

“မင်း အဲလောက်တော့ စိတ်မပြောင်းသွားသေးဘူး ထင်ရတာပဲ”

ကျော်စွာ ပါးစပ်ကို အသာလှုပ်ကာ ရွတ်ဖတ်သရဇ္ဈာယ်လိုက်သေးသည်။ ပြီးမှ…





“ဒီည မြရိပ်ညိုမှာ Stage Show ရှိတယ်လေ…”

“အဲဒါ ဘာဖြစ်လဲ…”

“သွားမလို့…”

“အေးအေးနေပါရစေကွာ…”

“လက်ဆောင်ရထားတဲ့ လက်မှတ်တွေ နမြောစရာ…”

ကျော်စွာ့ရည်ရွယ်ချက်က ကြီးမားလွန်းနေသဖြင့် ကျိတ်ပြုံးရသေးသည်။

“ဘယ်နှစ်စောင်လဲ…”

“သုံးစောင်… ဟိုကောင်လတ်ဖော်လည်း ဖုန်းမမိဘူး၊ တစ်နေကုန် ဆက်သွယ်မှုဧရိယာပြင်ပ ရောက်လိုက်… ဆက်သွယ်လို့ မရသေးပါရှင် ဖြစ်လိုက်၊ တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ မအားသေးပါ ဖြစ်လိုက်… သူ့မယားတွေနဲ့ပဲ ပတ်တိုးနေတယ်…”

ကျော်စွာစကားကြောင့် သီဟ ဟက်ဟက်ပက်ပက် ရယ်မိသည်။ ဒါ… အမှန်ပဲကိုး…။ သေရေးရှင်ရေးသာ ခေါ်လို့ကတော့ heart attack ရပြီးသားလူနာဆို နှစ်ခါတောင် သေလို့ ရနိုင်သည်။

“ငါ့မှာ အကောင်းဆုံးအကြံတစ်ခုရှိတယ်”

“ဘာလဲ…”

ကျော်စွာ စိတ်ဝင်တစားမေးလာသဖြင့် အနားတိုးကပ်ကာ ပြောပြလိုက်ရသည်။

“အာ… ကောင်းတာပေါ့… လာလာ မြန်မြန်သွားရအောင်…”

သီဟစကားကို ဒီတစ်ခါပဲ မြိန်ရေယှက်ရေ ထောက်ခံဖူးသေးသည်။ သူတို့နှစ်ယောက်သား မြရိပ်ညိုကို ကားငှားလာချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက နောက်မှ ကားနှင့် ပါလာသည်။

"သီဟ"

"ဘာလဲ..."

"ဟိုရောက်ရင် မင်းက တစ်နေရာမှာ နေခဲ့..."

"အင်း... ဘာလို့လဲ..."

"ဒါမှ ဟိုမချောလေး မတွေ့မှာပေါ့..."

"အား... ဟုတ်တယ်..."

သူတို့အကြံက လူသိခံလို့ သိပ်မကောင်း။ လက်မှတ်များကို မှောင်ခိုများထံ ပြန်ရောင်းပစ်ရန်ဖြစ်သည်။ သူတို့မှ မကြည့်ချင်ဘဲ...။ ကျော်စွာကလည်း ဒါမျိုးကျ အားကိုးရသည်။ လစ်ခနဲ ဘယ်ရောက်သွားမှန်းပင် မသိ...။ ခဏနေကျ ပြန်ရောက်လာသည်။

"အိုကေပဲ..."

လက်မလည်းထောင်လို့... မျက်နှာကလည်း ဖြီးလို့...။

"ဟုတ်လား... လာ ဒါဆို သွားမယ်..."

"မင်း သိလား..."

"ဘာကိုလဲ..."

"ငါရောင်းတဲ့လက်မှတ်ကို ပြန်ဝယ်တဲ့သူ..."

ကျော်စွာ့မျက်နှာကြီးကို ကြည့်ကာ သီဟ သဘောပေါက်လိုက်ပါသည်။

"ဟိုကောင်မလေး..."

"အင်း..."

"ငါထွက်လာတော့ သူ အဲဒီမိန်းမနားကပ်ပြီး လက်မှတ်ဝယ်ဖို့ ပြောနေတာ ကြားရတယ်..."





"အဲလိုသာကြည့်မယ်ဆို အလကားတောင် ပေးခဲ့သင့်တာ..."

သီဟစကားကြောင့် ကျော်စွာက ရုပ်ရှင်ထဲက မင်းသားတွေလို ခေါင်းကို ဟန်ပါပါရမ်းပြသည်။ (တစ်စက်လေးမှ အဆင်မပြေပါ။ ကြည့်ရတာ ဆိုးနေသည်။)

"မဟုတ်သေးဘူး သီဟ... သူက ငါတို့ကြည့်မယ်မှတ်လို့ ဝယ်တာလေ..."

"အင်းလေ..."

"သူ့ဘာသာသူတော့ ပိုက်ဆံအကုန်ခံပြီး အဲဒီထဲ မင်းမပါဘဲ လိုက်ဝင်ပါ့မလား..."

"အင်း...ဟုတ်တော့ ဟုတ်တယ် ခုကျတော့ရော..."

"ခုကျတော့ ငါက လက်မှတ်လာဝယ်... မင်းက စောင့်... အဲလို ထင်ပြီး... ထင်ပြီး အဲ..."

ကျော်စွာ့စကားတွေက ဆန့်တငင်ငင်နှင့် ရပ်သွားရတော့သည်။ ကောင်မလေးကားက လမ်းလျှောက်ထွက်လာသော သူတို့ဘေးမှာ ကျွီခနဲ ထိုးရပ်လိုက်သောကြောင့် ဖြစ်သည်။

မျက်မှန်လုလုလေးတစ်လက် တပ်ထားသော်လည်း မျက်ခုံးကို တွန့်ချိုးထားတာက အသိသာကြီး။ ဘာစကားတစ်ခွန်းမှ မပြောဘဲ ကားကို ဆောင့်ထွက်သွားသော်လည်း အခိုးပွာယ်တွေအများကြီး ကျန်ခဲ့သည်။

သီဟက ပခုံးကို ဟန်ပါပါတွန့်မိပြီးကာမှ ကျော်စွာ့ထံမှ ချီးမွမ်းစကားမကြားရခင် ကပျာကယာ အမူအရာကို ပြင်ပစ်လိုက်ရသည်။

"ခုလောက်ဆိုရင်တော့ ငါတို့ လက်မှတ်လာရောင်းစားတာ သိသွားလောက်ပြီလား..."



www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်တော့ မဆိုးလောက်ပါဘူး သီဟရာ..."

"ဒါဆို ဘာဖြစ်တာလဲ..."

"ငါတို့ကဟန်ပြပြီး ပြန်ပတ်ပြေးလာတယ် မြင်မှာပေါ့..."

"အဲလို ပြန်ပတ်ပြေးရအောင် ငါတို့က မိန်းမတွေလား..."

"သူကတော့ အဲလို မထင်လောက်ပါဘူး၊ မထင်လောက်လို့သာ လိုက်နေတာပေါ့... မိန်းမချင်းဆို သူ အဲလောက်ဒုက္ခခံမှာ မဟုတ်ပါဘူး"

ကျော်စွာက ခပ်တည်တည်နှင့် ပြောနေသော်လည်း သီဟမှာတော့ ကသိကအောက်နှင့်။

ခုလို ကားလေးပျောက်ပြီး ထွက်ခွာသွားပြန်တော့လည်း တစ်မျိုးတော့အေးသည်ပင်။ သူတစ်ပါးကို လှည့်စားရာကျသည်က လွဲလျှင် အဆင်တော့ ပြေသား။ ဒါကလည်း တကယ့်ကို တိုက်ဆိုင်လွန်းလို့သာ။ သူတို့ဘာသာ သူတို့ကတော့ မိန်းကလေးတစ်ယောက်ကို ဒီလိုကျွေ့ပတ်ပြီး အကွက်ဆင်ကာ ထားပစ်ခဲ့စရာ ဘာအကြောင်းမှ မရှိ။

"လာပါကွာ... အေးအေးဆေးဆေး ထမင်းသွားစားရအောင်"

ကျော်စွာက ထိုသို့ပြောကာ သူကပဲ ဦးဆောင်ကာ ခေါ်သွားတော့သည်။ သူခေါ်ဆောင်သွားရာ ထိုင်းဆိုင်လေးက သီးသန့်ဆန်ကာ အတော်လေးကို အဆင်ပြေသောနေရာလေး ဖြစ်သည်။ အစားအသောက်ကလည်း အရမ်းအဆင်ပြေကာ ကံကောင်းချင်တော့ တစ်နေကုန် ဖုန်းမမိသော လတ်ဖော်ကပါ ဖုန်းဆက်ပြီး ရောက်လာပြန်သည်။

ရယ်မောသံတဟားဟား တဟီးဟီးများနှင့် ညတစ်ည ကုန်ဆုံးသွားပေတော့မည်။ သီဟအတွက်ကတော့ ရယ်သံများသည် စိတ်ပျော်ရွှင်မှု မဖြစ်ခဲ့။ ဘာကို အလိုမကျမှန်း မသိသော ကသိကအောက်စိတ်က





တစ်ဖက်... လက်ဆောင်ရသော လက်မှတ်များကို ခပ်တည်တည်နှင့် သွားရောင်းစားခဲ့တာကို လိပ်ပြာမလုံသောစိတ်က တစ်ဖက်နှင့် ဘယ်လို ကြီးမှန်းကို မသိ။ တကယ်တမ်းကျတော့ ထိုအကြံကို စပေးမိခဲ့သူက သူကိုယ်တိုင် မဟုတ်လား။

ရည်ရွယ်တိုင်း မဖြစ်ဘဲ... မရည်ရွယ်ဘဲလည်း ဖြစ်တတ်တာ သဘာဝပဲလား...။

◆



www.burmeseclassic.com

www.burmeseclassic.com



**'N'**

*မင်းမှာ ချစ်သူရှိတယ်ဆိုတာ အရင်ကတည်းက သိပါတယ်။*

*ဒါဟာ... ငါ့ရဲ့ မင်းအပေါ်မှာထားတဲ့ ချစ်ခြင်းကို...*

*ဘယ်လိုမှ ပြောင်းလဲရပ်တန့်မသွားစေနိုင်ပါဘူး။*

Snow Worrier

"ဘာပြောရမှန်းတောင် မသိတော့ဘူး"

မုန်းက စာကို အစအဆုံးဖတ်ပြီး ထိုသို့ရေရွတ်၏။

"ပြောလေ... နှင်ပဲအကြံပေးလို့ ငါက ပြောပြလိုက်တာ..."

"ဟင်... ငါက နှင့်ကို ပြောလိုက်ပါလားပဲပြောတာ၊ သူ့ဘက်က နောက်မဆုတ်သွားရင်လို့ ငါ တစ်ခါမှ တွေးမထားခဲ့သလို... ဘာလုပ်ရမယ် ညာလုပ်သင့်တယ်လို့ အကြံပေးပါ့မယ်လို့လည်း တစ်ခါမှ မပြောမိပါလား..."





ဒီလိုကျတော့ မုန်း အကြောက်အကန်တွေ ငြင်းတော့သည်။ သိဂ်ါ့အတွက်ကတော့ ဘာမှ သိပ်မထူးခြားလှပါ။ ဘယ်လိုမှ ခံစားချက်မရှိသော လူတစ်ယောက်၏ အဆုတ်အတက်နှင့် ပတ်သက်၍ သိဂ်ါ ဘယ်လိုမှ သဘောထားမှာ မဟုတ်။

"ဟဲ့... ဟိုနှစ်ကောင် ရုံးမသွားသေးဘူးလား"

ဒါ မုန်းမေမေ သိဂ်ါ့ကြီးတော်ကြီးရဲ့အသံ...။

"ဟုတ်... သွားမယ်..."

နှစ်ယောက်သား စက်ပိတ်ပြီး ဆင်းလာတော့ ညှော့ခန်းမှာ ကြီးတော်က ရှုံ့အပြည့်နှင့် စောင့်လို့...။

"ဒါ... ဒါက..."

"မေမေက အပြင်သွားမလို့လား..."

"ဟုတ်တယ်လေ... နင်တို့ကို ရုံးပို့မယ်၊ ပြီးမှ သွားချင်တဲ့နေရာ သွားမယ်..."

"အား... ရပါတယ် ဒေါ်ကြီးရဲ့... သမီးမောင်းမှာပေါ့... ဒေါ်ကြီးက ဖေဖေ့ကားယူသွား... ဒရိုင်ဘာရှိတယ်..."

"အဲလိုလုပ်လို့မရဘူး သိဂ်ါ... နင့်အဖေက သူ့ကားကို ဝပ်ရှော့မှာ ထိုးသွားတယ်..."

"ဟင်... ဟုတ်လား..."

လုပ်ပုံများက အကွက်စေ့လွန်းအားကြီးနေသည်။

"ကဲ... လာလာ... ငါတောင် အဆင်သင့်ဖြစ်နေတာ ကြာပြီ... စောင့်လိုက်ရတာ သွားစို့..."

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မဲ့မိကြသည်။ မျှော်လင့်ထားပြီးသားပေမယ့် နောက်ဆုံးချိန်ထိတော့ ကလန်ကဆန်လုပ်ကြည့်ချင်ကြသေးသည်လေ။

ထုံးစံအတိုင်းပါပဲ...။

သူတို့ကားထွက်လာသည်နှင့် 'သူရဲကောင်း' လေး၏ကားက နောက်က ပါလာပြီ။ နှစ်ယောက်သား စကားကို တမင်ဖောင်ဖွဲ့ပြီး ပြောလာလိုက်သည်။ ဒေါ်ကြီးကတော့ ကားရှေ့ခန်း မိန့်မိန့်ကြီးထိုင်လို့...။ သူတို့ကိုတော့ တစ်ချက်တစ်ချက် လှည့်အကဲခတ်နေပုံရသည်။

"အဲဒါ နင် သင်္ဘောပြန်လာရင် မှာပေးပါလား..."

"အေး... မှာပေးမယ်၊ အဲဒီ Clinique က နှစ်မျိုးရှိတယ်၊ ရိုးရိုးရယ်... Whitening ပါတာရယ်... အဲဒီမှာမှ Skin type ကို လိုက်ပြီး ကွဲပြန်ရော... နင့် Skin type က..."

"Oily လေ"

"ဒါဆို tyep 2..."

"Soap ရယ်... Lotion ရယ်...ဒါပဲလား..."

"ငါက မသိဘူးလေ... နင်ပဲ ကြည့်မှာပေး..."

"အေး... ငါက ရေမွှေး မှာမလို့..."

"ဘာရေမွှေးလဲ..."

"Issy Miyake"

"ဟဲ့... ငါမကြားဖူးပါလား ကောင်းလား..."

"အင်း... ငါကြိုက်တယ်..."

"ဟဲ့..."

ဒီ'ဟဲ့'က မုန်းရဲ့ 'ဟဲ့' မဟုတ်ပါဘူး။ သူ့အမေရဲ့ 'ဟဲ့' ပါ။





"ဘာလဲ မေမေ အဲဒီရေမွှေးကို မေမေသိလို့လား..."

"ဘာမှသိစရာ အကြောင်းမရှိဘူး... စိတ်လည်း မဝင်စားဘူး..."

"ဒါဆို..."

"အဲဒီကောင်က နင့်ကောင်သူငယ်ချင်းလား..."

တစ်ဖက်က ပြိုင်ကားလေးကို မသိမသာမေးဆတ်ပြရင်း မေးသည်။ သေချာသည်။ သူ ရိပ်မိသွားပြီ။

"ဟင့်အင်း... မဟုတ်ဘူး မေမေ..."

မုန်းက မျက်နှာသေလေးနှင့် ငြင်း၏။

"ဒါဆို ဘာလဲ... မိသိဂ်ါနောက် လိုက်တာလား"

"ဟင့်အင်း... ဒေါ်ကြီး..."

"ဟဲ့... ဒါဆို ဘာလဲ... ငါ့ကို မညာနဲ့နော်... ဒါ ဘယ်သူ့နောက် လိုက်တာလဲ..."

"မုန်းပါ မေမေ..."

မုန်း မျက်နှာသေလေးနှင့် ဖြေ၏။ ဒါပေမယ့် ဒေါ်ကြီးသည် မုန်းကို မွေးထားသောအမေမို့ သူ့သမီးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မယုံချင်။

"နင့်ကိုကြိုက်တာ..."

"ဟုတ်..."

"ဩော်... ဒါကြောင့် နင် သိပ်လှချင်နေတာပေါ့... အလှပြင်ပစ္စည်းတွေ မှာရတာနဲ့ ဘာနဲ့..."

ဟော... တည့်တည့်တော့ ဝင်ချလာပြီ။ မသိမသာလေး ရှောင်ပေးမှ မဟုတ်လျှင် အရမ်းကြီးအားနာစရာ ကောင်းနေဦးမည်။

"အာ... မေမေကလည်း မဆိုင်ပါဘူး..."



www.burmeseclassic.com

www.burmeseclassic.com



“ပြောနိုင်ဘူး ဒေါ်ကြီးရဲ့...”

ကဲ... ဒါက သိင်္ဂါနှုတ်က အလိုအလျောက်ထွက်သွားတဲ့ ဇာတ်ပို့စကား။ ဒေါ်ကြီးကတော့ တစ်ဖက်ကားကို ပြန်အကဲခတ်ရင်း...

“အင်း... ဟိုအကောင့်သားနဲ့ကတော့ နံ့သာဆီနဲ့ ဟိုဒင်းနဲ့လိုပဲ...”

မုန်းက ထိုစကားကြောင့် ရှုံ့မဲ့သွားရသော်လည်း ဒီလောက်ယုံပေးတာကိုတော့ ကျေနပ်နေမိသည်။

“ကြည့်ရတာ အချိန်ပိုနေတဲ့ သူဌေးသားဘော်ကြော့ နေမှာပါ ဒေါ်ကြီးရာ...”

သိင်္ဂါက ခပ်တည်တည်နှင့် ဝေဖန်ပြလိုက်၏။

“အင်း... ကြည့်ရတာတော့ အတော်အဆင့်အတန်းရှိမယ့်ထဲက မုန်း သိသာတယ်... မိမုန်း...”

“ရှင်...”

“နင်က ဘယ်လိုလဲ...”

“စိတ်ဝင်စားစရာကောင်းပါတယ် ဒါပေမယ့်... သမီးမှာက...”

“တော်... တော်... ငါ့နယ် အံ့ရော... သမီးတစ်ကောင် မွေးထားပါတယ်၊ သင့်တော်ရာကျ မစဉ်းစားချင်ဘူး... မသင့်တော်တာကျ ဖျပ်ဖျပ်ကို လူးလို့...”

“သမီး ဘယ်မှာလူးလို့လဲ...”

“သဘောပြောတာ... ဘာပဲပြောပြော ဟိုကောင့်သားနဲ့ကတော့ ဘာမှမဆိုင်ဘူး... ဒီသူငယ်လေးက ချောက ချောနဲ့...”

သူ့အမေ တစ်ခါတည်းပစ်ကျသွားပုံက အံ့သြစရာ...။ အင်းလေ... မွေးသဖခင်လို ဒေါသတကြီးနဲ့လူတောင် ဒေါသထွက်ပြတာက လွဲလို့





ဘာပြဿနာမှ မဖြစ်အောင် သူ့ဥပဓိလေးက ထိန်းနေပေးခဲ့တာ မဟုတ်လား။ မျက်နှာထားလေးက တည်တည်တင်းတင်းလေးနှင့်ကို ချောမောခန့်ညားလွန်းလှတာတော့ ဝန်ခံရမည်။ ထိုအရာအားလုံးကို မိန်းကလေးတိုင်း စိတ်ဝင်စားမည်ဟု ထင်လျှင်တော့ မှားသွားပေလိမ့်မည်။

ကားကလေးကတော့ သူ့တာဝန်ကို သူထမ်းဆောင်ပြီးသည်နှင့် ထွက်သွားတော့သည်။ မုန်းနှင့် သိင်္ဂါလည်း နှစ်ယောက်သား အောင်မြင်မှုအထိမ်းအမှတ်အနေနှင့် ရုံးတံခါးပိတ်သည်နှင့် လက်ဝါးချင်းရိုက်မိပြီးသား။

“အဲဒါက ဘာဖြစ်လာတာလဲ...”

ရုံးမှ အစ်မတစ်ယောက်က လှမ်းမေး၏။

“ပျော်လာတာလေ အစ်မရဲ့...”

“ဒါဆို ဆက်ပျော်လိုက်ဦး... ဟိုမှာ ‘သိမ့်သင်္ဂါ’ တဲ့ ပန်းစည်းတစ်ခု ရောက်နေတယ်”

“မြတ်... စွာ... ဘု... ရား...”

သိင်္ဂါ ဘုရားကို လေးတွဲ့စွာတရင်း ပန်းစည်းဆီ ပြေးရသည်။ သေချာတာကတော့ ‘သိဟ်သီဟ’ ထံမှ မဖြစ်နိုင်။ သူက ဒါမျိုး ဝါသနာမပါ။ စိတ်ကူးရကောင်းမှန်းပင် သိမှာ မဟုတ်။

**“Only for you, Theint Thingar”**

**Snow Worrior**

မုန်းနှင့် သိင်္ဂါတို့ တစ်ယောက်ကို တစ်ယောက် ရှုပ်ထွေးစွာကြည့်မိကြသည်။ ဘယ်အချိန်ကတည်းကများ ဘယ်သူ့ကို ဘယ်လိုပို့ခိုင်းထားမှန်း မသိ။ Delivery နှင့်လာသောပုံတော့ မပေါ်။

သိင်္ဂါကတော့ ၅ မိနစ်အတွင်းမှာပင် အကြံရကာ ကဒ်ပြားလေးကို

www.burmeseclassic.com



ဆွဲဖြုတ်ကာ အမှိုက်ခြင်းထဲ ထည့်လိုက်သည်။ လာလေ့... နောက်ထပ် ကဒ်တစ်ခု...။

**"Only for you, Mone..."**

ဟု font လှလှလေးနှင့်ရိုက်ကာ ကဒ်လှလှလေးနှင့် ထုတ်လိုက်လေသည်။

◆





## 'O'

"အဲဒီကောင်မလေးနာမည်က Snow White တဲ့..."

အထူးစုံစမ်းထောက်လှမ်းရေးမှူးကြီး လတ်ဇော်က ပြော၏။ ဖုန်းနှင့် လှမ်းပြောနေခြင်းဖြစ်သည်။

"ကမ္ဘာအေးဘုရားလမ်းပေါ်မှာ နေတယ်"

"အင်း..."

"တော်တော်လည်း ချမ်းသာတယ်"

"အင်း..."

"သူ့မှာ အစ်ကိုလား မောင်လား တစ်ယောက်ရှိတယ်တဲ့..."

"အင်း..."

"သူတို့က သီးသန့်ဆန်တယ်၊ သိပ်ပြီး အပေါင်းအသင်းမရှိဘူး၊ တစ်ယောက်တည်း သွားလာနေတတ်တာပဲ တွေ့တယ်တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေက..."

"သူတို့က ခြံကျယ်ကြီးထဲမှာ အိမ်တစ်လုံးစီနဲ့ နေကြတာဆိုပဲ..."

"ဘာကြီးလဲ..."

"သီးသန့်ဆန်တာ ခေါ်မလား... အနောက်တိုင်းဆန်တယ် ခေါ်မလား... အဖေအမေကလည်း လုပ်ငန်းခွဲကိုယ်စီတွေနဲ့ ဆိုတော့ မအားကြဘူး... တဲ့..."

"သြော်... ဒါကြောင့်ကိုး..."

မိဘက ဘာမှမသိလို့ ဖြစ်ချင်တိုင်း ဖြစ်နေတာပေါ့... ဟုတော့ ပြော၍ မရပါ။ ခုခေတ်မှာက လူတိုင်း အလုပ်များကြသည်။ ပြီးတော့ ကောင်မလေးက ငါးရံ့ပြာလူးလေးမဟုတ်။ တည်ငြိမ်လွန်းသည်။ ပြောစရာဆိုလို့လည်း သူ့ဘဝမှာ သီဟလိုကောင်နောက် ဒီလို လိုက်နေတာ တစ်ခုပဲ ပြောစရာရှိလောက်သည်။ သနားစရာ...။ အတော်တော့ ဝင့်ကြီးသည်။

"မင်းလေသံက အားတက်သရောလည်း မရှိဘူး..."

"ရှိစရာလား...ငါစုံစမ်းခိုင်းထားတာမှ မဟုတ်တာ... ဘာ ဝမ်းသာအားရ သိစရာလိုလဲ..."

"ဒါဆိုလည်း ပြီးရော ဒါပဲ..."

လတ်ဇော် ဖုန်းချသွားသည်။

သေချာတာက သူ လူမှားနေတာ။ ဒီလိုသတင်းမျိုးက သူ ကျော်စွာ့ကို သွားပြောသင့်သည်။ ကျော်စွာသာဆို အားတက်သရော ထောက်ခံပြောဆို ဆွေးနွေးကာ ပျင်းစရာကောင်းလိမ့်မည် မဟုတ်။





L ~ not only for "Lust"

O ~ not only for "Over!"

V ~ not only for "Vile things"

E ~ not only for "Emotion"

ဒါ... ခုနက လတ်ဇော်ထံမှ ဖုန်းဝင်မလာခင် ရောက်လာသော message ဖြစ်သည်။

'L က ရမ္မက်တစ်ခုတည်းကို ကိုယ်စားမပြုဘူး

O က ပြီးဆုံးခြင်းတစ်ခုတည်းကို ကိုယ်စားမပြုဘူး

V က ဆိုးညစ်တဲ့အရာတွေကိုချည်း ကိုယ်စားမပြုဘူး

E က ခံစားမှုတစ်ခုတည်းကို ကိုယ်စားမပြုဘူး... တဲ့။

ဘာလဲ...။

ဘာကို ဆိုလိုချင်တာလဲ။

သူ့ရဲ့အချစ်က ဒီလိုအရာတွေကို ကိုယ်စားမပြုဘူးလို့ အသိပေးချင်တာလား။ ဒီ message ကိုတော့ delete မလုပ်ဖြစ်တော့။ ပြီးတာနှင့် သိင်္ဂါကို ဖုန်းကောက်ခေါ်မိသည်။

"သီဟ..."

"ဘာလို့ ဖုန်းမဆက်တာလဲ သိင်္ဂါ..."

"ဟိုလေ... ဟို... မုန်းမေမေ ရောက်နေလို့..."

ထိုစဉ်မှာပင် 'ဘယ်ကဖုန်းလဲ သိင်္ဂါ' ဟူသော အသံကြီးကို ကြားရ၏။ သိင်္ဂါက 'သမီးသူငယ်ချင်း...' ဟု လှည့်ဖြေရင်း လေသံနိမ့်ကာ 'ကြားလား' ဟု မေးသည်။

"ကြားပါ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်မှနော် online တက်လာခဲ့…"

"အိုကေ…"

ဖုန်းကို အသာပိတ်ပစ်လိုက်ရသည်။ မုန်းမေမေ ဆိုတော့ သူ့ကြီးဒေါ်ပေါ့… ဟုတွေးကာ တစ်ခါမြင်ဖူးထားသောရုပ်ကို ပြန်ဖော်ကြည့်သည်။ မရတော့။ မမှတ်မိတော့။ သိင်္ဂါ့ကြီးဒေါ် မပြောနှင့်… ဒီမှာရှိနေသော သိင်္ဂါ့အမေကိုပင် (ရှိတယ်ဟုပင် မထင်ရ၍) မြင်ဖူးလား မမြင်ဖူးလားပင် သိပ်မမှတ်မိချင်။

"Hi…"

သိင်္ဂါ၏ Romance 87 ဆိုသော account လေးက မီးလင်းနေသည်။ ပြီးတော့ သူ့ကို invite လုပ်ထားသော account တစ်ခု။ Snow-White တဲ့…။ သီဟ မျက်လုံးပြူးသွားရသည်။ gmail account ဆိုတာက privecy ရှိသည်ဟု သူထင်သည်။ သူမပေးဘဲ ရတာဆို ဖြစ်နိုင်သည်က Forward လုပ်သော mail များမှ ဖြစ်နိုင်သည်။

ထို account ကို 'Yes' or 'No' click နှိပ်ဖို့ အတော်ကြာအောင် စဉ်းစားလိုက်ရသည်။ ပြီးမှ ကဲ… ဖြစ်ချင်တာဖြစ် လာမည့်ဘေး ပြေးတွေ့လိုတာရော… ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောကြမှ ဖြစ်မည် ထင်တာရောကြောင့် accept လုပ်လိုက်တော့၏။

accept ပြီးတာနှင့် ထို account လေးက မီးစိမ်းပြနေတာ တွေ့လိုက်ရသည်။ သို့သော် ဒီဘက်မှာက သိင်္ဂါနှင့် ပြောလက်စကြီးမို့ status ကို "Do not disturb, chatting with my love" ဟု တင်ထားကာ မီးနီပြထားလိုက်တော့သည်။

သိင်္ဂါကတော့ ထို Status ကို မြင်တော့ funny character လေး တစ်ခု ရိုက်ထည့်လာသည်။





"ကျေနပ်စရာပဲ…"

"ကျေနပ်အောင်မဟုတ်ပါဘူး… တခြားကောင်မလေးတွေ အတင်းဝင် Hi မှာစိုးလို့ တင်ထားတာပါ…"

"ဟားဟား… ရယ်ရတယ်… ကောင်မလေးတွေ အများကြီးလား"

"ဒါပေါ့… triple 'o' nine Thiha ဆိုတာ မကြားဖူးဘူးလား… double 'o' seven James Bond ရဲ့ဆရာကြီးလေ…"

"ကြားဖူးတယ်… ကြားဖူးတယ်… ခု သူ ရွာသာကြီးမှာဆိုပဲ"

သိင်္ဂါကလည်း မခေပါ။ သူ့ကိုနိုင်အောင် ပြန်ပြောနိုင်သည်။

"အဲဒီမှာ ရုံးထိုင်တယ်လေ…"

ဘယ်ရမလဲ။ သီဟပဲ…။ 'ရွာသာကြီး' ဆိုတာ အကျယ်ကြီး။ ဒီဆေးရုံတစ်ခုတည်း ရှိတာမှ မဟုတ်ဘဲ…။

အလ္လာပ သလ္လာပတွေဆိုသော်လည်း ထိုအချိန်က သီဟနှင့် သိင်္ဂါ အတွက် စိတ်ချမ်းသာစရာအကောင်းဆုံးအချိန်များ။ တစ်ဖက်မှ Snow White ဆိုသော account လေးကလည်း မီးစိမ်းလေးလင်းကာ 'Status' ကို ပြောင်းတင်ထားသည်။

"You know ? I'm patient and I'll be waiting for you" တဲ့…။

ဖြစ်မှ ဖြစ်ရလေ…။

ခဏနေကျတော့ သိင်္ဂါက တစ်ခု ပြောင်းပြန်သည်။ သူမ တင်လိုက်တာက…

"Please don't call me, even if you were dying condition, I'm chatting with…" တဲ့…။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... လိုက်တုတာလား"

"ဘာတုစရာရှိလဲ... တို့ကိုလည်း ကောင်လေးတွေဝိုင်းပြီး ခေါ်နေမှာ စိုးလို့..."

"ဟားဟား... ဒါဆို တို့နှစ်ယောက်က ကံတူနေတာပေါ့ ဝိုင်းဝိုင်း လည်နေတာမျိုးလေ..."

"ဒါပေါ့..."

"ယုံပါတယ်..."

"ယုံရမယ်လေ..."

သီဟစိတ်ထဲမှာတော့ 'သီင်္ဂါ' သူ့ကိုရွဲ့ကာ လိုက်တင်ထားသော Status ကိုကြည့်ပြီး ကျိတ်ရယ်မိသည်။ သူမသည် တစ်ခါတစ်ရံမှာ စိတ်ကူးယဉ်ကာ ကလေးဆန်ချင်တတ်သည်ဟု သီဟက မြင်သည်။

ခဏနေကျတော့ Daw Gyi's coming... ဟု ဆိုကာ ဖျတ်ခနဲ sign out လုပ်သွားတော့သည်။

Snow White ဆိုသော account လေးက စိတ်ရှည်စွာ စောင့်ဆိုင်းနေဆဲ။ သနားသော်လည်း သီဟစိတ်ထဲ ခုချိန်မှာ ဘာမှ သိပ်မပြောချင်သေးသဖြင့် sign out လုပ်ပစ်လိုက်သည်။

'နောက်မှတွေ့တာပေါ့ မနှင်းဖြူလေးရေ...' ဟုတော့ အသံထွက်ကာ ရေရွတ်လိုက်မိသည်။

သီင်္ဂါ sing out လုပ်သွားတာနှင့် တစ်ပြိုင်နက် 'ဟာ' သွားရသော ရင်ကို ခေါင်းအုံးနှင့်ဖိကပ်ကာ ဖြည့်ဆည်းဖို့ ကြိုးစားပေမယ့် မအောင်မြင်။ အလိုလိုနေရင်း လေးငါးရက်ခန့် မတွေ့ရသလို လွမ်းဆွတ်လာသည်။ သီင်္ဂါ့အပေါ်ထားရှိမိသော 'ချစ်ခြင်း'ကို ကိုယ့်ကိုယ်ကိုယ် သတိပြုမိချိန်တွင်





သီဟ တစ်စုံတစ်ရာကိုလည်း တွေးမိ တုံ့ဆိုင်းသွားရ၏။

သူ့လိုခံစားမှုမျိုး Snow White ဆိုသော ကောင်မလေးမှာလည်း ရှိနေနိုင်သည်ပဲ။ ဒါဆို မျှော်လင့်ချက်မဲ့လွန်းသော တွယ်တာမှုသည် နှင့်သီး ခါးသက်လွန်းနေနိုင်သည်ပဲ...။ သို့သော် သီဟဘက်မှတော့ ဒါတွေကို ပြုပြင်ပေးနိုင်စွမ်းမရှိတာ သေချာပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



**'P'**

ကိုယ်တိုင်လည်း acceptမလုပ်လိုက်ရပါဘဲနှင့် ကိုယ့် accountထဲ ခပ်တည်တည်ကြီး ရောက်နေကာ မီးစိမ်းပြနေသော Snow Worrior ကို ကြည့်ကာ သိင်္ဂါ သက်ပြင်းချမိသည်။ သူဟာ ဟက်ကာတစ်ယောက်လား။ ဘာလို့ ဒီလို လုပ်နိုင်စွမ်းတာလဲ။ ဒါမှမဟုတ် သိင်္ဂါကိုယ်တိုင်ပဲ accept လုပ်ပြီးမှ မေ့နေတာမျိုးလား။ ဒါတော့ မဖြစ်နိုင်...။

ညက အတော်လေးနက်နေပြီ။

ညဦးပိုင်းက သီဟကို ကပျာကယာနှင့် နှုတ်ပင် မဆက်လိုက်ရပဲ singn out လုပ်လိုက်ရတာကြောင့် ညမှာ online ပြန်ဝင်မိခြင်းဖြစ်သည်။ အစောပိုင်း (မုန်းမေမေ အိပ်ကာစမှာက) ကတော့ မုန်းက ကွန်ပျူတာကို အပိုင်စားယူထားခဲ့သည်ကိုး။ သို့သော် ခုလို ည ၁၂:၀၀ နာရီကျော်ကြီးမှာ ကျတော့ သီဟကို online မှာ မတွေ့ရတော့။ Snow Worrior ဟူသော မီးစိမ်းလေးကိုသာ တွေ့ရသည်။





"မင်းချစ်သူ online မှာ မရှိတော့ ခဏလောက် စကားပြောလို့ ရမလား"

ဝင်လာသော message လေးကိုကြည့်ပြီး သိင်္ဂါ စဉ်းစားနေမိသေးသည်။ ပြီးမှ 'yes' ဟု ပြန်ရိုက်ပေးလိုက်၏။

"ချစ်သူဆိုတာ ဘာလဲ မင်းသိလား..."

"အင်း... သိတယ်... ချစ်သူဆိုတာ ကိုယ့်အတွက်တော့ သီဟပဲ"

တစ်ဖက်မှ :) သင်္ကေတလေးဝင်လာသည်။

ဒါ သိင်္ဂါကို လှောင်တာလား။ ကျေနပ်စွာပြုံးပြတာတော့ မဖြစ်နိုင်။

"ရှင်... အဲဒါ ဘာသဘောလဲ"

"သဘောကျလို့ပါ... အဲလိုပဲ ကျွန်တော့်အတွက်ကျတော့ ချစ်သူဆိုတာ သိင်္ဂါဖြစ်နေတယ်..."

"မဖြစ်နိုင်တော့ဘူးလေ..."

"မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး"

"ရှင် သိင်္ဂါဆိုတဲ့ မိန်းမကို လွယ်လွယ်လေး ထင်နေလို့လား"

"အဲလိုမထင်ပါဘူး... အဲလိုရည်ရွယ်ပြီး ပြောတာလည်း မဟုတ်ဘူး၊ ကျွန်တော့်ယုံကြည်ချက်ကကျတော့ ကျွန်တော့်ရဲ့ချစ်ခြင်း စစ်မှန်ရင် မျှော်လင့်ချက်ထားနိုင်တယ်လို့..."

"ကျွန်မတို့နှစ်ယောက်ရဲ့ချစ်ခြင်းကလည်း စစ်မှန်ပါတယ်..."

"မှန်ကောင်း မှန်ပါလိမ့်မယ်၊ ဒါပေမယ့် ကံတရားဆိုတာကို မင်းမြင်ရလို့လား"

"ရှင်... ဘာကိုဆိုလိုတာလဲ"

"ဘာမဆိုဖြစ်နိုင်တဲ့ လောကကြီးထဲမှာ ခင်ဗျားလေးက တစ်နေ့မှာ ကျွန်တော့်ကို ချစ်မလာဘူးလို့ ပြောနိုင်မလား..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောနိုင်တယ်"

"မင်းရဲ့မနက်ဖြန်တွေကို မင်းမပိုင်ဘူးလေ"

"ရှင်လည်း မပိုင်ပါဘူး"

"ဟုတ်ပါတယ်... ခုချိန်မှာ အငြင်းပွားနေမယ့်အစား စောင့်ကြည့်တာ အကောင်းဆုံးပါ..."

"ဘာကို စောင့်ကြည့်မှာလဲ"

"ပြောင်းလဲသွားမယ့် ကံကြမ္မာကို"

"ဘာပြောင်းလဲစရာမှ မရှိဘူး..."

တစ်ဖက်မှ အကြာကြီးငြိမ်နေသည်။ စာရိုက်နေသော သင်္ကေတ keyboard လေးလည်း မတွေ့ရ။ အတော်ကြာမှ...

"ကျွန်တော်ကတော့ ပြောင်းလဲတော့မယ့် ခံစားမှုတစ်မျိုးကို ခံစားနေရတယ်၊ သိနေတယ်... မကြာတော့ဘူး..."

သိင်္ဂါ တစ်ချက်တုန်သွားရသည်။

"ရှင်က အရူးပဲ..."

"ဒါလည်း ဟုတ်ကောင်း ဟုတ်နိုင်တာပါပဲ..."

"ကျွန်မနဲ့ သီဟရဲ့ချစ်ခြင်းကို ဘာကမှ ပြောင်းလဲမပစ်နိုင်ဘူး"

"ကျွန်တော်ကတော့ မစွမ်းပါဘူး... ဒါပေမယ့် ကံတရားကိုတော့ မေ့မထားပါနဲ့..."

စိတ်ထဲမှာ ဒေါသထွက်တာလား၊ တုန်လှုပ်လာတာလား ကိုယ့်ကိုယ်ကိုယ် မခန့်မှန်းနိုင်သော ခံစားမှုများနှင့် သိင်္ဂါ ချောက်ချားလာသည်။ ဖျတ်ခနဲ sign out လုပ်ပစ်လိုက်ပြီး ခုတင်ပေါ် လှဲအိပ်လိုက်သော်လည်း အိပ်မပျော်တော့။





သူက ဘာမို့လဲ...။

သူ့ကိုယ်သူ အထင်ကြီးတာမျိုးတော့ မဟုတ်နိုင်။

ဒါဆို သူဟာ တကယ်ပဲ ကံကြမ္မာကို ကြိုသိနေသူလား။

အိုး... မဖြစ်နိုင်တာ...။ အလကားသက်သက် အာရုံနှောက်အောင် နှောင့်ယှက်နေတာပဲဖြစ်မည်... ဟု တွေးပြီးကာမှ တည်ကြည်သောမျက်နှာ ချောချောလေးကို ပြန်မြင်မိတော့ ဇဝေဇဝါဖြစ်ရပြန်သည်။ သူ့မျက်နှာမှာက ဒီလိုအရိပ်အယောင်တွေလွှမ်းနေတာ တစ်ခါမှ မတွေ့ရ...။

စိတ်ရှုပ်ရှုပ်နှင့် အိပ်မရတော့သဖြင့် သီဟဆီ ဖုန်းခေါ်ကြည့်သည်။ သီဟဖုန်းက ပိတ်ထားပြီ...။ အိပ်ရောပေါ့...။ မနက်ဖြန် ရုံးပိတ်ရက်မှ မဟုတ်ဘဲ...။

ဘေးမှ 'မုန်း' ကလည်း အိပ်ပျော်နေပြီ။

ထိုစဉ်မှာပင် ဖုန်းမြည်လာ၏။ ဒီအချိန်ကြီး သီဟများလားဟု ကြည့်မိသော်လည်း နံပါတ်က အစိမ်း။ တစ်ခါမှ မမြင်ဖူးသောနံပါတ်...။ လိုင်းဖုန်းတစ်လုံး၏ဂဏန်း (၆) လုံးပါသော နံပါတ်အစိမ်းတစ်ခုကို ကြည့်ကာ သိင်္ဂါ ဇဝေဇဝါဖြစ်နေမိသေးသည်။ အမှန်ဆို ဘာအကြောင်းနှင့်မှ ထိုဖုန်းကို ကိုင်စရာအကြောင်းမရှိ။ ညဉ့်အချိန်မတော်ကြီး။ သို့သော် စိတ်ကရှုပ်နေပြီ... ဘာလုပ်ရမှန်း မသိတာရော၊ စူးစမ်းချင်သည့်စိတ်နှင့်ရော ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို..."

"သိင်္ဂါ..."

တစ်ဖက်မှလူက ယောကျ်ားသံ...။ ပြီးတော့ သူ့နာမည်ကို ပိုင်နိုင်တိကျစွာ ခေါ်နေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ..."

"သီဂ်ါရဲ့သူရဲကောင်းလေ..."

ရယ်သံခပ်မွှမွှလေး စွက်၍ ကြည်လင်စွာပြော၏။ အသံက နားထောင်ကောင်းသော ယောကျ်ားတစ်ယောက်၏အသံမျိုး။

"Snow Worrior"

"ဟုတ်ပါတယ်..."

"ရှင်... ကျွန်မဖုန်းနံပါတ်တွေ account id တွေ ဘယ်ကရလဲ..."

"A little bird told me..."

အိုး... ကောင်းလိုက်တဲ့ accent... ဒီလောက် စကားလုံးအနည်းငယ်နှင့် ဖွဲ့စည်းထားသော စကားလေးတစ်ခွန်းကို နားထောင်ရုံနှင့်ပင် ဒီလူ၏လေယူလေသိမ်းနှင့် အင်္ဂလိပ်အသံထွက်က မြင့်မားမှန်း သိသာသည်။

"ကျွန်တော် တောင်းပန်မလို့ပါ..."

"ဘာကိုလဲ..."

"ခုနက online မှာ ပြောခဲ့တာတွေနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့ရင်..."

"မဖြစ်ပါဘူး... ဘာဖြစ်စရာရှိလဲ... ဘာမှ အခြေအမြစ်မရှိတဲ့ စကားတွေအတွက် ကျွန်မ ဘာမှမဖြစ်ဘူး..."

တစ်ဖက်မှ ခပ်ဖွဖွ တစ်ချက်ရယ်သည်။ ဘာမှမဖြစ်လဲ ပြီးတာပါပဲ... ဆိုသော ရယ်သံမျိုး...။ လှောင်သည်ဟုတော့ မခံစားရ။ သေချာတာကတော့ ဒီလူသည် အတော်လေးကို ထူးဆန်းပြီး အတော့်ကို ဖွဲ့ကောင်းသည် ဆိုတာပင်...။





"ကျွန်တော့်ယုံကြည်ချက်ဟာ ခင်ဗျားလေးရဲ့ ယုံကြည်ချက်မှ မဖြစ်နိုင်ဘဲ... ကျွန်တော်က ကံကြမ္မာကိုပဲ စောင့်မျှော်နေရတဲ့သူလေ... ဒီအတွက် ကျွန်တော် စုမိတ်ယုံကြည်တာ ကျွန်တော့်အတွက်တော့ မမှားဘူး ထင်တာပဲ..."

သီဂ်ါ ဘာမှပြန်မပြောမိ။

"ကျွန်တော်က ကျွန်တော့်ယုံကြည်မှုတွေနဲ့ ပတ်သက်ပြီး သီဂ်ါ စိတ်အနှောင့်အယှက်ဖြစ်... အိပ်မပျော်မှာ စိုးလို့ပါ..."

"မဖြစ်ပါဘူး..."

"မဖြစ်ရင် အိပ်တော့နော် Sweet dream... and I love you"

ပြောချင်တာပြောပြီး ဖုန်းချသွားတော့သည်။

သီဂ်ါကတော့ တစ်ညလုံး အိပ်မရတော့။ အတွေးများစွာနှင့် ချာလည်လှည့်နေတော့သည်။ စိတ်ထဲမှာ ဒီကိစ္စကို 'သီဟ' ကို ဖွင့်ပြောသင့်ပြီဟုလည်း တွေးနေမိသည်။ ဘာလို့ အစကတည်းက မပြောလဲ... ဟု မေးလာလျှင်သာ ဖြေရခက်ပေလိမ့်မည်...။

တစ်ဖက်ကိုတွေးကြည့်ပြန်တော့လည်း သူ့ဘက်က ဘာအလွန်အကျွံမှ မရှိ...။ အတင်းကာရော နှောင့်ယှက်နေတာမျိုးလည်း မဟုတ်။ လူကြီးလူကောင်းပီသစွာပဲ နေထိုင်နေသူ...။ အမူအရာ၊ အပြုအမူ၊ စကားလုံး၊ ရုပ်ရည်ရူပကာ... ဘာတစ်ခုမှ စည်းဘောင်နှင့် လွတ်မနေ။ အဆင့်အတန်းရှိရှိမှန်း သိသာစေသည်။

သီဟရှိနေမှန်း သိသိကြီးနှင့် မျှော်လင့်ယုံကြည်နေတာကိုက သနားစရာ။ ဘယ်သောအခါမှ ဖြစ်မလာနိုင်ဟု ရာနှုန်းပြည့် မပြောနိုင်သော်လည်း ကိုယ်တိုင်၏ချစ်ခြင်းနှင့် သစ္စာတရား... သီဟ၏ချစ်ခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတရားတို့နှင့် ယှဉ်ထိုးလိုက်သောအခါ ထိုရာနှုန်းသည် ပြန်လည်ပြည့်မီသွားခဲ့ရပြီ ဆိုတာကိုတော့ သိဂ်ါ ကိုယ့်ဘာသာကိုယ် ယုံနေသည်။

ဒါဆို မယုံစရာကောင်းတာက ဘာလဲ...။

ကံကြမ္မာ...။ သူ ရေလဲသုံးသွားခဲ့သော ကံကြမ္မာ...။

အဘယ်သူသည် ထိုကံကြမ္မာကို စေညွှန်ပိုင်ပါသနည်း။ သိဂ်ါ မသိပါ။

◆





## 'Q'

"ဒီလိုဆိုတော့ မင်းရဲ့မနှင်းဖြူလေးက ခြေလှမ်းတွေ သွက်လက်လာတာပေါ့..."

သီဟာက သူ့ကို invite လုပ်ထားသော Snow White ၏ account လေးကို accept လုပ်မိကြောင်းပြောပြသဖြင့် ကျော်စွာက ထိုသို့ပြောခြင်းဖြစ်သည်။

"ငါ accept လုပ်လိုက်တာ မှားသွားလားမသိဘူး..."

လတ်ဖော်က ခေါင်းခါ၏။

"မမှားပါဘူး... ဘာမှားစရာရှိလဲ..."

"အေးလေ... ဒီကနေတစ်ဆင့် မင်း သူ့ကို direct conversation နဲ့ ရှင်းနိုင်တာပဲ၊ Ph: message ကမှ ရှင်းရတာ ကြာဦးမယ်..."

"အေးလေ... ပြီးတော့ message တစ်ခုကို အစိတ်သည်းကျသေးတယ်..."



www.burmeseclassic.com

www.burmeseclassic.com



လတ်ဖော်၏ဖောက်လုံးကြောင့် သူတို့ ရယ်မိကြသေးသည်။ အင်းလေ Internet က dial up ဆိုလည်း လွန်ရောကျွဲရော တစ်နာရီမှ ၅၀၀ ကျပ် adsl ဆိုရင်လည်း unlimited ဆိုတော့ သုံးပါလေ့...။ တွက်ခြေပိုကိုက်သည်ဟု ပြောလို့ရသည်ကိုး...။ ဒို့ထက်ပိုပြောရလျှင် ph: bill က ကိုယ့်ဘာသာ ကိုယ်ဆောင်ရပြီး သီဟအိမ်က adsl line က အဖေလုပ်သူက တပ်ပေးထားတာမို့ တစ်လ ဒေါ်လာ (၃၀) တောင် သူမပေးရ။ အဖေပဲရှင်းသည်။ ဒီတော့ ဒါဟာ သူ့အတွက်တော့ Free ပေါ့...။

"ဒါပေမယ့်... ခုထိတော့ ငါ့ကို ဘာမှမမေး မပြောသေးဘူး..."

"အင်းလေ... ဒါလည်း စောစောက မင်းပြောခဲ့သလိုဆိုရင် မင်းရဲ့ status ကြောင့် အလိုက်သိစွာငြိမ်နေတာ ဖြစ်မှာပေါ့..."

"မင်းရော ဘာထပ်သိသေးလဲ လတ်ဖော်..."

"ဘာမှမသိဘူး... ဒါပဲ ဘာသိချင်သေးလို့လဲ..."

လတ်ဖော်က ထပ်မရသော information နှင့် ပတ်သက်ပြီး ဆောင့်ကြီးအောင့်ကြီး ဖြေသည်။

"အဲဒါက ဘာဖြစ်ရတာလဲ... ဘာထူးလဲလို့မေးတဲ့ဟာကို..."

"မင်းဟာက ဒီလောက်ပြည့်စုံနေပြီကိုး..."

"အေးပါ... ထားပါ..."

ကျော်စွာက ဝင်ဟန့်၏။ ပြီးမှ...

"ဩော်... ဟော့ကောင်တွေ ငါမေ့နေလိုက်တာ..."

"ဘာလဲ..."

"ဟိုနှစ်ကောင်ကိစ္စတွေ လိုက်လုပ်ပေးရဦးမယ်..."

"ဘာတွေလဲ..."





"မင်္ဂလာဆွမ်းကျွေးဖို့လေ... အစားအသောက် စီစဉ်ပေးရမယ်..."

"နေရာကရော..."

"နေရာက... သူတို့အလှူလုပ်နေကျ ဘုန်းကြီးကျောင်းပဲ၊ တခြားမှာက Booking တွေပြည့်နေတာ မစောင့်နိုင်ဘူးလေ..."

"သူတို့က ယူပြီးတာနဲ့ ပြန်မှာလား..."

"ဒါပေါ့... ယူဖို့ ပြန်လာတဲ့ဟာကို..."

"ဟိုမှာပဲ... အလုပ်လုပ်တော့မယ်ပေါ့..."

"အင်း... ခဏတဖြုတ်ပေါ့..."

သူတို့ ဘာတွေစဉ်းစားမိကြမှန်း မသိဘဲ စကားဝိုင်းက ခဏတိတ်သွားရသည်။ ပြီးမှ သူတို့စီစဉ်ပေးရမည့် ကိစ္စတွေအတွက် တာဝန်ခွဲပေးဖို့ သတိရသည်။

"မင်္ဂလာဝတ်စုံကိစ္စကိုတော့ သိဂ်ါ့ကို မှာထားတယ်လို့ ပြောတယ်"

"ငါတို့လုပ်ရမှာက ဒီဘုန်းကြီးကျောင်းနဲ့ စားစရာကိစ္စ စီစဉ်ရုံပဲလား..."

"ဟင့်အင်း... ကားကိစ္စ... ဓာတ်ပုံနဲ့ ဗီဒီယိုကိစ္စတွေရော..."

"အိပ်ရာခမ်းနား..."

ကျော်စွာစကားကို သီဟက ဖြတ်ပြောလိုက်တာမို့ သီဟကို သူတို့ မျက်လုံးပြူးကြီးတွေနှင့် ကြည့်သည်။ ကျော်စွာက ခပ်တည်တည်နှင့်...

"မင်းအလှည့်ကျမှ တခမ်းတနားစီစဉ်တော့... ဒီနှစ်ကောင်က ခေတ်မီတယ်၊ သူတို့က ဒီမှာနေမှာ မဟုတ်သေးတဲ့အတွက် သူတို့ သီးသန့် အိပ်ခန်း မရှိဘူး၊ ဟိုဘက်မိဘ ဒီဘက်မိဘအိမ်လည်း မလုပ်ချင်ဘူး၊ ဒီတော့ Hotel မှာပဲ သူတို့နေကြလိမ့်မယ် အေးရော..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ကောင်းတာပဲ..."

လတ်ဖော်က ထောက်ခံ၏။ အမှန်တော့ တကယ်လည်း ကောင်းသည်ပင်။ ကရိကထများသက်သာသည်။

"သူတို့က ဘယ်နှစ်ရက်ပဲ နေမှာလဲ"

"နေတော့ နေမှာပေါ့... မင်္ဂလာဆောင်ပြီး နှစ်ပတ်လောက် နေဦးမှာတဲ့..."

"မဆောင်ခင်က..."

"တစ်ပတ်လောက် ကြိုရောက်လိမ့်မယ်..."

"အရေးကြီးတာတစ်ခုက ကိုယ် ဘာလက်ဖွဲ့မလဲဆိုတာ စဉ်းစားထားရမှာပဲ..."

လတ်ဖော်က ခပ်တည်တည်နှင့် လူကြီးလေသံဖမ်းကာ ပြော၏။

"မင်းကို အဲလိုစဉ်းစားရ တွေးတောရန့် အလုပ်တွေရှုပ်မှာ စိုးလို့တဲ့... ဟိုကောင်ရဲမွန်က စဉ်းစားပေးလိုက်ပြီးသား..."

"ဘာလဲ... ဘာကိုလဲ..."

လတ်ဖော်က နားမလည်။

"ဘာလက်ဖွဲ့ရမယ်ဆိုတာ တစ်ခါတည်း စီစဉ်ခိုင်းလိုက်တာ..."

"ဘာရယ်..."

"ဟုတ်တယ်... သူတို့ရဲ့မင်္ဂလာဝတ်စုံကို သဉ္ဇာညွှန်ကြားသလို သိင်္ဂါက စီစဉ်လိမ့်မယ်၊ ဒါကို သိင်္ဂါနဲ့ သီဟက တစ်ဝက်စီ လက်ဖွဲ့ရမယ်၊ ဖိတ်စာရယ် လက်ကမ်းပန်းတွေရယ်၊ ဓာတ်ပုံနဲ့ ဗီဒီယိုကိစ္စရယ်ကို ငါနဲ့ လတ်ဖော်က တစ်ဝက်စီတာဝန်ယူရမယ်... ဒါ လက်ဖွဲ့ပဲ..."





"ဟင်း... အကွက်ကလည်း စေ့ပါပေ့..."

"အင်းလေ... ရဲမွန်နဲ့ သဉ္ဇာပဲ... တခြားလူတွေမှ မဟုတ်တာ..."

ဟုတ်တော့လည်း ဟုတ်ပါသည်။ ရဲမွန်နှင့် သဉ္ဇာက နဂိုကတည်းက ရည်မှန်းချက်ကြီးပြီး ဘဝကို စီမံကိန်းနှင့် သွားချင်သူများဖြစ်သည်။ ဒီနှစ်ယောက် ပေါင်းဖက်ခွင့်ရခြင်းသည်လည်း နှစ်ယောက်လုံး ကံကောင်း၍ဖြစ်သည်။ မဟုတ်လို့ကတော့ သူတို့လို နောက်ထပ်တစ်ယောက် တွေ့ရန်မလွယ်။

"ကဲကဲ... အချိန်ရှိတုန်း သွားကြမယ်၊ သိင်္ဂါ့ကို လှမ်းခေါ်လိုက်ဦး..."

"လှမ်းမခေါ်ဘူး... ခပ်တည်တည်နဲ့ အိမ်သွားခေါ်ကြမယ်"

"အေး... ကောင်းတယ်..."

သုံးယောက်သား ခပ်တည်တည်နှင့် သိင်္ဂါ့အိမ် ရောက်သွားကြသည်။ သူတို့ကိုထွက်ကြည့်သူက သိင်္ဂါ့ဒေါ်ကြီး။

"ဘယ်ကလဲကွယ့်..."

"သိင်္ဂါ့သူငယ်ချင်းတွေပါ... လတ်ဖော် ကျော်စွာနဲ့ သီဟလို့ ပြောလိုက်ပါ..."

"ြော်... သိပြီ... သိပြီ... ရဲမွန်နဲ့ သဉ္ဇာရော..."

"သူတို့ S'pore မှာ ကျောင်းတက်နေပါတယ်..."

"ြော်... ကောင်းတာပေါ့... ခု ဘယ်သွားကြမလို့လဲ..."

"သဉ္ဇာ့သတို့သမီးဝတ်စုံအတွက် သိင်္ဂါ့ကို စီစဉ်ခိုင်းထားတာမို့ အားလုံး သွားလုပ်ပေးကြမလို့ပါ..."

www.burmeseclassic.com



"သတို့သမီးဝတ်စုံ…"

ဒေါ်ကြီးက တအံ့တသြနှင့်…။

"ဟုတ်… သဉ္ဇာက မင်္ဂလာဆောင်တော့မှာ ဒေါ်ကြီး…"

သိင်္ဂါက နောက်မှနေ ဝင်ဖြေပေးလိုက်သည်။

"သြော်… သြော်… ကျောင်းက ပြီးပြီမို့လား…"

"ပြီးပြီ…"

"ဘယ်သူနဲ့လဲကွယ့်…"

သီဟ ကပျာကယာ အားလုံးကို အကြည့်နှင့် ဟန့်တားလိုက်ရသည်။

"သူနဲ့ကျောင်းတက်တဲ့ထဲက တစ်ယောက်ပါပဲ…"

ကျော်စွာက မှသားလည်းမပါရလေအောင် စကားလှလှနှင့် ဖြေလိုက်၏။

"သြော်… သြော်… နေနဲ့လ ရွှေနဲ့ မြပေါ့… ကောင်းပါတယ်ကွယ်…"

"ဒါဆို သမီးတို့ သွားဦးမယ်နော်…"

"သမီးတို့… မုန်းက ဘာလိုက်လုပ်မှာလဲ…"

မုန်းကို လှည့်မေးလာ၍ အဖြေရကြပ်နေဆဲ သီဟက ဝင်ဖြေလိုက်၏။

"သိင်္ဂါအဖော်ရတာပေါ့ အန်တီ… မိန်းကလေးတစ်ယောက်တည်း တိုင်ပင်ဖော်မရှိ ဖြစ်နေမှာစိုးလို့…"

"အင်း… ဒါလည်းဟုတ်တာပဲ၊ ကဲကဲ… သွားကြ… အန်တီ့သမီးကိုတော့ ဂရုစိုက်ပါကွယ်…"

"ဟုတ်…"

ဟုတ်… ဟုဆိုကာ ငါးယောက်သား လှစ်ခနဲနေအောင် လစ်ကြ





တော့သည်။ မလစ်လို့မှ မရဘဲ။ ရှေ့ဆက်မေးခွန်းတွေ တားမြစ်မှုတွေ ထွက်လာမှာ စိုးရသည်လေ…။

သူတို့ကားကလေး သိင်္ဂါတို့ခြံထဲမှအထွက် သိင်္ဂါတို့ခြံရှေ့ကျော် ကျော်လောက်တွင် ရပ်ထားသော ပြိုင်ကားလေးတစ်စင်း ဝေါခနဲမောင်း ထွက်သွားတာ တွေ့လိုက်ရသည်။

"ကားကလေးက အမိုက်စားပဲ"

လတ်ဇော်က သဘောကျစွာပြော၏။ ခု သူမောင်းလာသော သူ့ကားကိုမှ အားမနာ။ သူ့ကားကလည်း MARK II Model အမြင့်…။ ပြိုင်ကားလေးလိုတော့ ကြွမနေဘူးပေါ့။ သိက္ခာရပုဂ္ဂိုလ်ကြီးနှင့် လူငယ်လေးလိုဖြစ်နေတာကိုး…။

"လူကလည်း မိုက်ပုံပဲ…"

ကျော်စွာက ထိုသို့မှတ်ချက်ချ၏။

"မင်းစိတ်ပြောင်းသွားမှန်း ငါ ခုမှသိတယ်…"

သီဟက ထိုသို့ဝင်ပြောတော့ ကျော်စွာက မခံ…။

"စိတ်မပြောင်းပါဘူး… နဂိုကတည်းက ဒီတိုင်းပဲ… မျှားတို့က ဒီတိုင်းပဲ…"

ကျော်စွာ့လေသံကြောင့် သူတို့၏ ခန့်ညားသိက္ခာကြီးသော ကားကလေး ရယ်သံများနှင့် နပျိုသွားရသည်။

"သူ့အတွက်ပါ တစ်ခါတည်း ဝတ်စုံစီစဉ်ရအောင်"

မုန်းက ထိုသို့ပြောတော့ ကျော်စွာက…

"ဟင့်အင်း… တို့ လတ်ဇော်ကို မကြိုက်ဘူး…" ဟု ဆိုပြန်သဖြင့် ဝါးခနဲရယ်ကြရပြန်သည်။

www.burmeseclassic.com



သေချာတာက ဒီနေ့လေးတစ်နေ့ကတော့ ရယ်သံများနှင့် ဖုံးလွှမ်းပြီး ပျော်ရွှင်စရာကောင်းနေပေလိမ့်မည်။ ခက်သည်က ထိုအခိုက်အတန့်သည် နာရီများနှင့် ကန့်သတ်ခံထားရခြင်းပင် ဖြစ်သည်။

◆





## 'R'

"ပြောမယ်... ပြောမယ်နဲ့ မပြောဖြစ်ဘူး..."

အဆက်အစပ်မရှိသော သိင်္ဂါစကားကြောင့် မုန်းက မျက်မှောင်ကြုတ်ကာ ကြည့်၏။

"Snow Worrior ကိစ္စလေ... သီဟကို ပြောမလို့..."

"ပြောတော့မလို့လား..."

"အင်း... စိတ်ထဲမှာ ရှုပ်လာပြီ..."

"သနားစရာတော့ ကောင်းသားနော်..."

"ဒီထက်ပိုပြီး ဘာတတ်နိုင်လို့လဲ..."

"ဘာမှမတတ်နိုင်ပါဘူး... ငါက တော်ကြာ... သီဟ စိတ်ပူမှာစိုးလို့..."

"အင်းလေ... မပြောဘဲထားရတော့လည်း လိပ်ပြာမလုံဘူး ဟိုနေ့ကဆုံတုန်း ပြောဖို့ဟာ အလှည့်ကို မကျဘူး..."



www.burmeseclassic.com

www.burmeseclassic.com



မုန်းက ခွိခနဲရယ်၏။

မရယ်နေမလား။ ထိုနေ့က မုန်းအမေကြီးကို 'ဟုတ်' ဟု ကတိပေးထွက်လာသူများက နောက်နာရီပိုင်းအတွင်းမှာပင် မုန်းရည်းစားနှင့် ချိန်းပြီးတွေ့ပေးလိုက်ကြတာ (၆) ယောက်သား ညနေ (၆) နာရီထိုးသည်။ စီစဉ်စရာများတော့ အကုန်စီစဉ်ပြီးသွားသည်။ ဖိတ်စာရွေးတာက အစ လူများတော့ တစ်ယောက်တစ်ပေါက်။ ကာယကံရှင်စိတ်တိုင်းကျထက် သူတို့စိတ်တိုင်းကျက ပိုလိမ့်မည်။

ဟိုနှစ်ယောက်ကလည်း ဒါတွေ စိတ်မဝင်စား...။ သူတို့ plan အတိုင်း လုပ်စရာများ အချိန်မီ ချောမွေ့စွာပြီးသွားလျှင် ပြီးပြီ။ ဖိတ်စာကို ရလျှင် သုံးပုံခွဲ...။ တစ်ပုံကို ရဲမွန်အိမ်ပို့၊ တစ်ပုံကို သဉ္ဇာ့အိမ်ပို့...။ ကျန်တစ်ပုံကို သူတို့က တာဝန်ယူပြီး မိတ်ဆွေသူငယ်ချင်းတွေကို ဖိတ်ပေးရမည်တဲ့လေ။ လုပ်ရင်းမှ သီဟက 'ငါတို့အလှည့်ကျရင်လည်း ဒီလိုပဲနော်' ဟု ပြောသဖြင့် ရယ်ကြရသေးသည်။

လူခြောက်ယောက်၏ ပျော်ရွှင်နေသော စကားလုံးများကြားတွင် သိင်္ဂါ့စကားလုံးများက ဘယ်လိုမှ နေရာမရှိသဖြင့် မပြောခဲ့ရ။ Snow Worrior ဆိုသော သူ့ရဲကောင်းလေးကတော့ ညတိုင်း online မှာ တွေ့သည်။ ပြီးလျှင် ဖုန်းခေါ်မည်။ Goodnight, I love you ဟု ပြောမည်။ ဒါမှမဟုတ် စိတ်ပျော်နေပုံရလျှင် Dream on me ဟု ပြောမည်။ ပြီးလျှင် ပြီးပြီ...။

လောကကြီးသည် ဒီအတိုင်းပဲဆိုလျှင်တော့ ပျော်စရာကောင်းမှာပေါ့။ ခုတော့ သိင်္ဂါ့မှာက ရင်ထဲက သီဟကို ဘယ်လိုမှဆွဲဖယ်လို့ မရ။ အစားထိုးလို့မရ။ ရာထားကြည့်လို့ပင် မရလေတော့ စိတ်ပင်ပန်းရသည်။





တခြားတစ်ယောက်ယောက်ကို ပြောင်းချစ်ကြည့်ပါ... ဟုလည်း မပြောချင်။ ကိုယ်တိုင်တောင် ဒီလိုလုပ်လို့မှ မရဘဲ သူတစ်ပါးကို မပြောချင်။ မဖြစ်နိုင်၍ နောက်ဆုတ်ပါဟု ပြောရအောင်လည်း သူ့ဘက်က ရှင်းနေပြီးသား...။ မဖြစ်နိုင်တာကို လက်မခံနိုင်သေး။ သူက မျှော်လင့်ချက်နှင့် နေထိုင်နေသောသူ...။

"ဟဲ့..."

"ဘာလဲ..."

"မွေးသမီခင်က မေးနေပြီ..."

"ဘာတဲ့လဲ..."

"ငါ့ကို ဟိုကောင်လေးနဲ့ အခြေအနေတဲ့..."

သိင်္ဂါနှင့် မုန်း ကျိတ်ရယ်လိုက်ကြသေးသည်။

"ငါ့အခေါ်တော့ ဒုက္ခပဲ..."

"အေး... သူယုံတော့ ငါတို့လည်း ငရဲရတယ်"

"အံမယ် မယုံရင် ငရဲမရဘူးလား..."

"လိမ်ကတည်းက မကောင်းမှုက ကျူးလွန်ပြီးသားလေ၊ မယုံတော့ သက်သာတာပေါ့ဟာ..."

"ဖြေတွေးပေါ့ဟာ..."

"အေးပါ... ငါ ဘယ်လိုပြောရမလဲသာ ပြောပါ..."

"ဟင်... နင်ဖြေခဲ့ပြီမဟုတ်လား..."

"ဟာ... မေမေကလဲ... လို့ပဲ ပြောခဲ့တယ်..."

မုန်း၏အမှုပိုသောစကားသံကို ကြားယောင်ကြည့်ရင်း သိင်္ဂါ တဟားဟားထရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ဟာ… ဖေဖေက မနက်ဖြန်ဆို ပြန်ရောက်ပြီ…"

"အင်းနော်… ဒါဆို မေမေပြန်မှာပဲ၊ ဟင်… ဒီလိုကျ ပျင်းစရာကောင်းတော့မှာပဲ…"

"အင်းပေါ့… ဘာပဲပြောပြော ဒေါ်ကြီးက ပြောရဆိုရ ရှင်းရလင်းရ လွယ်တယ်"

"ယုံလွယ်တယ်လုပ်ပါ သိင်္ဂါရယ်…"

မုန်းစကားကြောင့် သူတို့ ရယ်ကြရသေးသည်။

"နင်တို့ကိစ္စကလည်း တကယ်တော့ မလွယ်ပါဘူး… မုန်းရယ်… ခုလို ခိုးဝှက်တွေ့ကြတာက ဟုတ်ပါပြီ၊ တစ်သက်လုံး ဒီလိုနေကြမှာလား"

"အဲလိုတော့ ဘယ်ဟုတ်မလဲ…"

"နင့်အမေက သဘောထားပြောင်းလာမှာမှ မဟုတ်တာ…"

"ငါတို့ပဲ သဘောထားပြောင်းရမှာလေ…"

မုန်းစကားကြောင့် မျက်လုံးပြူးသွားရသူက သိင်္ဂါ…။

"ဟင်… နင်တို့က…"

"တလွဲမတွေးပါနဲ့ဟာ… ကြီးကြီးကျယ်ကျယ် မဟုတ်တောင် တင့်တင့်တယ်တယ်လေး မင်္ဂလာဆောင်ချင်တဲ့ ငါတို့နှစ်ယောက်ရဲ့သဘောထားကို ပြောင်းပြီး ခိုးပြေးကြရမှာပဲ…"

"အဲ…"

သိင်္ဂါ ဘာပြောရမှန်း မသိတော့။ ပြီးတော့မှ သတိရကာ…

"ဟဲ့… ပြီးမှ မင်္ဂလာပြန်ဆောင်ပေါ့…"

"ရတော့ ရပါတယ်… ခံစားချက်က ဘယ်တူတော့မလဲ…"

"ဒါဆိုလည်း ဒီလိုလုပ်…"





"ဘယ်လိုလဲ…"

ညဏ်ကြီးရှင်မလေးသိင်္ဂါ၏ စကားကို မျက်ဝန်းများလင်းတောက်လာသည်ထိ နားထောင်နေသူက မုန်း။ ခေါင်းကလည်း တညိတ်ညိတ်နှင့်…။

"အင်း… ကောင်းတယ် သိင်္ဂါ အဲဒီအကြံကောင်းတယ်၊ ငါတို့စီစဉ်ဖို့ မောင့်ကိုပြောလိုက်မယ်…"

"ငါ့နာမည်တော့ မထာပ်နဲ့နော် သိသွားရင် ဖေဖေက သတ်မှာ…"

"အင်းပါ…"

ထိုအကြံကို ညကျတော့ သီဟကို ပြောပြဖြစ်သည်။ ဖုန်းကို အခန်းတံခါးပိတ်ကာ တိုးတိုး တိုးတိုးပြောရသဖြင့် အဆင်တော့သိပ်မပြေ။

"သူများအတွက်ပဲ စီစဉ်တော့မှာလား ဒေါ်သိင်္ဂါ"

သီဟက သူမကို ရိ၏။

"ဟင်… ကိုယ့်အတွက်က ဘာမှ အနှောင့်အယှက်မရှိဘူးလေ…"

"ဘာလဲ… ဟို… ယောက္ခမကြီးတွေက မီးစိမ်းတဲ့လား"

"စိမ်းလောက်ပါတယ် ပြီးတော့…"

"ပြီးတော့ ဘာဖြစ်လဲ…"

"မီးစိမ်းရင် အတူစီစဉ်လို့ရပြီလေ… အတွေ့အကြုံကလည်း သဥ္ဇာတို့ကောင်းမှုနဲ့ အကုန်ရထားပြီးပြီဆိုတော့ ဘာခက်လဲ…"

"ဘာမှမခက်ဘူး… သုံးယောက် လေးယောက်လောက် ပစ်ယူလို့တောင် ရတယ်…"

"သီဟနော် သေတော့မယ်… လျှောက်ပြောနေသေးတယ်…"

"ထိုင်ပြောတာပါ…"

"၃-၄ ယောက်လောက် နင့်ကိုယူဖို့ ရှိနေလို့လား၊ ငါအပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက မိုက်သေးလို့လဲ...”

သိဂ်ါ ခပ်တည်တည်နှင့် အစ်ပေးလိုက်တော့ သီဟက...

“နှစ်ယောက်တော့ အနည်းဆုံးရှိပါတယ်ဟာ...”

“ဟားဟား... ယုံချင်စရာ...”

“မယုံလည်း မတတ်နိုင်ဘူး မရွှေသိဂ်ါ... ကောင်မလေးကတော့ ကိုသီဟမှ မရရင်...”

“မသေချင်တော့ပါဘူးတဲ့လား...”

“ဘယ်ကလာ နေချင်သေးတာတဲ့...”

နှစ်ယောက်သား ရယ်မိကြသည်။ အလကား... အရည်မရ အဖတ်မရတွေ လာပြောနေသည်။ အမှန်ဆို ဒီစကားမျိုးက သိဂ်ါက. ပြောရမှာ။ အင်းလေ... နောက်တော့မှပဲ အတည်အတံ့ပြောတော့မည်။ ခုနေပြောလျှင် သူ့လို မတည်မတံ့ဖြစ်နေဦးမည်။

“ဩော်... မေ့လို့... သိဂ်ါ”

“ဘာလဲ...”

“နင့်ကို ပြောစရာတစ်ခုရှိတယ်...”

“အံမယ်... အဲဒီစကားကြီးက ပြောပြီးသွားလို့ နင့်ကိုတောင် အဖြေပေးပြီးပြီလေ...”

“ဟာ... မနောက်နဲ့... သိဂ်ါ အတည်ပြောတာ”

“အင်း... ပြောလေ...”

“ခုမပြောသေးဘူး... နောက်တစ်ပတ်တွေ့မှ...”

“အင်း... ပြီးရော... ငါလည်း နင့်ကို ပြောစရာရှိတယ်...”

သီဟက ထိုစကားကိုကြားတော့ ခပ်ဖွဖွရယ်သည်။





“နင်ပဲ ငါ့ကို အဖြေပေးပြီးသားဆို...”

“ရော်... ခက်ပြန်ပါရောလား... နင့်ကို နှစ်ခါပြန်ကြိုက်ရလောက်အောင်တော့ ငါမမိုက်ဘူး ထင်တာပဲ...”

“ပြောနိုင်ဘူး... တစ်ချို့တွေက အသိခေါက်ခက်ဝင်ပြီး မိုက်တွင်းနက်တတ်ကြတယ်...”

ပြောပြီး ရယ်ကြပြန်သည်။

ထိုညက သူတို့၏ရယ်သံဖွဖွများက ကြည်လင်မြူးကြွနေခဲ့လေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



**'၆'**

"ငါ သိင်္ဂါကိုပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ..."

"ဘာလဲ... ဟိုကောင်မလေးအကြောင်းလား..."

ကျော်စွာက လှမ်းမေး၏။

"အင်း..."

လတ်ဇော်ကတော့ ခေါင်းညိတ်ရင်း...

"တစ်ခုခုထူးမယ်ထင်ရင် လုပ်ပေါ့..." တဲ့...။

"သူ့ကို ငါ့မှာ သိင်္ဂါရှိတာ သေသေချာချာ ပြောပြထားပြီးပြီ၊ ဒါကို သူက ဘာမှမတုံ့ပြန်ဘူး... ရှိတော့ရော ဘာဖြစ်လို့လဲ... ဆိုတဲ့ ပုံစံနဲ့... ဒီတော့ ကျန်တာတစ်ခုက သိင်္ဂါကို ဖွင့်ပြောဖို့ပဲ..."

"ဟင်... မင်းဟာက သိင်္ဂါကို ဖွင့်ပြောပြတော့ရော... ဟိုက နောက်ဆုတ်သွားမှာမို့လား..."





လတ်ဇော်က မျက်မှောင်ကြုတ်ကာ မေး၏။ ကျော်စွာကတော့ စပ်ဖြဲဖြဲနှင့် ဝင်ပြောသည်။

"သြော်... ဒီကိစ္စက ဒီလိုရှိတယ် သိင်္ဂါ... ဟိုကတော့ နောက်မဆုတ်ဘူးတဲ့... နင်ဆုတ်မလား... ငါရှေ့တိုးလိုက်ရမလားလို့ ပြောမလို့နေမှာပေါ့..."

"ခွေးကောင်... မင်းလို မှတ်နေလား..."

သီဟ မနေနိုင်ဘဲ ဆဲမိတော့သည်။ ကျော်စွာကတော့ ရယ်ကျဲကျဲနှင့်...။

"ငါ့လိုမှတ်နေမှတော့ အဲလိုတောင် ပြောမနေဘူး..."

"မင်းက ဘာလုပ်မှာလဲ"

"အပေါ့ လတ်ဇော်ရာ... တစ်ယောက်ကို ဆွဲပြီး နောက်တစ်ယောက်ဆီ ရှေ့တိုးပစ်လိုက်မှာပေါ့..."

"ကားရားကျမယ့်ကောင်..."

"သြော်... အဲဒီလေ့နန့်နှစ်ဖက်နင်းလို့ ပြုတ်ကျမယ့်ကိစ္စက ရှေ့ထဲမှာပါ၊ ကုန်းပေါ်က လှေနှစ်စင်းကို နင်းကြည့်ပါလား... အဆင်ပြေပါလိမ့်မယ်..."

မဟာပညာကျော် ကျော်စွာ၏စကားကြောင့် သူတို့ ခေါင်းကို ပြိုင်တူခါမိကြသည်။

"မင်း ဆေးသောက်ချိန်တွေ လွတ်တာ များပြီထင်တယ်..."

"အင်း... ဟုတ်တယ်... မင်းတို့ကလည်းမေ့တော့ ငါလည်း မေ့တာပေါ့..."

နိုင်အောင်စကားဆက်နေလျှင် နေပင် ဝင်သွားနိုင်သည်မို့ သီဟနှင့်



www.burmeseclassic.com

www.burmeseclassic.com



လတ်ဇော် အလျှော့ပေးလိုက်ကြသည်။ ဘာတွေစိတ်ချမ်းသာရင် လောက ကြီး ဘာဖြစ်တယ်ဆိုလား... ဟု ရေရွတ်ကာ ရပ်ပစ်လိုက်ကြခြင်း ဖြစ်သည်။

ခဏာနေကျတော့ မှန်းနှင့် သိင်္ဂါရောက်လာသည်။

"ဟော... လာပါပြီ... လာပါပြီ... နင့်ကို သီဟက ပြောစရာ ရှိလို့တဲ့..."

"အေး... ငါလည်း ပြောစရာရှိတယ်..."

"နင်တို့ ကျားမိုလ်ဆွဲလေ..."

"သိင်္ဂါ အရင်ပြောပါစေ..."

"ဟင့်အင်း... သီဟ အရင်ပြော..."

"သိင်္ဂါ ပြောပါ..."

"သီဟ ပြောပါ... ဆို..."

"ငါပဲပြောလိုက်ရင် ကောင်းမလား..."

ကျော်စွာက ကြားဝင်ဟောက်သဖြင့် ရန်ထောင်ရန် လှည့်ကြည့်ဆဲ မှန်းက လက်ပြကာ ထွက်သွားတော့သည်။ လတ်ဇော်က...

"နင်တို့ပြောတော့ အဖေ ပြန်ရောက်ပြီဆို..."

"အေးလေ..."

"ခုတော့လည်း မှန်းအခြေအနေက ချောင်လှချည်လား..."

"ဒေါ်ကြီးက သူ့သမီးကို စစ်ဆင်ရေးပြောင်းထားပုံရတယ်၊ ဘာမှ သိပ်ကြပ်တာ မရှိတော့ဘူး၊ ဒါကြောင့် သူတို့ ဒီအောက်က ကော်ဖီဆိုင်ထဲ မှာပဲ ရှိမှာပါ..."

"ပြီးတာပဲ..."





"ကဲကဲ... ပြီးရင် ပြောတော့ သိင်္ဂါ..."

"ဟင်... နင် အရင် မပြောဘူးလား..."

"Lady first လေ..."

ဘောလူတွေကပါ စိတ်ဝင်တစားနှင့် Lady first လုပ်လာတာမို့ သိင်္ဂါက လက်လျှော့လိုက်ဟန်နှင့် စပြောတော့သည်။

"ဒီလို..."

Snow Worrior ဆိုသောနာမည်ကို ချန်ထားပြီး သိင်္ဂါက ပြော သည်။ အမိုက်စား အပျံစားကောင်လေးတစ်ယောက်ဆိုတာတော့ ပံ့ပေါ် သည်။ သိင်္ဂါ့စကားတွေကို နားထောင်ရင်း လတ်ဇော်နှင့် ကျော်စွာတို့ မျက်လုံးကြီးပြူးလာကြသည်။ တမင်လုပ်နေသောပုံမျိုး...။ သီဟကတော့ နားထောင်ရင်း နားထောင်ရင်း မယုံသင်္ကာဖြစ်လာသည်။ သူ့ကိစ္စကို သိင်္ဂါ တစ်ယောက်ယောက်ထံမှ တစ်စွန်းတစ်စ သိထား၍ ဒီလိုဇာတ်မျိုး လာခင်းပြနေသည်ဟု ထင်ပြီး ကျော်စွာနှင့် လတ်ဇော်ကို မသင်္ကာသလို ကြည့်သည်။

"အဲဒါပဲ သီဟရာ... ဘာမှပြောမရတာနဲ့ အစကတော့ ပြောပြ ထားရင် နင် စိတ်ပူမှာစိုးပြီး မပြောတာ၊ ခုတော့ မပြောဘဲနေလို့ မရ တော့တာနဲ့..."

"နင် လာနောက်နေတာလား သိင်္ဂါ..."

လတ်ဇော်က သီဟထက်ဦးအောင် ဖြတ်ပြော၏။

"ဟင်... ငါက ဘာနောက်ရမှာလဲ..."

"ငါက သိင်္ဂါ့ကို မယုံမဖြစ်ဘူး... မင်းတို့နှစ်ကောင်ပဲ သင်္ကာ တာ... မင်းတို့ သိင်္ဂါ့ကို ဘာတွေပြောထားလဲ..."



www.burmeseclassic.com

www.burmeseclassic.com



သီဟက လတ်ဇော်နှင့် ကျော်စွာကို လှည့်မေးတော့ သိင်္ဂါက မျက်လုံးအဝိုင်းသားလေးနှင့် ဘာမှနားမလည်။

"ဘာပြောထားစရာရှိလဲ..."

"ဘာမှမပြောဘူး..."

"ဘာမှမပြောရင် ဒီလို တိုက်ဆိုင်စရာအကြောင်းရှိလား"

"တိုက်ဆိုင်တာ..."

သီဟက ထိုစကားကို ရေရွတ်ရင်း ခေါင်းခါဆဲ သိင်္ဂါက...

"ဘာ... တိုက်ဆိုင်တာလဲ"

ဟု ဝင်မေး၏။

ထိုအခါကျမှ ကျော်စွာက လက်ကာပြရင်း...

"ခဏလေး သိင်္ဂါ"

"ဘာလဲ..."

"နင် ခုနကပြောတာတွေက တကယ်လား..."

သိင်္ဂါ့ပုံစံက အလိုမကျတော့။

"ဘာလဲ မယုံဘူးလား... ငါက လီဆယ်ပြီး ပြောမယ့်သူလား..."

"အဲ... အဲလိုမဟုတ်ပါဘူး... သေချာအောင် မေးတာပါ..."

"သေချာအောင်..."

သိင်္ဂါ မျက်နှာထားကိုတင်းပစ်လိုက်တာ တွေ့ရ၏။ ဒါဆိုရင်တော့ ဒါဟာ ဇာတ်လမ်းတစ်ခုမဖြစ်နိုင်။ သိင်္ဂါက ဒီလောက် သရုပ်ဆောင်မကောင်း ဟု သီဟထင်သည်။

"ဒီလိုပါဟာ... သူ နင့်ကို ပြောစရာရှိတယ် မဟုတ်လား..."





"အင်းလေ..."

"အဲဒါကလည်း အဲလိုဆင်ဆင်ပဲ..."

"ဘာရယ်..."

"သီဟ ပြောပြလိုက်လေ..."

သီဟက မထူးတော့သဖြင့် သူ့ကိစ္စကို Snow White ဆိုသည့် နာမည်လေးသာ ချန်လှပ်၍ ပြောပြလိုက်သည်။

သီဟ စကားအဆုံးမှာတော့ အခြေအနေက ပြောင်းသွားပြီ။ သီဟ တို့သုံးယောက်လုံးကို မယုံကြည်သောမျက်လုံးများနှင့် စိုက်ကြည့်နေသူက သိင်္ဂါဖြစ်သွားပြီ...။

"နင်တို့ထွင်တဲ့ ခွင်ထဲဝင်ရအောင် ငါက မနေ့ကမှ မွေးတာ မဟုတ်ဘူးလေ..."

"ဟင်... ဘာခွင်မှ မဟုတ်ဘူး သိင်္ဂါ... အဲဒါ အမှန်ပဲ..."

"လောကကြီးမှာ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက် ကို လိုက်တယ်ဆိုတာပဲ များတာ၊ မိန်းမတစ်ယောက်က ယောကျ်ားတစ် ယောက်နောက်ကို အဲလိုလိုက်တယ် ဆိုတာ တစ်ခါမှ မကြားဖူးဘူး၊ ပြီးတော့ နင်တို့ပြောပုံဆိုရင် အလွန်တရာကြီးကို ချောမောလှပနေတဲ့သူ... ပိုတောင်ဝေးသေး..."

"သီဟ စိတ်ပျက်လက်ပျက်ပုံ လုပ်မနေနဲ့... မင်းက ပြောရမှာ..."

လတ်ဇော်က ကြက်လည်လိမ်ထားသလို ဖြစ်နေသော သီဟကို ပြောသည်။

"သူယုံမှာမှ မဟုတ်တာ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း အစက မယုံခဲ့ဘူး"

"ခုမှ ပေါင်းညာဖို့ ယုံပေးလိုက်တာလား"

"မယုံပါဘူး သိဂ်ါရာ… တကယ်ပါ… ငါကိုယ်တိုင် လက်တွေ့ တကယ် အရင်ဆုံးတွေ့ရတာ… ဟိုလေ… သူ့ရုံးက မရတနာတို့လည်း သိတယ်…"

မရတနာဆို၍ သိဂ်ါ တစ်ချက်တော့တွေသွားသည်။ ဒီလူတွေနှင့် သူက သိပြီးသားတွေလေ…။

"ဇာတ်ဆိုတာ အစအဆုံး ရေးရတာ…"

"နင် ဘာကိုဆိုလိုတာလဲ သိဂ်ါ…"

"ငါပြောတဲ့ကိစ္စကို နင်တို့က စပြီး မယုံသင်္ကာချင်ဟန်ဆောင်ကြတယ်၊ ပြီးတော့ ငါ့လိုဆင်ဆင် လိုက်ပြောမယ်၊ နင်တို့အားလုံးပါ သိသယောင်လုပ်မယ်၊ ပြီးရင် ငါ့ကိုဟားမယ် ဒါမျိုး…"

"ကျွတ်… အဲဒါ တကယ်…"

သိဟက ဒီလောက်ပဲတတ်နိုင်သည်။

သူ့တုန်းကတော့ သူပြောတာ ဟုတ်လောက်သည်ဟု ယုံပေးခဲ့သော သိဟ။ သူ့အလှည့်ကျကာမှ…

"အဲဒီလောက်ကြီး တိုက်ဆိုင်စရာ ဘာအကြောင်းရှိလဲ…"

"ခု ရှိနေပြီလေ…"

"မဖြစ်မှ မဖြစ်နိုင်တာ…"

"နင့်ဟာကရော ဖြစ်နိုင်လို့လားလို့ မေးရင် နင် ဒေါသထွက်မယ် မဟုတ်လား…"





လတ်ဆော်က ထိုသို့ဝင်ပြောရာ၏။ သူတို့တွေ အဖြေမရဘဲ စိတ်တွေ ရှုပ်ထွေးကာ တစ်ယောက်ကို တစ်ယောက် မသင်္ကာဖြစ်နေကြဆဲ မုန်းနှင့် မောင်တို့ ပြန်ရောက်လာကြလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



‘T’

“ဟင်… အဲလောက်တောင် တိုက်ဆိုင်လား”

မုန်းကို ဇာတ်စုံခင်းပြတော့ မုန်းက တအံ့တသြရေရွတ်ရင်း ပြော၏။

“ဟာ… မုန်းရာ… နင်ကလည်း အလိုက်တာ… အဲလောက် တိုက်ဆိုင်မလား”

“ဟင်… ဒါဆို ဘာလဲ…”

“သူတို့ ငါ့ကိုလှောင်ဖို့ ဇာတ်လမ်းဆင်နေတာ…”

“ဟယ်… အဲလိုတော့ မဟုတ်လောက်ပါဘူး သိဂ်ါရယ်…”

“ဟုတ်သားပဲ…”

မုန်းနှင့် မောင်က သိဂ်ါကို နှစ်သိမ့်၏။ ကျော်စွာကတော့ စိတ်မရှည်တော့ဟန်နှင့်…





“ကဲ… နင်ပဲကြည့်ပြောတော့ မုန်း… သီဟဘက်မှာက ငါတို့နှစ်ကောင် သက်သေရှိတယ်၊ ဒီကောင့်ကို ဒီလို အလကား မင်္ဂလာယူခွင့်ကြီး ငါတို့က အရှုံးမို့ ပေးထားမှာလား”

ထိုစကားကြောင့် လတ်ဇော်က ‘ဟီး’ခနဲထရယ်ပြီး ‘ဟုတ်တယ်’ဟု ထောက်ခံသည်။

“သိဂ်ါဘက်ကလည်း မုန်း သက်သေရှိပါတယ်၊ ခုလို သိဂ်ါနဲ့ မုန်း လွတ်လပ်ရေးရနေတာလည်း ဒီပုဂ္ဂိုလ်လေးကြောင့်ပဲ…”

“ဘယ်လို…”

“ဘာရယ်…”

မောင်အပါအဝင် သီဟရော လတ်ဇော်နှင့် ကျော်စွာပါ ခေါင်းထောင်သွားရသည်။ မုန်းက ရယ်ရင်း…

“သူ့ကို လူကြီးတွေက မေးရင် မုန်းကို လိုက်နေတာလို့ ဖြေထားတော့ အဆင်ပြေနေတာလေ၊ လူကြီးတွေကလည်း မုန်းကို မောင်နဲ့က လွဲရင် အားလုံး Green light ပြချင်နေတာ ဆိုတော့ အိုကေပေါ့…”

သူတို့တွေ မသက်မသာရယ်မိကြသည်။ မုန်းတို့အဖြစ်ကို ကရုဏာသက်တာလည်း ပါတာပေါ့။

“ကဲ… ဒါဆို နှစ်ဖက်လုံးက ဒီလိုဖြစ်နေတာ သေချာတယ်ပေါ့…”

“သေချာတယ်…”

မုန်း၏မေးကို ကျော်စွာက ထောက်ခံ၏။ သိဟ်သီဟနှင့် သိဂ်ါကတော့ ခုထိ တစ်ယောက်ကို တစ်ယောက် မျက်စောင်းခဲနေကြသည်။ သိပ်တော့ ဒီဂရီမမြင့်တော့။ ခဏနေတော့ သူတို့ဇာတ်က ပြောင်းသွားပြီ။

“ဒီကောင် ဒီလိုလိုက်နေတာကို ဘာလို့ ငါ့ကို အရင်က မပြောလဲ”



www.burmeseclassic.com

www.burmeseclassic.com



"နှင်ကရော ဘာလို့ လျှို့ဝှက်ထားလဲ"

"နှင်စိတ်ပူမှာစိုးလို့ပါ"

"အေး... ငါလည်း နှင်အူတိုနေရရင် ပင်ပန်းမှာစိုးလို့..."

"ဘယ်သူက အူတိုမယ်ထင်လို့လဲ..."

"ဘယ်သူကရော စိတ်ပူမယ်ထင်လို့လဲ..."

"နှင်က အူမတိုတတ်ဘူးပေါ့..."

"နှင်က စိတ်မပူတတ်တော့ဘူးပေါ့..."

"ကဲ... ကဲ... တော်တော့... နားညည်းလာပြီ..."

မုန်းက ဝင်အော်မှ ရပ်တော့သည်။

ကျန်လူများကတော့ တဟားဟားရယ်မောနေကြပြီ။ ဇာတ်က တစ်ခန်းရပ်ပြီကိုး။ နှစ်ဦးလုံး တကယ်ဖြစ်ကြတာ သေချာသွားကြပြန်တော့လည်း စကားနိုင်လုနေကြသောနှစ်ယောက်ကို ကြည့်ကာ ဘယ်သူက မရယ်ဘဲ နေနိုင်ပါမည်နည်း။

"ငါမေးပါဦးမယ်..."

ကျော်စွာက သိဂီ္ဂါကိုကြည့်ကာ ပြော၏။

"ဘာလဲ..."

"အဲဒီကောင်က သီဟထက်မိုက်တယ် မဟုတ်လား..."

"အင်းလေ..."

"နှင် ဘာလို့ စိတ်မဝင်စားတာလဲ..."

"ဒါ... နှင့်အကောင်ကို အရင်မေး... ဟိုက ငါ့ထက် အဆ တစ်ရာလှတယ်တဲ့... ဘာလို့မကြိုက်တာလဲ မေးလိုက်..."

"သူက နှင်ရှိနေပြီးသားမို့တဲ့..."





"ငါလည်း အဲလိုပဲ..."

"မရှိသေးရင်တော့ တစ်မျိုးပေါ့နော် ဟုတ်လား..."

လတ်ဇော်က ဝင်ဖောက်ပြန်သည်။

"နှင်တို့ကိုပြောရတာ နွားကို မုန့်ဆီကြော်ကျွေးရသလိုပဲ"

"ပလာတာလုပ်ပါ..."

"တူတူပဲ... နှင်တို့မှာမှ ချစ်သူမရှိတာ၊ နှင်တို့ကို အချစ်ဆိုတာ ဘာညာကွိကွ... သစ္စာတရားဆိုတာ... ပသို့... စသဖြင့် ပြောနေလည်း နားလည်မှာမှ မဟုတ်တာ..."

ကျော်စွာက ဟတ်ထိသွားတယ်... ဆိုသောပုံ လုပ်ပြရင်းက...

"မကြာတော့ပါဘူး... နှင် အဲလို ကြာကြာပြောလို့ မရတော့ပါဘူး"

"ဘာလဲ တွေ့ထားပြီပေါ့..."

"တွေ့တာမှ အများကြီး... ဒီထဲထိ ဆန်ကာစစ်ချတာ တစ်ယောက်မှ မတင်လို့ ခု ငါ့ဆန်ကာကို ပိုပြီးစိပ်ထားလိုက်ပါပြီ မကြာတော့ပါဘူး..."

မုန်းကတော့ တစ်ချက်ပြုံးရင်း...

"ငါ သီဟနောက်လိုက်တဲ့ ကောင်မလေးကို မြင်ဖူးချင်လိုက်တာ"

"ငါတို့ကလည်း ပြချင်ပါတယ်၊ ကောင်လေးတစ်ယောက်နောက် တကောက်ကောက်လိုက်နေလို့ ပျံတံတံ နန့်တန့်တန့် ခပ်ကဲကဲလေးလို့ ထင်ရင် မှားသွားမယ်၊ ရေလည်တည်တယ် မျက်နှာထားက တင်းတင်းလေး... အဲဒီမျက်နှာထားက သီဟကို မြင်လိုက်ရင်တော့ သိသိသာသာကြီးကို လျော့သွားပြီး ကြည်ကြည်လင်လင်လေး ဖြစ်သွားရော..."

ကျော်စွာ့စကားကို နားထောင်ပြီး မုန်းကရယ်သည်။

"ကိုကျော်စွာက သေချာလေ့လာထားတယ်နော်..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ထူးခြားတာကိုး..."

"ဒါ... ထူးတာ..."

လတ်ဖော်က နှာခေါင်းကို မသိမသာပွတ်ပြရင်း ပြောနေတာမို့ ရယ်ရသေးသည်။ ကျော်စွာကတော့ ဒါကို မကြားချင် မမြင်ချင်ဟန်ပြု ကာ ဆက်ပြောပြန်သည်။

"လူကလည်း Status တစ်ခုရှိမှန်းသိသာတဲ့ Style မျိုး သီတယ် မဟုတ်လား... တစ်ချို့က ချမ်းသာပေမယ့် Personality က ပါမလာ ဘူး၊ သူ့ကျတော့ အကုန်ပြည့်စုံတယ်"

"ချမ်းသာတာတော့ အမှန်ပဲ"

လတ်ဖော်က သူစုံစမ်းထားတာမို့ ဖြည့်ပြော၏။

"သူ့ထူးခြားချက်က သီဟနဲ့ ငါ လမ်းလျှောက်ရင် သူလည်း လျှောက်တယ်၊ Taxi နဲ့ဆို Taxi စီးတယ်၊ လတ်ဖော်ကားပါမှ သူလည်း ကားပါတယ်၊ သူ့ကားက လတ်ဖော်ကားလိုပဲ Mark II ရွှေအိုရောင် ဖျော့ဖျော့လေး။

"ဟိုတစ်ယောက်က ပြိုင်ကားမောင်းတယ်"

မှန်းက ထိုသို့ဝင်ပြောတော့ လတ်ဖော်က...

"ဩော်... သိပြီ... ပြီးခဲ့တဲ့အပတ်က နှင်တို့ကို လာခေါ်တုန်းက တွေ့တဲ့ ပြိုင်ကားလေး..."

"အင်း... အင်း... ဟုတ်တယ်"

"အင်း... ဟုတ်ပြီ..."

"ဘာ... ဟုတ်တာလဲ..."

"ဩော်... နှင်တို့ပြောတာ သေချာတဲ့သက်သေတွေ ပါလာပြီလို့"





"နှင်တို့သာ သက်သေမပြနိုင်တာ..."

"အဲလိုမဟုတ်ဘူးဟ... သီဟက သိင်္ဂါ့ကိုပြချင်လို့ အကြိမ်ကြိမ် ချိန်းတာ သိင်္ဂါရောက်လာရင် ပျောက်သွားရော၊ ဟိုးတစ်ခါ ဒဂုံစင်တာမှာ မှန်းနဲ့ ပထမဆုံးထွက်လာတုန်းကရော... Feel မှာ ထမင်းစားဖို့ ဆုံ တုန်းကရော... နှင်တို့ရောက်မလာခင်ထိ ရှိနေတာ၊ ရောက်လာလို့ လှည့် ကြည့်လိုက်ရင် မရှိတော့ဘူး..."

"အင်းလေ... သူကလည်း သီဟမှာ သိင်္ဂါရှိမှန်း သိသိကြီးနဲ့ဆို တော့ သိင်္ဂါနဲ့ သီဟတို့ကို တွဲမြင်ရမှာတော့ မမြင်ချင်လို့ ဖြစ်မှာပေါ့..."

"အင်း... ဖြစ်နိုင်ပါတယ်..."

"ဖြစ်နိုင်ပါတယ် လုပ်မနေနဲ့၊ ဒီကိစ္စကို ဘယ်လိုရှင်းမှာလဲ..."

သိင်္ဂါက မေး၏။

"ဘာကိုရှင်းမှာလဲ"

"အဲဒီလူကိစ္စနဲ့ ဟိုကောင်မလေးကိစ္စ..."

"ဘာရှင်းစရာရှိလဲ... သူ့ဟာသူ ထားလိုက်..."

လတ်ဖော်က ထိုသို့ပြော၏။ သီဟကတော့ ခုမှ သတိရဟန်ဖြင့်...

"By the way..."

"ဘာလဲ... ဘာဝေးချင်တာလဲ"

"အဲဒီကောင်လေးနာမည်က ဘာတဲ့လဲ..."

သိင်္ဂါက မှန်းကိုကြည့်ရင်း ဖြေ၏။

"Snow Worrior" တဲ့...။

"ဘာရယ်..."

"Snow Worrior..."



www.burmeseclassic.com

www.burmeseclassic.com



လတ်ဇော်၊ သီဟနှင့် ကျော်စွာတို့ တစ်ယောက်ကို တစ်ယောက် မမြင်ဖူးသူတွေလို ကြည့်မိကြသည်။

"ဘာဖြစ်တာလဲ... အဲဒီနာမည်က ဘာဖြစ်လို့လဲ..."

သိင်္ဂါက စိတ်မရှည်သလို မေး၏။

သီဟက မချိတရိတစ်ချက်ရယ်လိုက်ရင်း...

"ပြောရင် ယုံပါ့မလားမသိဘူး..."

"ဘာလဲ..."

"ဟိုကောင်မလေးနာမည်က Snow White တဲ့..."

"ဘာ..."

"ဟင်..."

"ဟာ..."

မှန်း၊ သိင်္ဂါနှင့် မောင်တို့ထံမှ ပြိုင်တူထွက်ကျသွားသော အာမေဋိတ်များဖြစ်သည်။ ဒါ့ဟာ ဘယ်သူရေးခြစ်ထားတဲ့ ကံကြမ္မာစာမျက်နှာတစ်ရွက်လေလဲ...။

◆





**'U'**

ကွန်ပျူတာလည်းပိတ်၊ ဖုန်းလည်းပိတ်ပြီး မှန်းနှင့် သိင်္ဂါ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။

"နင်ယုံလား မှန်း..."

"ဘာကိုလဲ..."

"သူတို့ပြောတာတွေကို..."

"ယုံတယ်... ငါတောင်ယုံတာ နင်ကရော... သီဟကို မယုံဘူးလား"

"ယုံတော့ ယုံပါတယ်... ဒါပေမယ့် စဉ်းစားချင်စရာကြီး..."

"အင်းလေ... စဉ်းစားချင်စရာတော့ ကောင်းပါတယ်..."

"နင်စဉ်းစားကြည့်..."

"အင်းပါ... စားပါတယ်ဆို..."

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပထမဆုံးအကြိမ်အနေနှင့် ရယ်မိကြသည်။

"ဖြစ်ရပ်က ဆန်းတယ်... ဖြစ်တဲ့ကာလကလည်း တူတူပဲ နှာမည်ကပါ ဆင်တူရိုးမှားဖြစ်နေတာ မသက်ာစရာကြီး လောကကြီးက အဲလောက် တိုက်ဆိုင်လား..."

"ပြောနိုင်ဘူးလေဟာ ဖြစ်တာက ဖြစ်နေပြီပဲ"

"ငါထင်တာက..."

"ဘာလဲ..."

"တစ်ယောက်ယောက်ကများ ငါနဲ့ သီဟကို ကွဲအောင် ကြံစည်နေတာများလားလို့..."

"ဟယ်... ရှာရှာကြံကြံ သိင်္ဂါရယ်"

"ငါ အဲလိုခံစားရတယ်... အဲဒီလိုဖြစ်စေချင်တဲ့လူက သီဟဆီ တစ်ယောက်လွှတ်... ငါ့ဆီ တစ်ယောက်လွှတ်ပြီး..."

"တော်ပါတော့ မရွှေသိင်္ဂါရယ်... ဒီလိုလူတွေရဲ့ personality တွေက သူများခိုင်းတာလုပ်မယ့် ရုပ်တွေလား၊ ကိုယ့်ကိုယ်ပိုင်ကားလေး ကိုယ်သုံးပြီး သူများခိုင်းတာ လုပ်မှာလား... စိတ်ကူးမယဉ်ပါနဲ့ဟာ..."

"အဲဒီလူက အဲဒါအားလုံးကို supporting ပေးထားတာ ဆိုရင်ရော..."

"နင်နဲ့ သီဟကို ကွဲစေချင်တဲ့လူဟာ နင့်ကိုသော်လည်းကောင်း၊ သီဟကိုသော်လည်းကောင်း ကြိုက်နေတဲ့သူ ဒါမှမဟုတ် နစ်နာစေချင်တဲ့သူ ဖြစ်ရမယ်၊ နင့်ပတ်ဝန်းကျင်မှာ အဲလိုလူ... အဲလောက် supporting ကောင်းတဲ့လူမျိုး ရှိလား အရင်စဉ်းစား..."

"အဲလိုတော့ မရှိဘူးပေါ့..."





"ဒါများ သိင်္ဂါရယ်... နင်က စိတ်ကူးထဲ ဇာတ်တွေ ရေးနေသေးတယ်၊ စာရေးဆရာမလုပ်ပါလား..."

"မဟုတ်ပါဘူး... တွေးမိတာလေးတွေ ပြောတာပါ..."

"ကဲ... သိပ်တွေးမနေနဲ့ အိပ်တော့..."

ဒီညတော့ သိင်္ဂါ လွယ်လွယ်နှင့် အိပ်ပျော်သွားတာ အံ့သြစရာ။ စိတ်ပမ်းလူပမ်းမို့ ထင်သည်။

မနက်ဘက် ရုံးသွားဖို့ပြင်တော့ အစောကြီးပြီးကာ အိမ်ရှေ့ ထိုင်စောင့်နေသော သိင်္ဂါကို ဖေဖေက မျက်ခုံးပင့်ကြည့်သည်။

"ဒီနေ့ ရာသီဥတုကောင်းပါ့မလား မသိဘူး"

"ကောင်းပါတယ်... အနွေးထည်ယူမလားဟင်"

ဘာမှမသိသော အမေက ထိုသို့ပင် ဝင်ပြောလိုက်သေးတာမို့ သိင်္ဂါ ကျိတ်ပြုံးရသေးသည်။ အမှန်က အစောကြီးနိုးတာရော၊ စောစောစီးစီး Computer ဖွင့်ပြီး mail ကြည့်သည့်အလုပ်ပါ နားထားလိုက်တာရော ကြောင့် စောစောပြီးနေခြင်း ဖြစ်သည်။

ထုံးစံအတိုင်း ခြံကထွက်တာနှင့် ဗီရိယကောင်းသော ပြိုင်ကားလေးက အိမ်ရှေ့မှာ...။ ဖေဖေက ကားကို တစ်ချက်လှမ်းကြည့် အကဲခတ်ရင်း နောက်က တူမတော်ကိုပါ မှန်ကတစ်ဆင့် လှမ်းကြည့် အကဲခတ်တာကို သိင်္ဂါတွေ့လိုက်ရပြီး ရယ်ချင်သွားသည်။

တစ်ညလုံး online လည်း မတက်။ ဖုန်းလည်း ပိတ်ထားတာမို့ တစ်ဖက်လူကြည့်ရတာ အနည်းငယ်တော့ စိတ်လှုပ်ရှားနေသလို ထင်ရသည်။ ရုံးရောက်တာနှင့် ကားကလေး လှည့်ထွက်သွားသော်လည်း ရုံးအဝင်ဝမှာက ပန်းခြင်းသေးသေးလေးတစ်ခု စောင့်နေသည်။ ရုံးစောင့်လေးက



www.burmeseclassic.com

www.burmeseclassic.com



"မသိမ့်သိင်္ဂါ…တဲ့"

"ကျေးဇူးပဲ…"

ပန်းခြောက်ခြင်းသေးသေးလေးက ချစ်စရာ…။

သေချာပိတ်ထားသော စာအိတ်လေးထဲမှ ကဒ်ပြားလေးကို ဆွဲထုတ်လိုက်တော့…

"I'm just worried!

please accept my call

I wanna talk to you…"

**Snow Worrior**

မနက် အိမ်ကထွက်လာကတည်းက ဖုန်းက ဖွင့်ထားပြီးသား။ ဘာဖုန်းမှ ဝင်မလာ။ သီဟထံမှ 'Good day' ဆိုသော message လေးတစ်ခုသာ ရောက်သည်။ မုန်းကတော့ ကဒ်လေးကိုကြည့်ပြီး…

"သူ့ဘာပြောချင်လဲမသိ…"

"ဩော်… ညက ဘာဖြစ်တာလဲ… ဘာညာနေမှာပေါ့…"

"ဒါနဲ့ မနက်ဖြန် နင်ရုံးတက်မှာလား"

"ဟင့်အင်း… မတက်ဘူး နင်ကော…"

"နှစ်ယောက်ကြီးပျက်လို့ မကောင်းဘူးထင်တယ်…"

"အင်း… နင်တက်လိုက်လေ… မီရင် ငါလည်း နေ့ဝက်လာခဲ့မယ်"

"သဉ္ဇာနဲ့ ရဲမွန်ကို ကြိုရုံပဲလား၊ သူတို့အိမ်ထိ သွားမှာလား"

"သိသေးဘူး"

"ကျော်စွာနဲ့ သီဟကရော အလုပ်က ခွင့်ယူမှာလား…"

"မသေချာသေးဘူးတဲ့…"





"အင်းလေ… ကြားရက်ကြီးကိုး…"

သူတို့အားလုံး ရှေ့တစ်ပတ်ထဲဆို ရဲမွန်တို့ မင်္ဂလာဆောင်အတွက် အလုပ်ရှုပ်ကြတော့မည်။ ခုခေတ်မှာက လူငယ်အတော်များများက ကိုယ့်အားကိုယ်ကိုးကာ အိမ်ထောင်ပြုကြတာ များသည်။ ခုလည်း ရဲမွန်နှင့် သဉ္ဇာတို့က ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ်တွေ လုပ်ခဲ့ကြသည်။ ဒီမင်္ဂလာပွဲ၏ကုန်ကျစရိတ်များကို မိဘများထံမှ တစ်ဝက်သာ လက်ခံခဲ့ကြသည်။ သူတို့နှစ်ယောက်ကတော့ တက်တက်ကြွကြွနှင့် အားကျစရာ။

သိင်္ဂါနှင့် သီဟကျတော့ မိဘကို အားကိုးရမှာ သေချာနေသေးသည်မို့ အချိန်ရွှေ့ထားတာ ကောင်းမည်ဟု တွေးမိသည်။ သိင်္ဂါ့အနေနှင့်သာ ခုနေရာမှာမဟုတ်ဘဲ ဖေဖေ့ရုံးမှာ ဝင်လုပ်လိုက်လျှင်တောင် လခပိုများမှာကို သိလျက်နှင့် စိတ်ကျဉ်းကြပ်မှာစိုး၍ မလုပ်ခဲ့။ ခုတော့ ရှေ့ရေးအတွက် စဉ်းစားရတော့မည်။ သီဟကိုလည်း စဉ်းစားခိုင်းရမည်။ သိင်္ဂါကတော့ မိန်းကလေးပီပီ အိမ်ထောင်မပြုချင်သေးသော်လည်း ပြုလိုက်တာက တစ်ဖက်သား… အဲလေ… နှစ်ဖက်သားအတွက် ပိုအဆင်ပြေသွားမည်ဟု တွေးမိသောကြောင့် ဖြစ်သည်။ အမှန်တော့ ဒါလည်း သိပ်တော့တရားနည်းလမ်းမကျပါ။

အတွေးလွန်နေဆဲ ဖုန်းဝင်လာသည်။ သူ့ရဲကောင်းလေးထံမှ… သိင်္ဂါလက်ခံကာ ထူးလိုက်သည်။

"ဟဲလို…"

"သိင်္ဂါ…"

"ဟုတ်ကဲ့…"

"ညက နေမကောင်းလို့လား…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခေါင်းကိုက်တာနဲ့..."

"ဘာလို့ခေါင်းကိုက်တာလဲ... ဖျားချင်လို့လား..."

"မဟုတ်ဘူး... နေ့လည်ဘက် သီဟတို့နဲ့ လျှောက်သွားတာ များသွားလို့..."

တမင်ပင် အမှန်တရားကို ထည့်ပြောလိုက်တော့ တစ်ဖက်က ခပ်မွမွရယ်သည်။

"လည်တာလည်း လည် ...ကျန်းမာရေးလည်း ဂရုစိုက်ပေါ့... ခုကော..."

"သက်သာပါပြီ..."

"ကျွန်တော်စိတ်ပူနေတာ..."

"ဟုတ်ကဲ့..."

"ခုလို ရုံးချိန်ကြီး လက်ခံစကားပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပဲနော်... Take care and I love you..."

အလိုက်သိစွာ ဖုန်းချသွားတော့သည်။

မှန်းကတော့ ဘေးမှနေ၍ ပခုံးတွန့်ပြ၏။ ပြီး ပန်းခြင်းလေးကို ကြည့်ကာ...

"ပန်းတွေက အစစ်တော့ အစစ်ပဲ... ဒါပေမယ့် နည်းပညာတစ်မျိုးနဲ့ အခြောက်ခံထားတာ..."

"အင်းနော်..."

"သနားပါတယ်"

"ဟင်... ဘာကိုလဲ မှန်းရဲ့"





**"ပန်းလေးတွေလေ... လန်းနေခွင့်ရတုန်းမှာပဲ သေဆုံးခြောက်သွေ့သွားရတာ၊ အပြီးတိုင် ကြွေသွားခွင့်လည်း မရဘူး ကံဆိုးလိုက်တာလို့..."**

မှန်းစကားကြောင့် သိဂ်ါပင် တွေသွားရသည်။

ဟုတ်တော့လည်း ဟုတ်သည်ပင်။ မှန်းပြောတာ မှန်သည်။ လန်းဆန်းရမည့်အချိန်မှာ ခြောက်သွေ့သေဆုံးပေးလိုက်ရသည်။ အပြီးတိုင် ကြွေလွင့်စွန့်ခွာသွားရတာမျိုးလည်း မဟုတ်။ ရှင်သန်မှုအတုကြီးနှင့် လောကကို ဆက်လက်အလှဆင်နေရရှာသည်။

အိုး... လောကကြီးက ဘာကြီးလဲ...။

လူတွေကရော ဘာလို့ အဲလိုဖြစ်အောင် လုပ်တတ်ကြရတာလဲ...။

လူတွေရဲ့စိတ်ဆန္ဒအလျောက်လား...။

ကံကြမ္မာအရလား...။

လောကက ဖြစ်ခွင့်ပေးလို့လား...။

အဖြေတော့ ရှိရပေလိမ့်မည်...။

◆



www.burmeseclassic.com

www.burmeseclassic.com



**'V'**

ရဲမွန်နှင့် သဥ္ဇာကို တကယ်တမ်းကျ သီဟ သွားမကြိုနိုင်။ မပြီးပြတ်သောအလုပ်များနှင့် ကျန်ခဲ့ရသည်။ ဒီတော့ ညနေရုံးအဆင်းမှာ သူတို့ အပြင်က လာစောင့်ကြလိမ့်မည်။

"အဲ..."

တစ်စုံတစ်ခုကို သတိရသွားရတာမို့ 'သီဟ်သီဟ' နည်းနည်းကျေနပ်သွားသည်။ သူ့ကိုလာစောင့်မှာက ရဲမွန်၊ သဥ္ဇာ၊ ကျော်စွာ၊ လတ်ဇော်နှင့် သိင်္ဂါ။ မုန်းတောင် ပါချင်ပါဦးမည်။ ခါတိုင်း ရုံးဆင်းချိန်တိုင်း စောင့်နေကျ မနှင်းဖြူလေးနှင့် တိုးမှာ သေချာသည်။ ကျော်စွာတို့ကလည်း သိင်္ဂါ့ကို မပြဘဲနေမှာ မဟုတ်။ ဒါဆို သိင်္ဂါ့မယုံကြည်မှုများ ရှင်းသွားလိမ့်မည်။

"Wait nay tel, quick, quick, myan, myan"





ရောက်လာသော လတ်ဇော်၏ message ကြောင့် ပြုံးရသေးသည်။ Burglish ကော English ကောကို ကျွမ်းကျင်စွာ တွဲသုံးထားသည်ကိုး။

"သွားပြီ... တာ့တာ..."

အားလုံးကိုနှုတ်ဆက်ကာ ရုံးထဲက ထွက်လာတော့ အပြင်တွင် အုံနှင့်ကျင်းနှင့် စောင့်နေသူများကို တွေ့လိုက်ရသည်။ မနှင်းဖြူလေးကတော့ မရှိ။ သိင်္ဂါရောက်မှတော့ လစ်ထွက်သွားလောက်ပြီ။

"ကျော်စွာ..."

"ဘာလဲ..."

"တွေ့လိုက်သေးလား သိင်္ဂါနဲ့..."

"ဟင့်အင်း..."

ခုမှရောက်လာသော ရဲမွန်တို့ကို နှုတ်မဆက်အားသေးဘဲ ကျော်စွာကို ကပ်ပြောနေသည့် သီဟကို သူတို့က ဝိုင်းအော်ကြသည်။

"ဟဲ့... ငါတို့က ဒီမှာလေ..."

"အေးလေ..."

"မြင်ပါတယ်... ဒီမှာ ကျော်စွာကို ကိစ္စတစ်ခု အရင်မေးနေတာ၊ ပြီးမှ ပြေးဖက်မလို့... ခုတော့..."

"ပြေးဖက်မလို့... ဘယ်သူ့ကိုလဲ..."

ရဲမွန်က ရယ်ဟဟနှင့် မေး၏။

"သဥ္ဇာ့ကိုလေ..."

"အေးအေး... ငါလည်း လေဆိပ်မှာ သိင်္ဂါ့ကို ပြေးဖက်ခဲ့တာ ကျေပါတယ်..."

ရဲမွန်စကားကြောင့် ဝါးခနဲရယ်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၇) ယောက်ဆိုတော့ ကားကို နှစ်စီးခွဲလိုက်ရသည်။ သူတို့ ချီတက်ကြတာက မြန်မာထမင်းဆိုင်သို့။

"ကျော်စွာ..."

"အင်..."

"မလာတာလား... လစ်သွားတာလား"

"လစ်သွားတယ်ထင်တာပဲ... ကားတော့ တွေ့လိုက်တယ်၊ ငါက ရဲမွန်ကားနဲ့ပါလာတာ၊ ရှေ့က သိင်္ဂါတို့က လတ်ဇော်ကားနဲ့... နောက်က မင်းတို့လမ်းထဲဝင်လာတော့ သူ့ကားက ဟိုးဘက်ထိပ်မီးပွိုင့်ကို ရောက်နေပြီ..."

"ဘာလဲဟင်... ဟိုကောင်မလေးလား"

သိင်္ဂါက ဝင်မေး၏။

"အင်း... နင့်ကိုပြဖို့ဟာ..."

"ရပါတယ် ယုံပါတယ်... သူများကို ဒုက္ခမပေးပါနဲ့..."

"ဘာဒုက္ခလဲ သိင်္ဂါ..."

"သြော်... သူလည်း သိသာသိစေ၊ မမြင်ချင်ဘူး နေမှာပေါ့..."

"အင်း..."

သိဟ်သီဟက 'အင်း...' ကို သံရှည်ကြီး ဆွဲလိုက်မိသည်။

ထမင်းဆိုင်ရောက်တော့လည်း ထိုအကြောင်းပင် ရဲမွန်နှင့် သဉ္ဇာတို့ ဖောက်သည်ချကြရ၏။

- "ဟင်... နင်တို့က ကံတူအကျိုးပေးတွေပါလား"

သဉ္ဇာက တအံ့တသြဆို၏။ ရဲမွန်ကတော့ ရုပ်တည်နှင့်...။

"ငါက သူတို့နှစ်ယောက်ကို ချီးကျူးပါတယ်..."





"ဘာလို့လဲ..."

သိင်္ဂါက အူတူတူဝင်မေး၏။

"သြော်... ဒီလောက် သီဟနဲ့ ဘာမှမဆိုင်တဲ့ကောင်ကို စိတ်မဝင်စားလို့လေ... ငါသာဆို အာမ,မခံဘူး..."

"ဟင်... ငါလည်း အာမ,မခံဘူးနော် ရဲမွန်... ဒါ သိင်္ဂါမို့..."

ရဲမွန်၏စကားကို သဉ္ဇာကလည်း ရုပ်တည်လေးနှင့် ချေပ၏။

ရဲမွန်က...

"ငါမအားလို့ကွာ အားရင်..."

"အားရင် ဘာလုပ်ဦးမလို့လဲ..."

"သီဟကိုလိုက်တဲ့ ကောင်မလေးကို ငါ နောက်က ပြန်လိုက်မယ် သိင်္ဂါကိုလိုက်တဲ့ ကောင်လေးကို သဉ္ဇာကို ပြန်လိုက်ခိုင်းမယ်၊ ဟဲဟဲ... တန်ပြန်ပေါ့... မမိုက်ဘူးလား"

"မိုက်တယ်... မအားလို့လို့ ပြောမလို့ မဟုတ်လား"

"ဟုတ်တယ်..."

"မင်းအစား ငါကူနိုင်ပါတယ်... နော်..."

ကျော်စွာက ခပ်တည်တည်နှင့် ဝင်ပြော၏။ သဉ္ဇာက နှာခေါင်းရှုံ့ရင်း...

"နင့်မှာက ကူမယ့်ဘက် မရှိဘူးလေ... ကြိုးစားလိုက်ဦး..."

"မကြာတော့ပါဘူး..."

"ဘာလဲ... ဘုန်းကြီးဝတ်တော့မှာကို ပြောတာလား"

"အေး... လောကတဏှာကို စိတ်ကုန်..."

ကျော်စွာ့စကား မဆုံးလိုက်။ တမင်မဆုံးအောင်လုပ်ပြီး ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသော ကောင်မလေးများကို တမင် မျက်လုံးပြူးကြည့်ပြနေသေးသည်။ ပြီးမှ သက်ပြင်းချရင်း…

"စိတ်ကုန်တယ်ဆိုတာ ဒါကို ပြောတာပေါ့…"

"ဘာစိတ်ကုန်တာလဲ…"

"ဘုန်းကြီးဝတ်ချင်စိတ်…"

ဝါးခနဲ ဝိုင်းရယ်မိကြသေးသည်။

"ကဲကဲ… နင်တို့ဖိတ်ထားတဲ့ သူငယ်ချင်းစာရင်းတွေ ငါ့ကိုပြဦး"

"ရော့…"

လတ်ဖော်က စာရင်းစာရွက်လေး ထုတ်ပြ၏။

ကျော်စွာက…

"နင်က အဲဒီစာရင်းပဲ လိုချင်တာလား၊ တခြားကုန်ကျစားရိတ်စာရင်းလေးရော…"

"နောက်မှပေါ့ဟာ… ပြေးမှာမှ မဟုတ်တာ မသကာ လစ်ထွက်သွားရုံပဲ…"

သဥ္ဇာက စာရင်းကိုကြည့်ကာ လိုသောသူများကို ထပ်ဖြည့်သည်။ ပြီး သူ့အိမ်ကစာရင်းနှင့် တိုက်ကြည့်ရင်း တစ်ချို့နာမည်တွေ ထပ်ဖြည့်ရေးသည်။

"မေမေက လူရင်းတွေကို မေ့နေတယ်၊ အမျိုးတစ်ချို့လည်း ကျန်တယ် အမြန်သွားပို့မှပါပဲ…"

"ဩော်… သဥ္ဇာကလည်း လူကြီးတွေဆိုတော့ မေ့တာပြတာရှိမှာပေါ့…"

ရဲမွန်က ဖြေပြောပြော၏။





"အမျိုးဆိုတာက ကျန်ရင် တကယ့်မြွေ၊ အပြင်လူက တောင်းပန်လို့ရတယ် သိလား…"

"ဒါလည်း ဟုတ်တာပဲ…"

သဥ္ဇာ့စကားကို အသံ သုံးလေးသံလောက်က ဝိုင်းထောက်ခံပြီး ရယ်ကြပြန်သည်။

"သိင်္ဂါ…"

"ဟင်…"

"နင် တစ်ရက်တော့ခွင့်ယူပြီး ငါနဲ့ လိုက်ခဲ့ဟာ၊ ဖိတ်စာကျန်တာကို တစ်ရက်တည်းဖြတ်ချင်တယ်၊ ရဲမွန်က သပ်သပ်၊ နင်နဲ့ ငါက သပ်သပ်ဝေမယ်…"

"ရပါတယ်… အလုပ်မပြတ်ရင် ပြီးတာပဲ…"

"ဩော်… ပြတ်လည်း နင့်အဖေရှိတာပဲ…"

"သီဟ ရှာကျွေးလိမ့်မယ်… နော်…"

သိင်္ဂါက ရယ်သလိုမောသလိုပြောရင်းက သီဟကို လှည့်မေး၏။ သီဟက ခေါင်းညိတ်ပြရင်း 'ကျွေးရမှာပေါ့…' ဟု ပြောသည်။ သဥ္ဇာကတော့ နှာခေါင်းရှုံ့ကာ…

"အဲလို အတွေးမခေါင်နဲ့ သိင်္ဂါ… ကိုယ့်ဟာကိုယ် ရှာစားနိုင်မှတော်ကာကျတာ၊ ဘယ်သူ့မှ အားမကိုးနဲ့… ငါလည်း ရဲမွန်ကို အားမကိုးဘူး…"

"သက်သာတယ်ကွ သိလား…"

သဥ္ဇာ့စကားကို ရဲမွန်က လက်မထောင်ကာ ထောက်ခံ၏။ သိင်္ဂါကတော့ သူမအမေကို ပြေးမြင်ပြီး တစ်ခုခုစဉ်းစားနေပုံ။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါသည် သိပ်ထက်ထက်မြက်မြက်မိန်းမမျိုးထဲမှာ မပါ။ သဥ္ဇာ့လိုပင် မဟုတ်...။ သို့သော် သိပ်ညံ့လွန်းသော ပျော့ညံ့လွန်းသောမိန်းမ မဟုတ်တာတော့ သေချာသည်။ ဒါကြောင့်လည်း သိဟ်သီဟ၏နှလုံးသားက ရွေးချယ်ခဲ့တာ ဖြစ်နိုင်ကောင်းသည်။

"ကဲ... ရော့... ရဲမွန်... ဒီအပိုင်းက နင်တာဝန်ယူ..."

စာရင်းကို နှစ်ခုခွဲကာ တစ်ခုကို ရဲမွန်ကို ကမ်းပေး၏။

"ကျန်တာ ငါ့တာဝန်..."

ဟု ဆိုကာ စာရင်းကို သိမ်းလိုက်ရင်း ထမင်းစ,စားတော့သည်။

"ပြောသာ ပြောရတာ... တကယ့်တကယ်ကျ ငါတို့က မြန်မာထမင်းဟင်းနဲ့ သိပ်အဆက်မပြတ်ပါဘူး၊ တစ်ပတ်တစ်ရက် သဥ္ဇာနဲ့ ငါ ထမင်းဟင်းချက်စားကြတာပဲ..."

ရဲမွန်က ထမင်းစားရင်း ထိုသို့ပြော၏။

"ဘာပဲပြောပြော... ကိုယ့်ထမင်းဟင်းပဲ စားချင်တာပါပဲ..."

သဥ္ဇာကလည်း ထောက်ခံသည်။

ထိုစဉ်မှာပင် သီဟဖုန်းထဲသို့ message လေးတစ်ခု ဝင်လာသည်။

Enjoy with your friends !

**Somebody**

တဲ့...။

◆





## 'W'

တကယ့်တကယ် သိင်္ဂါကို အဖော်ခေါ်သော်လည်း ကားကို သဥ္ဇာကပဲ မောင်းရသည်။ ဖေဖေ့ထံမှ ကားတော့ရပါရဲ့။ သိင်္ဂါမှ မမောင်းတတ်တာ။

"နင်လည်း ကားမောင်းဖို့လုပ်ဦး..."

"အင်းပါ..."

"လောကမှာ ကိုယ့်ကိုယ်ကိုယ်လောက် ဘာမှယုံရတာ မဟုတ်ဘူး၊ အင်း... ကိုယ့်ကိုယ်ကိုယ်တောင် တစ်ခါတလေကျ ယုံရတာ မဟုတ်ဘူးလေ..."

သဥ္ဇာကရယ်ရင်း ပြော၏။

သိင်္ဂါက ဖိတ်စာတွေကို သဥ္ဇာဆွဲလာသော လမ်းကြောင်းအတိုင်း စနစ်တကျစီပေးရင်း လိုက်လာခဲ့သည်။ တစ်ချို့နေရာတွေမှာ ကြာမှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါကပဲ ဝင်ပေးပေးလိုက်တာ များသည်။ သဥ္ဇာ့ကိုတွေ့လျှင် စကားတွေ ပြောနေတာနှင့် ပြီးတော့မှာ မဟုတ်။

"ငါတို့ ပြည်လမ်းဘက် အရင်ဖြတ်မယ်၊ ပြီးရင် ၈ မိုင်ကျမှ ကမ္ဘာအေးဘုရားလမ်းဘက်က ပြန်ပတ်မယ် ကောင်းလား..."

"ကောင်းပါတယ်... နင်က စနစ်ကျပြီးသားပဲဟာ..."

"သိပ်မမြှောက်နဲ့... အဲဒါ သိပ်မကောင်းဘူး..."

"ဘာလို့လဲ..."

"ငါလုပ်ရင် စနစ်ကျတယ်... ဆိုပြီး ငါ့ပဲ ခိုင်းချင်တော့တာက တစ်ချက်... သူများလုပ်တာတွေ စိတ်တိုင်းမကျနိုင်တော့တာက တစ်ချက်"

"နင်ပဲ ပင်ပန်းမှာပေါ့..."

"အင်းလေ... ဒါကြောင့် မကောင်းဘူးပြောတာ..."

၈ မိုင်လမ်းဆုံရောက်တော့ Junction 8 ခဏဝင်ကြသည်။ သဥ္ဇာ့အတွက် လိုအပ်သောပစ္စည်းတစ်ချို့ ဝင်ဝယ်ခြင်းဖြစ်သည်။ Junction 8 မှအထွက်တွင် ထင်မှတ်မထားဘဲ ပြိုင်ကားအပြာလေးကို ဖျတ်ခနဲတွေ့လိုက်ရသည်။ သူ့ကား ဟုတ် မဟုတ်တော့ မသေချာ။

"အဲ..."

"ဘာဖြစ်တာလဲ သဥ္ဇာ..."

"သြော်... ဟိုကားမြင်မှ သတိရတယ်၊ ငါ အန်တီနှင်းတို့ဆီ သွားရဦးမှာပဲ..."

"ဘယ်က အန်တီနှင်းလဲ..."

"ငါ့အဒေါ်ရဲ့သူငယ်ချင်းလေ... သူက ငါ့ကို အရမ်းချစ်တာ၊ သူ့သမီးလိုပဲ..."





"သူ့မှာ သားသမီးမရှိလို့လား..."

"ရှိပါ့... ရှိပါ့... ဒါပေမဲ့ ငါ့ကိုလည်း ချစ်တယ်၊ ဟဲဟဲ... သေချာတာက လက်ဖွဲ့ကောင်းကောင်းရမှာ..."

"အဲလိုလူကိုများ မေ့ထားရလား သဥ္ဇာရယ်... လာ... သွားရအောင်"

"ဟင့်အင်း... နောက်ဆုံးမှဝင်မယ်၊ အန်တီနဲ့က စကားမပြောဘဲ ပြန်ရမှာ မဟုတ်ဘူး..."

သို့နှင့် တခြားကိစ္စများကို အရင်ဖြတ်ကြသည်။ ပြီးမှ အန်တီနှင်းတို့အိမ်ဆိုသောနေရာကို ရောက်တော့သည်။ ကမ္ဘာအေးဘုရားလမ်းပေါ်မှာဟု ဆိုသော်လည်း လမ်းသွယ်တစ်ခုလို ဝင်သွားပြီးမှ အတွင်းမှာ ခြံအကျယ်ကြီးတစ်ခြံ။ အုတ်တံတိုင်းအဖြူ၊ သံမဏိတံခါးအဖြူကြီးနှင့်။ ဆိုင်းဘုတ်တစ်ခုချိတ်ထားသည်။

"Snow Country" တဲ့။

"နှင်းပွင့်တိုင်းပြည်ပေါ့..."

"ဆိုပါတော့..."

ကားရပ်ပြီး ဟွန်းတစ်ချက်နှိပ်လိုက်တာနှင့် တံခါးက ပွင့်လာသည်။ အထဲမှာ ဖြူဖွေးလှပလွန်းသော တစ်ထပ်တိုက်နှစ်လုံး။ တစ်ထပ်တိုက်ဆိုသော်လည်း တော်တော်ကြီးသည်။ ရှေ့တွင် စကျင်ကျောက်ဖြူဖြူများနှင့် လုပ်ထားသော ရေကန်နှင့် ရေတံခွန်တစ်ခုရှိသည်။ ညာဘက်တိုက်ကလေး၏ တံခါးရှေ့မှာ ရပ်ထားသော ပြိုင်ကားအပြာလေး...။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မှားနိုင်စရာအကြောင်းမရှိသော ကားကလေး။ ဘုရား... ဘုရား... ဒါဆို...။

"သဥ္ဇာ..."

"ဟင်..."

"အဲဒီ အန်တီနှင်းမှာ သားတစ်ယောက်ရှိလား"

သဥ္ဇာ တအံ့တဩဖြစ်သွားသောမျက်နှာနှင့် သိင်္ဂါ့ကို ကြည့်၏။

"နှင် ဘယ်လိုသိလဲ သိင်္ဂါ..."

"ဒီကားလေ... ဒီကားကိုကြည့်ပြီး သိတာ..."

"နှင် ကောင်းနဲ့ သိတယ်ပေါ့..."

"ဘာရယ်... ကောင်း ဟုတ်လား..."

"ဟုတ်တယ် သူ့ရဲ့ကောင်း...တဲ့"

"သြော်... ဒါကြောင့် Snow Worrior ဖြစ်နေတာကိုး လိုက်ပါတယ်၊ Snow Country က Snow Worrior..."

သဥ္ဇာက ကားကိုရပ်ပြီး မဆင်းသေးဘဲ မေး၏။

"နှင်နဲ့ ကောင်းက ဘယ်လိုသိတာလဲ..."

"ဟိုနေ့က ပြောပြတဲ့တစ်ယောက်လေ... အဲဒါ သူပေါ့..."

သဥ္ဇာ့မျက်နှာလေးက အရောင်တစ်မျိုးဖြတ်ပြေးသွားသည်။ မယုံကြည်နိုင်သောအရိပ်အယောင်တွေလည်း ပါသည်။ ပြီးမှ ဖျတ်ခနဲ ပြန်ထိန်းကာ...

"ဟာ... ကောင်းက အရမ်းတိုးတက်လာပြီပဲ..."

သူတို့စကားအဆုံးမှာ အန်တီနှင်းက ကားနားထိ ရောက်လာနေပြီ။





"ဆင်းလေ သဥ္ဇာ... သတို့သမီးလောင်းရယ် လှလာလိုက်တာ နမြောစရာ..."

အန်တီနှင်းက သဥ္ဇာ့လက်ကိုဆွဲယူကာ အထဲခေါ်သွား၏။ သဥ္ဇာက 'လာ... သိင်္ဂါ...' ဟု ဆိုကာ သိင်္ဂါ့ကိုဆွဲခေါ်မှ အန်တီနှင်းက သိင်္ဂါ့ကို ခေါ်ဖို့ သတိရ၏။

"လာလာ... သဥ္ဇာ့သူငယ်ချင်းလား..."

"ဟုတ်..."

"သဥ္ဇာ့သူငယ်ချင်းဆို အန်တီနှင်းသမီးပဲ... လာလာ..."

အန်တီနှင်းက ဖော်ရွေစွာခေါ်သော်လည်း သိင်္ဂါ့မှာ တုံ့ဆိုင်းနေမိသည်။ ကြဲကြဲဖန်ဖန် ကိုယ့်နောက် တကောက်ကောက်လိုက်နေသော ကောင်လေးအိမ်မှ ရောက်သွားရတယ်လို့။

"ကောင်းရော အန်တီနှင်း..."

"ရှိတယ် ဟိုဘက်တိုက်မှာ လှလေးရေ ကောင်းကို ခေါ်ချည်ပါကွယ်..."

အန်တီနှင်းနှင့် သဥ္ဇာက စကားတွေပြောမကုန်သော်လည်း သိင်္ဂါကတော့ ထိုလူရောက်လာမှာကို စိတ်ရှုပ်နေမိသည်။

"အန်တီနှင်း..."

"ဟင်... ကောင်းရော လှလေးရဲ့"

"သူ သွားစရာရှိလို့တဲ့ ခုပဲထွက်သွားပြီ..."

"သဥ္ဇာလာတာ မသိဘူးလား..."

"မင်္ဂလာပွဲကျမှ တွေ့တော့မယ်လို့ ပြောပေးပါ၊ အရေးကြီးတဲ့ကိစ္စ ချိန်းထားလို့တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာကားယူသွားလဲ…"

"ပြိုင်ကားထားခဲ့တယ် အန်တီနှင်း…"

ပျော်နေသော အန်တီနှင်းမျက်နှာလေး ပျက်ချင်ချင်ဖြစ်သွားရပြီးမှ ပြန်ထိန်းလိုက်ရ၏။

"ကောင်းက ဒီလိုပါပဲ… ခုထိ ထင်ရာလုပ်တုန်း"

"ဘာပဲဖြစ်ဖြစ် ကောင်း တိုးတက်လာတယ် မဟုတ်လား… အန်တီနှင်း…"

"အင်း… ဒီလိုပေါ့ကွယ်…"

အန်တီနှင်း၏ ဒီလိုပေါ့ကွယ်က ဘာအဓိပ္ပာယ်မှန်း သဥ္ဇာတောင် သိရဲ့လားမသိ။ ဘာပဲပြောပြော သိင်္ဂါကတော့ ခုမှ သက်ပြင်းကလေး ခိုးချနိုင်ကာ ပေါ့ပါးသွားရသည်။

အပြန်ကျတော့ သိင်္ဂါ့ကို သဥ္ဇာက စ၏။

"ဟိုကောင်… နင်ပါမှန်းမသိလို့ ထွက်သွားတာနေမယ်…"

"အံမယ်… အဲဒါထားပါ နင့်ကို သမီးတစ်ယောက်လိုချစ်တဲ့ အန်တီနှင်းက ချွေးမတော်ဖို့ကော စိတ်မကူးခဲ့ဘူးလား"

"နေမလား သိင်္ဂါရယ်…"

"ဒါနဲ့များ…"

"မများနဲ့… ကောင်းက ဘယ်မိန်းမမှ စိတ်ဝင်စားတာမဟုတ်ဘူး၊ နင့်ကျမှ စိတ်ဝင်စားတယ်ဆိုတော့ ငါအံ့ဩနေတာ ကောင်းလိုလူကို နင်ပဲ ပြောင်းလဲပစ်နိုင်တာလေ… အင်း… ခက်တာက သီဟရှိနေတာပဲ…"

"ဟင်… နင့်ဟာက ဘာအဓိပ္ပာယ်လဲ…"

"သီဟသာမရှိရင် ငါ နင့်ကို ကောင်းနဲ့ပဲ သဘောတူမှာပဲ…"





"ဟင်… နင်ကလဲ…"

"ကောင်းသနားပါတယ် ကံမကောင်းရှာဘူး…"

သဥ္ဇာက ရီဝေဝေလေးငေးကာ လေးတွဲ့စွာရေရွတ်၏။ သနားပါတယ်တဲ့။ ကံမကောင်းရှာဘူးတဲ့…။ ပြောပုံက သိင်္ဂါ့ကြောင့် သနားစရာကောင်းပြီး… သီဟကြောင့် ခမျာ ကံမကောင်းရှာဘူး ဆိုတဲ့ သဘော သက်ရောက်နေသည်။

သို့သော် စကားနိုင်လုမနေတော့။ ရှိစေတော့…။

ဒီလောက်ပြည့်စုံကြွယ်ဝပြီး ရုပ်ရည်ကလည်း ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေသည့်အပြင် ပညာကလည်း တတ်သော သူတစ်ယောက်က 'သိမ့်သိင်္ဂါ'တွင် 'သီဟ်သီဟ' ဆိုသော ရည်းစားဦးလေး ရှိနေရုံနှင့် ကံမကောင်းဘူးဟု ဆိုနိုင်ပါသလား။

အဘက်ဘက်က ပြည့်စုံနေသူတစ်ယောက်အတွက် တစ်စုံတစ်ခု လစ်ဟာဆုံးရှုံးရခြင်းသည် ကံမကောင်းခြင်းလား။

သိင်္ဂါ့ထံတွင် မေးခွန်းများစွာ ကျန်နေခဲ့သည်။

သဥ္ဇာတစ်ယောက်လည်း အတွေးတွေနှစ်နေသလို ကားကို သိမှတ်မဲ့စွာ မောင်းလျက်…။

◆



www.burmeseclassic.com

www.burmeseclassic.com



## 'X'

"ဒီနေ့ညစာကို ရဲမွန်နဲ့ သဉ္ဇာက ကျွေးမှာ..."

ကျော်စွာက အဆိုတင်သွင်း၏။

"ဟင်... မကျွေးလို့ ရမလား၊ ငါက ရှုံးဖျက်ပြီး သဉ္ဇာ့နောက် လိုက်ထားရတာ..."

"အံမယ်... နင်တင်လား... ငါနဲ့ သီဟရော့ပဲ..."

ကျော်စွာ့စကားကြောင့် သူတို့အံ့သြသွားသည်။ အစက အစီအစဉ်တွင် သီဟမှ မပါဘဲ...။

"သီဟကို ရှုံးကနေ သွားမ,လာတာ"

"မရတနာ ပွမ်မနေဘူးလား"

"ဟင့်အင်း... အလုပ်တွေက ပြတ်သလောက်ရှိနေပါပြီ..."

"ဒါနဲ့များ... နင် ဘာလို့ ငါ့ဆီ ဖုန်းလေးတစ်ချက်လောက် မဆက်တာလဲ..."





"အံမယ်... ဆက်တယ်... ဆက်တယ်... တစ်နေကုန် Battery Charging ကုန်တဲ့ထိ ဆက်တာ၊ ပေးစမ်း...'နင့်ဖုန်း... ဘာဖြစ်နေလဲ ကြည့်ရအောင်..."

ကျော်စွာက သိဂ္ဂါ့ဆီမှ ဖုန်းလှမ်းတောင်း၏။

ဖုန်းက တစ်နေကုန်အကောင်းကြီး...။ သူ့ခေါ်မှ ဘာလို့ မရတာလဲ့။ ဇဝေဇဝါနှင့် ဖုန်းကိုဖွင့်ကြည့်နေဆဲ... သီဟက ဖုန်းကို ဖျတ်ခနဲလှမ်းဆွဲလိုက်သည်။

"ဘာမှလည်း မဖြစ်ပါလား..."

"ဘာမှမဖြစ်ပါဘူး..."

"နင် ဖုန်းတော့မပိတ်ထားဘူး မဟုတ်လား"

"မပိတ်ပါဘူး,..."

"ဒါဆို ဘာလို့ခေါ်မရတာလဲမသိဘူး..."

"ခုခေါ်ကြည့်စမ်း..."

ဘေးချင်းကပ်ထိုင်ခေါ်နေတာတောင်မှ တယ်လီဖုန်းဆက်သွယ်မှု လိုင်းများ မအားသေးပါ... ရော... လော်လောဆယ် အဆက်အသွယ် မရနိုင်သေးပါဆိုတာရော... ဧရိယာပြင်ပရောက်နေတယ်... ဆိုတာရော စုံနေသဖြင့် သူတို့ ရယ်မိကြသေးသည်။

"ကဲ... ဘာတတ်နိုင်လဲ..."

"ဘာမှမတတ်နိုင်ဘူး... အကောင်းဆုံးနည်းက တရားများများထိုင်"

ရဲမွန်က ထိုသို့အကြံပေး၏။

"ဟင်... ဘာဆိုင်လို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့... စိတ်ချင်းပဲ ဆက်သွယ်ကြတော့မယ်လေ၊ အကုန် အကျတောင်မှ သက်သာသေးတယ်..."

"အေး... ကောင်းတယ်..."

"ကဲကဲ... ဆာပြီ သွားကြမယ်..."

လတ်ဖော်က လောဆော်၏။

"ဘယ်လဲ..."

"နီးရာသာ မောင်းကွာ..."

သို့နှင့် နီးစပ်ရာ အဆင်ပြေရာစားသောက်ဆိုင်သို့ ရောက်ခဲ့ကြသည်။

"ဪ... မေ့လို့ သီဟ..."

"ဘာလဲ..."

"ပြောစရာရှိတယ်"

"အင်း... ပြောလေ..."

"နေ့လည်က သဥ္ဇာဖိတ်စာဝေတဲ့ထဲမှာ ထင်မထားတဲ့သူတစ်ယောက် ပါနေတယ်..."

"ဟဲဟဲ... သဥ္ဇာ့ရည်းစားဟောင်းလား"

"ဟာ... မဟုတ်ပါဘူး... သူ့ဒေါ်လေးရဲ့သူငယ်ချင်း..."

သီဟ ကြောင်သွား၏။

"ငါမှ မသိတာ..."

"အင်း... အဲဒါ ဘယ်သူလို့ထင်လဲ..."

"မသိပါဘူးဆို..."

"ဟိုလေ... ငါနောက်လိုက်နေတဲ့ကောင်လေးရဲ့အမေ..."

"ဘာ... ဘယ်လို..."





နှစ်ကိုယ်ကြားပြောနေရာမှ သီဟအသံကြောင့် အားလုံး လှည့်ကြည့်ကြသည်။

"နင် သူနဲ့ တွေ့ခဲ့သေးလား..."

"ဟင့်အင်း..."

"ဘာဖြစ်တာလဲ သီဟ..."

ကျော်စွာက လှမ်းမေး၏။

"ဒီမှာလေ... သိင်္ဂါ နေ့လည်က သဥ္ဇာနဲ့အတူ သူ့နောက်လိုက်တဲ့ ကောင်လေးဆီ ရောက်ခဲ့တယ်တဲ့..."

သဥ္ဇာက ရယ်၏။

"အေးလေ... တိုက်တိုက်ဆိုင်ဆိုင် အဲဒါ ငါ့ကိုအရမ်းချစ်တဲ့ အန်တီနှင်းရဲ့သား 'ကောင်း' ဖြစ်နေတယ်..."

အားလုံးက စိတ်ဝင်တစားဖြစ်သွားရသည်။ သဥ္ဇာက သီဟကို ကြည့်ရင်း...

"သီဟနဲ့သာ ကြိုက်မနေရင် ငါက သိင်္ဂါ့ကို ကောင်းကိုချစ်ဖို့ တောင်းပန်မှာပဲ..."

သီဟက သဥ္ဇာ့ကို ရန်သူလိုကြည့်၏။

"အံမယ်... ငါ့ကို အဲလိုမကြည့်ပါနဲ့... ငါက သဘောကိုပြောတာ၊ ပြီးတော့ ကောင်းအကြောင်းကို ငါက အသိဆုံးလေ..."

"ကဲကဲ... ထားပါတော့... အဲဒီတော့... အဲဒီမှာ ဇာတ်လမ်းက စ,ရောတဲ့လား..."

"လတ်ဖော်က တစ်မျိုး..."

သိင်္ဂါက စိတ်ရှုပ်စွာဆို၏။ သဥ္ဇာကတော့ တည်တည်ငြိမ်ငြိမ်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့... ကောင်းက အရေးကြီးတဲ့ကိစ္စနဲ့ အပြင်ထွက်သွားတယ်၊ မတွေ့ခဲ့ပါဘူး... ငါနဲ့ပါလာတာ သိင်္ဂါမှန်းမသိလို့လည်း ဖြစ်မှာပေါ့..."

"အဲဒါကောင်းပါတယ်... နော့..."

သီဟက သိင်္ဂါ့ကိုလှည့်ကာပြောတော့ သိင်္ဂါ ခေါင်းညိတ်ပြလိုက်သည်။ ပြီးတာနှင့် စကားလမ်းလွှဲရန် မင်္ဂလာဝတ်စုံကိစ္စကို စလိုက်၏။

"မင်္ဂလာဝတ်စုံက fitting ချရဦးမှာနော်..."

"အင်းပါ... ရဲမွန်ကော"

"ရဲမွန်က မလိုပါဘူး... တိုက်ပုံနဲ့ ပုဆိုးပဲဟာ..."

"တိုက်ပုံက ဘာအရောင်လဲ"

"အဖြူ..."

"ဟင်... ပုဆိုးကရော..."

"အဖြူပဲ..."

သဥ္ဇာက ရွဲ့ကာဖြေ၏။ သိင်္ဂါက စီစဉ်ပေးထားရသူမို့ ဝင်ပြောရသည်။

"ဟဲ့... အဖြူပြောင်ကြီးတော့ ဟုတ်မလား၊ ပန်းရောင်တွေ အဝါတွေကလည်း သဥ္ဇာကမကြိုက်တော့ ခပ်ဖျော့ဖျော့အစိမ်း... အဲ... ဖက်ဖူးစိမ်းဖျော့ဖျော့လေးလုပ်ထားတယ်..."

"ကောင်းပါတယ်... သဥ္ဇာကရော..."

"အဖြူပဲလေ... ဇာအဖြူကို ပေါ့ပေါ့ပါးပါးပဲ ချုပ်ထားတယ်..."

"လက်ဝတ်လက်စားကရော..."

"မိတ်ကပ်သမားက ဆင်မှာလေ..."

သိင်္ဂါ့အဖြေကို သဥ္ဇာက ခေါင်းခါရင်း ဝင်တား၏။





"မရဘူး... သိင်္ဂါ"

"ဘာလို့လဲ..."

"အန်တီနှင်းက အကုန်ဆင်မယ်တဲ့..."

"အစစ်တွေ..."

"အင်း..."

"အန္တရာယ်များလိုက်တာ..."

"အင်း... ဒါကြောင့် သူတို့ဆန္ဒအတိုင်း ပြင်တာဆင်တာကို Snow Country မှာပဲလုပ်လိုက်ပြီး အဲဒီက ထွက်မလားလို့..."

"ကောင်းတာပဲ... နင့်မိဘတွေ ကျေနပ်ရင်ပေါ့"

"ကျေနပ်ပါတယ်..."

သဥ္ဇာနှင့် သိင်္ဂါပြောနေသောစကားများကို နားစွင့်နားဖျားကြားလိုက် ဟန်ရှိသော လတ်ဇော်က မျက်မှောင်ကြုတ်ရင်း လှမ်းမေး၏။

"ဘာရယ်... ဘယ်ကထွက်မယ်..."

"Snow Country လေ... စောစောက သိင်္ဂါနဲ့အတူရောက်ခဲ့တယ်ဆိုတဲ့ 'ကောင်း' တို့အိမ်ပေါ့..."

"ကမ္ဘာအေးဘုရားလမ်းပေါ်က..."

"အင်းလေ..."

"အုတ်တံတိုင်းအဖြူ တစ်ထပ်တိုက်အဖြူနှစ်လုံးဟာလေ..."

လတ်ဇော်စကားကြောင့် အားလုံးက လတ်ဇော်ကို မျက်မှောင်ကြုတ်ကာ ကြည့်ကြ၏။

"သိလို့ချည်လား..."

ကျော်စွာက လှမ်းရိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမသိစရာရှိလဲ… ငါကိုယ်တိုင် စုံစမ်းထားတဲ့ဟာ…"

"မအောင်မြင်သော ဇာတ်လမ်းတစ်ပုဒ်လား…"

ရဲမှူးနံကလည်း ကလိလိုက်သေးသည်။

"ဘာလဲ… အဲဒါ ငါ သီဟအတွက် စုံစမ်းတာလေ…"

"ဘာဆိုင်လဲ…"

"ဆိုင်တာပေါ့… ဟိုမနှင်းဖြူဆိုတဲ့ ကောင်မလေးနေတာ အဲဒီ အိမ်လေ…"

တဒင်္ဂတော့ အားလုံး တိတ်ဆိတ်သွားသလိုပင်…။

"သေချာရဲ့လား လတ်ဇော်…"

"သေချာတယ်…"

သဥ္စာ၏တုံ့ဆိုင်းသောအမေးကို လတ်ဇော်က သံပြတ်နှင့် ဖြေပြီးချိန်တွင် အားလုံးက ရယ်လိုက်မိကြသည်။

"သြော်… ဒီမောင်နှမနှယ် ဖြစ်ရတယ်…"

ဟုပင် ကျော်စွာက ရေရွတ်လိုက်သေးသည်။

ထိုအချိန်တွင် ရေးကြီးသုတ်ပျာ ထပြန်သွားသူက သဥ္စာ။ ရဲမှူးကိုပင် ခေါ်မသွား။ ကိစ္စရှိလို့… ဟုဆိုကာ ပြန်သွားခဲ့သည်။ သူ ဘာလို့ ပြန်သွားသည်ဆိုတာ ဘယ်သူမှ စိတ်မဝင်စားကြ။ ဒီမှာ စိတ်ဝင်စားစရာ ကိစ္စက ရှိနေခဲ့ပြီကိုး။

◆





**'Y'**

နှင်းပွင့်လေးလို ဆွတ်ဆွတ်ဖြူနေသော ဇာဝတ်စုံလေးနှင့် သတို့သမီး သဥ္စာတစ်ယောက် အလှကြီးလှနေသည်။ တစ်ကိုယ်လုံး ဆင်ယင်ပေးထားသော စိန်နှင့် ပြောင်ခေါင်းစိမ်းများကလည်း လိုက်ဖက်စွာ နေရာယူလို့။

"လှလိုက်တာ သဥ္စာ…"

သိင်္ဂါ စိတ်ထဲရှိသည့်အတိုင်းပြောတော့ သဥ္စာက ပြောသည်။

"နောက်ဆုံးအချိန်ဆိုတော့ အစွမ်းကုန်ပေါ့ဟာ…" တဲ့…။

ပြောပြီး ရယ်သေးသည်။ သူ့အသံက တိုးလျလျ…။

ပြီးမှ…

"သိင်္ဂါ"

"ဟင်"

"နင့်ကို ပြောစရာတစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ..."

"ပြောသင့် မပြောသင့် ချင့်ချိန်နေရတယ်..."

"ဘာရယ်..."

"ဟုတ်တယ်... ပြောသင့်တယ်လို့ နင့်အတွက် အဖြေထွက်ပေမယ့် ငါ့အတွက်က ဇဝေဇဝါနဲ့... နောက်တစ်ဖက်အတွက်ကကျတော့ လုံးဝကြီး မသင့်လျော်ပြန်ဘူး... ဒါပေမယ့် ပြောမှတော့ ရလိမ့်မယ်..."

သဉ္ဇာ့စကားတွေကို သိင်္ဂါ နားမလည်ပါ။

မင်္ဂလာဆောင်ခါနီး သတို့သမီးတစ်ယောက်သည် ပေါ့ပါးပျော်ရွှင်နေရမည်။ ခုလိုမဖြစ်သင့်။

"နင် ရဲမွန်နဲ့ တစ်ခုခုဖြစ်ထားလား သဉ္ဇာ..."

"မဖြစ်ပါဘူး..."

"မဖြစ်ပါဘူးသာ ဆိုတယ်၊ နင့်ကြည့်ရတာ တစ်မျိုးပဲ၊ နင်ပြောနေတာတွေလည်း ငါ တစ်ခုမှ နားမလည်ဘူး၊ နားလည်း မလည်ချင်ဘူးဟာ... နင် ခုချိန်မှာ ပျော်နေရမှာလေ..."

"ငါပျော်ပါတယ် ငါ့အတွက် ငါပျော်ပါတယ်"

"ပျော်ရင် ပြီးတာပဲ... ကျန်တာတွေ ခဏထားလိုက်..."

"အေးပါ... ထားပါပြီ... ညကျ dinner မှာပဲ ပြောတော့မယ်"

"အေးပါ... လာ... ဟိုမှာ ရဲမွန်ရောက်နေတာ ကြာပြီ..."

သဉ္ဇာ့ကို Snow Country မှ သိင်္ဂါနှင့် မုန်းက သွားကြိုခဲ့ရခြင်း ဖြစ်သည်။

"နင့်အန်တီနှင်းတို့သားအမိရော လာမှာလား..."

သဉ္ဇာ တစ်ချက် လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်သွားသည်။





"အန်တီနှင်းက ဒေါ်လေးနဲ့အတူ လာလိမ့်မယ်..."

"ဒါဆို ကောင်းရော..."

"သူလာမှာမဟုတ်ဘူး..."

"ဟုတ်လား..."

"သူနေမကောင်းဘူး..."

"ဪ..."

သဉ္ဇာက သိင်္ဂါ့မျက်ဝန်းထဲကို စူးစမ်းသလိုကြည့်၏။ ပြီးမှ...

"ငါ့လက်ကိုင်ပန်းကို နင့်ပေးမယ်နော်..."

"မုန်းကော မရဘူးလား"

"တစ်ယောက်ပဲ ရမှာလေ..."

"ဒါဆို ပစ်လိုက်ရမှာပေါ့..."

"မပစ်ရဘူး... ဒီလက်ကိုင်ပန်းက နောက်ထပ် သတို့သမီးတစ်ယောက်အတွက် ရည်ညွှန်းတယ်၊ သဉ္ဇာက သိင်္ဂါ့အတွက် ဖြစ်စေချင်တယ်လေ၊ ပြီးတော့ ဒီနှင်းပန်းပွင့်ဖြူဖြူကြီးတွေက ရှားတယ်... သိင်္ဂါ ကြိုက်တယ်မဟုတ်လား..."

"အင်း... ကြိုက်တယ်..."

"ဒီပန်းကို စီစဉ်ပေးတဲ့သူကလည်း နှင်းပန်းကို အရမ်းကြိုက်တယ်"

ထိုစဉ်မှာပင် ရဲမွန်တို့လူစု သဉ္ဇာ့ကို လာခေါ်သည်။

"ဧည့်သည်တစ်ချို့ရောက်နေပြီ... လာ... မြန်မြန်..."

"အင်းပါ လာပါပြီ..."

သဉ္ဇာ ရဲမွန်လက်ကလေးကိုချိတ်ကာ ပါသွားတော့သည်။

ခုလိုကျတော့လည်း သဉ္ဇာက ပြုံးရွှင်ပေါ့ပါးလို့။



www.burmeseclassic.com

www.burmeseclassic.com



သီဟက သိင်္ဂါနားရောက်လာသည်။

"သူတို့ပြီးရင် ငါတို့နော်..."

"ထင်လို့လား..."

မုန်းက မချိုမချဉ်ဝင်နှောက်၏။

"အံမယ်... သဥ္စာက သူ့လက်ကိုင်ပန်းကို ငါ့ပဲ ပေးမှာတဲ့..."

"ဟာဟ... အဲဒီဟာတစ်ခုတည်းပေါ်မှာ မူတည်တာမှ မဟုတ်တာ"

"ကံတရားဆိုတာ လုပ်ယူလို့ ရလို့လား..."

"တစ်ချို့နေရာတွေမှာ ရတယ်..."

"မဖြစ်နိုင်တာ..."

"စောင့်ကြည့်ပေါ့..."

မုန်းက စကားနိုင်လုပြီး ပြောသွားတာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သိင်္ဂါ့မှာတော့ စကားလုံးတစ်ချို့ကို ပြန်ကြားယောင်ပြီး စိတ်ထဲ တစ်မျိုးဖြစ်လာရသည်။

"ဘာဖြစ်တာလဲ... သိင်္ဂါ နေမကောင်းလို့လား"

"ဟင့်အင်း... ကောင်းပါတယ် လူသိပ်မများဘဲနဲ့တောင် ငြီးစီစီ ဖြစ်လာသလိုပဲ..."

"ဒီနားမှာ ခဏထိုင်နေ... ပြီးမှ လူတွေကြားထဲ လာ... မလာချင်ရင် မလာနဲ့ ဟုတ်လား..."

"ဖြစ်သေးပါဘူး သီဟရယ်... ခဏပါ သက်သာသွားမှာပါ..."

ထိုင်ရင်းမှ စဉ်းစားမိသည်။ ဒီရက်ပိုင်း သီဟနှင့် နေ့တိုင်းလို တွေ့နေတာမို့ ခါတိုင်းလို online လည်း မတက်ဖြစ်။ ဖုန်းလည်း မပြောဖြစ်။





တစ်နေ့လုံးသုံးထား၍ ဖုန်းက ညနေဆို ဘက်ထရီကျနေပြီ။ ဒီတော့ ပျောက်ချက်သားကောင်းနေသော အသံတစ်သံကို မေ့နေခဲ့သည်။

ခါတိုင်းဆို ဖုန်းလှမ်းဆက်တတ်တာမျိုးရှိသော်လည်း ခုကျ မဆက်။ ဆက်လည်း ဟိုနေ့က သီဟခေါ်သလို တစ်နေကုန်ခေါ်မရတာမျိုး ဖြစ်နေမလား။

အို... သိင်္ဂါ ဘာလို့များ ဒီလို သွားသတိရနေမိတာလဲ...။

သိင်္ဂါ ချက်ချင်း အာရုံပြောင်းပစ်လိုက်သည်။ မင်္ဂလာပွဲလာသော သူငယ်ချင်းတွေထဲ ရောဝင်လိုက်သောအခါ အရာအားလုံး မှိန်ဖျော့သွားတော့သည်။

ညနေကျတော့ မုန်းနှင့် သိင်္ဂါ အိမ်မှ တစ်ခေါက်ပြန်ထွက်ရသည်။ ဖေဖေက လိုက်ပို့မည်ဟုဆိုသဖြင့် လက်ခံလိုက်ကြရသည်။ မုန်းကတော့ မကြည်မသာနှင့်။ သူမ၏မောင်လည်း ညစာစားပွဲလာမည်ကိုး။

အိမ်မှထွက်လာတော့ ထူးထူးခြားခြား ပြိုင်ကားပြာလေးရပ်နေကျနေရာကို သတိတရကြည့်မိသည်။ ဘာကားမှ မရှိ။ ပြီးတော့ ဒီနေ့ တနင်္ဂနွေနေ့...။ မုန်းလည်း ဒါကို သတိပြုမိပုံရသည်။ ဖေဖေတောင် သတိပြုမိနိုင်သည်ဟု ထင်ရသည်ပဲ...။

Dinner က လူသိပ်အများကြီးမဟုတ်။ နှစ်ဖက်မိဘဆွေမျိုးနှင့် အရင်းနှီးဆုံးသူငယ်ချင်းတစ်ချို့သာ ပါသည်။

ခုချိန်မှာတော့ ခေတ်ပေါ် မော်ဒန်သတို့သမီးသဥ္စာက ပိုလို့ပင် လွတ်လပ်ပေါ့ပါးနေသည်။ အဖြူရောင်ဝတ်စုံ ဝတ်ထားသည်မှအပ သူ့အင်္ကျီက evening gown လည်းမဟုတ်။ ဆံပင်ကို ဖားလျား ကလိုကရို ချထားပြီး အဖြူရောင်ဇာဂါဝန်လေးက ဒူးဆစ်ကျော်ရုံသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ လုပ်ချင်ရာ လုပ်တာပဲ၊ နင့်အိမ်က ဘာမှ မပြောဘူးလား"

"ဟင့်အင်း... မပြောပါဘူး..."

ညနေမှာက ပိုဆိုးတာ ဘာလက်ဝတ်လက်စားမှ ဝတ်မထား။ ဆွဲနေကျ Fancy နားကပ်မျိုးပင် နားမှာမတွေ့။ ရှင်းလင်းစွာ လှနေသည်။

"နင် ငါ့ကို ပြောစရာရှိတယ်ဆို"

"အေး... မနက်ဖြန်မနက် Hotel မှာ နင် Breakfast လာစားလေ... အဲဒီကျမှ အေးအေးဆေးဆေးပြောမယ်..."

"ဟင်... ငါက ရုံးသွားရမှာလေ..."

"ဒါဆို မနက်ဖြန်ညနေ..."

"အင်းပါ... နင့်သဘောပါ..."

သူငယ်ချင်းများအားလုံး အော်ဟစ်ဆူညံနေကြသည်။

"အိုအောင်မင်းအောင် ပေါင်းရပါစေဆိုရင် ပျင်းစရာကြီးနေမှာ..."

"အေးလေ... ကဗျာဆရာ အိုအောင်နဲ့ အဆိုတော်မင်းအောင်ကလည်း ဘယ်ပေါင်းချင်ပါ့မလဲ..."

"ဟင်... တစ်ယောက်က သေပြီလေ..."

"ယနေ့မှစ နှစ်တစ်ရာတိုင်..."

"အသက်တောင် အဲလောက်ရှည်ရှည်မနေချင်ဘူး..."

ဘာတွေမှန်းမသိ။ တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေသည်။ ထိုစဉ် တစ်ဖက်စားပွဲမှ သဉ္ဇာ့ဒေါ်လေးက 'ဖုန်း... ဖုန်း... သဉ္ဇာ' ဟု ဆိုကာ လက်ကိုင်ဖုန်းလေးတစ်လုံး ယူလာသည်။

"ဘယ်ကလဲ..."





သူ့ဒေါ်လေးက မဖြေ။

"ဟယ်လို... ဟယ်လို..."

ထုံးစံအတိုင်း သိပ်မကြားရ။

"အပြင်နည်းနည်းထွက်လိုက် သဉ္ဇာ၊ ပြတင်းပေါက်နားသွား..."

သဉ္ဇာ ထွက်သွားသည်။ အပြင်မှာ ဖုန်းသွားပြောသည်။ ခဏနေကျ သဉ္ဇာ ပြန်ဝင်လာ၏။ ဖုန်းကလေးကို တစ္ဆေတစ်ကောင်လို သူ့ဒေါ်လေးလက်ထဲ ပစ်ထည့်လိုက်ရင်း မလှုပ်မယှက်ငြိမ်သက်နေသည်။ သူ့ကြည့်ပြီး ပျာသွားရသူက ရဲမွန်။

"သဉ္ဇာ... သဉ္ဇာ..."

သိင်္ဂါ့ကို လှမ်းကြည့်နေသဖြင့် သိင်္ဂါ အနားကပ်သွားကာ သဉ္ဇာ့ကို လှမ်းအဖက်...

"ကောင်း ကားမှောက်လို့ ဆေးရုံမှာတဲ့ သိင်္ဂါ..."

"ရှင်..."

ဘယ်သူမှ မသိလိုက်သော စကားလေးတစ်ခွန်းသည် သဉ္ဇာ့ရင်ထဲမှာ ပေါက်ကွဲခဲ့ပြီး သိင်္ဂါ့ရင်ကို ထိနိုက်သွားစေခဲ့သည်။

ကံတရားသည် သတ်မှတ်ချက်မရှိလေသလား။

◆



www.burmeseclassic.com

www.burmeseclassic.com



**'Z'**

ဆေးရုံပေါ်မှာ သတိမရသေးသော 'ကောင်း' ကို သဥ္ဇာက ညတွင်း ချင်းကြည့်မည်ဟု ဆိုသဖြင့် အားလုံးက လိုက်လျောလိုက်ရသည်။

"သီဟ လိုက်ခဲ့..."

အားလုံးထဲမှ သီဟကို ရွေးခေါ်သဖြင့် တအံ့တသြဖြစ်ကုန်ကြရသည်။ သိင်္ဂါက ရှေ့တိုးလာတော့ သဥ္ဇာ လှမ်းတား၏။

"နင်နေခဲ့တော့ သိင်္ဂါ နင် အရမ်းပင်ပန်းနေပြီ၊ ငါရယ် သီဟရယ် ရဲမွန်ရယ်ပဲ သွားလိုက်တော့မယ်..."

"ငါက ဘာလို့လိုက်ရမှာလဲ..."

သီဟ မနေနိုင်တော့ဘဲ အထွန့်တက်မိတော့၏။ တကယ့်တကယ် သူ့ဘေးမှာ အမြဲရှိနေတတ်သည့် သိင်္ဂါကိုတော့ မခေါ်ဘဲနှင့်။ မခေါ်တာကို နားလည်လို့ရသော်လည်း သူ့ကိုခေါ်တာတော့ သီဟ နားမလည်။





"လိုက်ခဲ့ပါ သီဟရယ်... တခြားကိစ္စရှိသေးလို့ပါ..."

တခြားကိစ္စရှိသေးသည်ဟု ဆိုသဖြင့် သီဟ စိတ်လျှော့လိုက်သည်။ ညနက်ပြီမို့ လူစုခွဲလိုက်ရင်း ရဲမွန်ကားနှင့်ပင် ဆေးရုံသို့ ထွက်ခဲ့ကြသည်။

"နင်ပင်ပန်းမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ငါ နင့်ကို ခေါ်သွားချင်နေတယ်"

သဥ္ဇာက ဖျော့တော့စွာဆို၏။ ရဲမွန်က ကားမောင်းရင်း သဥ္ဇာ့ကို လှည့်ကြည့်ကာ...

"မင်းသူငယ်ချင်းမှာ အကြောင်းရှိပါတယ် သီဟ..."

"အင်း... ငါမှန်းမိပါတယ်၊ ဒါကြောင့် လိုက်လာတာ၊ ပင်ပန်းတာက မပင်ပန်းပါဘူး..."

"အေးပါဟာ... ပြီးမှ ငါတို့နှစ်ယောက်ကြားမှာ လိုက်နားပေါ့..."

သဥ္ဇာက ရယ်စရာလုပ်ကာ ပြောသော်လည်း ဘယ်သူမှ မရယ်ဖြစ်ကြ။ ဆေးရုံရောက်တော့ သဥ္ဇာကပဲ ဦးဆောင်ကာ တက်သွားသည်။

"လာကြ..."

သူမဝင်သွားရာအခန်းဆီ နှစ်ယောက်သား ရင်ဘောင်တန်းပြီး ဝင်လိုက်မိကြချိန်တွင် ရဲမွန်ရော သီဟပါ ကြောင်အသွားကြရသည်။

သူတို့ မျှော်လင့်ထားတာက သိင်္ဂါကို တမ်းတမ်းစွဲဖြစ်နေသည် ဆိုသော 'ကောင်း'။ မြင်လိုက်ရတာက ပန်းနုရောင် စပို့ရှပ်ကလေးနှင့် ကောင်မလေး။ မနှင်းဖြူလေး...။

"သဥ္ဇာ..."

"အင်း..."

www.burmeseclassic.com



"ကောင်း… ဆို"

"အင်းလေ… အဲဒါ ကောင်းပဲ…"

"ဘာ…"

အန့်တီနှင်းဆိုသူက သီဟနားကပ်လာသည်။

"သိဟ်သီဟ ဆိုတာလား…"

"ဟုတ်…"

ဘာဆိုဘာမှမပြောတော့ဘဲ သီဟကိုသာ စူးစိုက်ကြည့်နေတော့သည်။ ဘာမှနားမလည်နိုင်တာက သီဟ…။ ရဲမွန်လည်း တစ်ဝက်တစ်ပျက်လောက်တော့ နားလည်ထားပုံ…။

"သဥ္ဇာ ငါ ဘာမှ နားမလည်တော့ဘူး…"

သဥ္ဇာက ခုတင်ပေါ်မှ ကောင်မလေးကိုကြည့်ကာ ငိုသည်။ အန့်တီနှင်းကလည်း ငိုသည်။ ဘာမှနားမလည်သော သီဟပင် ရင်ထဲသို့လာသလို ခံစားရသည်။

"သူ့ကိုပြောပြလိုက်ပါတော့ သမီးရယ်…"

အန့်တီနှင်းက ထိုသို့ပြောကာ အခန်းပြင်ထွက်သွားတော့သည်။ သဥ္ဇာက ကောင်မလေးဘေးမှာ ဝင်ထိုင်လိုက်ရင်း လက်တစ်ဖက်ကို ဆွဲယူထားလိုက်၏။ သတိမေ့နေသော်လည်း အသိဝင်နေသည့်လူတစ်ယောက်ကို ပြောသလို သဥ္ဇာက ပြောနေသည်။

"ငါ့ကိုခွင့်လွှတ်ပါ ကောင်းရယ်…"

ခုတိုင် သီဟက နားမလည်နိုင်သေး။

"သီဟ…"

"ဟင်…"





"သေချာနားထောင်နော်… ပြီးရင် နင်နားလည်ပေးပါလို့လည်း ငါ ကြိုပြောချင်တယ်"

"အင်းပါ…"

"ငါနဲ့ ကောင်းက ငယ်ငယ်ကတည်းက မောင်နှမတွေလို… အိုကွာ… ဒီထက်ပိုပြီး ပွင့်ပွင့်လင်းလင်းပြောရရင် ညီအစ်မရင်းချာတွေလို နေခဲ့ကြတာ…"

"ညီအစ်မရင်းချာ… ဟုတ်လား"

"ဟုတ်တယ်… ကောင်းက ငယ်ငယ်ကတည်းက နုနုနွဲ့နွဲ့ နေတတ်တယ်… မိန်းမလျှာလေးလိုပဲ…"

"ဩော်…"

"တော်တော်ကြီးလာတဲ့အထိ ကောင်းက ဒီလိုပဲဖြစ်နေတော့ ငါကပဲ ငါနဲ့တွဲနေလို့-လို့ ထင်ပြီး ရှောင်ပေးခဲ့တယ်၊ ယောကျာ်းလေးသူငယ်ချင်းတွေနဲ့ ပေါင်းစေခဲ့တယ်၊ ဒါပေမယ့် မရပါဘူး… ကောင်းမှာ ခုထိ သူငယ်ချင်းဆိုလို့ ငါပဲရှိမယ် ထင်ပါတယ်…"

သဥ္ဇာက သူပြောသမျှကို 'ကောင်း' နားထောင်နေမည့်အလား လှည့်လှည့်ကြည့်နေရှာသည်။

"ငါထွက်သွားပြီးတဲ့နောက်မှာ သူ ငါ့ဆီ email ပို့တယ်၊ တိုတိုလေးပါပဲ I found my love… တဲ့၊ ငါတို့ဘဝကလည်း နင်တို့သိတဲ့အတိုင်းပဲ၊ ဟိုမှာ စက်ရုပ်တစ်ရုပ်ရဲ့နှုန်းနဲ့ နေထိုင်လုပ်ကိုင်နေရတော့ သူပြောတာကို ငါလည်း ပေါ့ပေါ့ပဲ ထားခဲ့မိတယ်၊ ဟိုနေ့က ဖိတ်စာရတော့ 'ကောင်း' ဆိုတာ သိဂ်ါကို လိုက်နေတဲ့သူဆိုတာ သိလိုက်ရတော့ ငါ ပျော်လိုက်တာ ပြောမနေနဲ့တော့… ကောင်းတစ်ယောက် တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်လို ချစ်တတ်ပြီလို့ ဆိုပြီးလေ... ဒါပေမဲ့ဟာ ငါ့ အပျော်က တစ်ရက်တောင်မခံပါဘူး၊ ညနေလည်းကျရော လတ်ဖော် ကောင်းမှုနဲ့ 'ကောင်း'နဲ့ မနှင်းဖြူဟာ တစ်ယောက်တည်းပဲဆိုတာ ငါ သိလိုက်ရတယ်..."

သူတို့အားလုံးက မောင်နှမဟု ထင်ထားခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် ခု ဆေးရုံခုတင်ပေါ်မှာ မနှင်းဖြူကို တွေ့လိုက်ရသည်ထိ မောင်နှမနှစ်ယောက်မှားပြီး message ရောက်လာတာဟု သီဟ တွေးမိလိုက်သေးသည်။

"နှင်တို့က မောင်နှမလို့ထင်ကြသလို ခြံနီးပါးချင်းတွေက အစ အဲလိုပဲထင်ကြတယ်၊ ဒီအိမ်မှာ အမြွှာမောင်နှမနှစ်ယောက် ရှိတယ်ပေါ့၊ ရုပ်ဆင်တူလေးတွေ... Style ကိုယ်စီလေးတွေနဲ့ပေါ့..."

"ဟာ..."

သီဟစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။ ဘယ်လိုခံစားမှုမှန်း တော့ မသိ။ ကိုယ့်နောက် တကောက်ကောက်လိုက်နေသော ကောင်မလေးသည် ယောကျ်ားစင်စစ်ကြီး၊ မိန်းမစိတ်ပေါက်နေသူဟု သိလိုက်ရသော ခံစားချက်သက်သက်ချည်းတော့ မဟုတ်တာ သေချာသည်။

ဘယ်လိုလူဟာ ဒီလိုဖြစ်ချင်မှာတဲ့လဲ...။

သီဟ နားလည်လို့ရပါသည်။

"သီဟကို သူက ငါ့ကို လေဆိပ်ပို့တဲ့နေ့က တွေ့ခဲ့တာတဲ့၊ အဲဒီ ကတည်းက သူ သီဟမှာ သိင်္ဂါရှိပြီးသားဆိုတာလည်း သိခဲ့ပြီးသားပဲ၊ ဒါတွေကို ဟိုနေ့ညက ငါ သူ့ဆီပြေးလာတဲ့အချိန်မှာ ငါ့ကို ပြောပြတယ်၊ သနားစရာသိပ်ကောင်းတဲ့ ညီမလေးတစ်ယောက်ပါပဲ..."





ထို... ညီမလေးသည် ခုတော့ ခုတင်ပေါ်မှာ အသိမဲ့လျက်...။ သီဟ စဉ်းစားမရတာတစ်ခု ရှိနေပြန်သည်။ မေးမည်ပြုဆဲ သဥ္ဇာက စကားဆက်၏။

"သူ နင့်ကို တကယ်ချစ်ရှာတယ်..."

သီဟ ခေါင်းညိတ်ပြလိုက်သည်။ သူ့အကြည့် သူ့မျက်ဝန်းများက သက်သေခံပါသည်။

"ဒါဆို သိင်္ဂါ့ကိုရော..."

"ငါလည်း အဲဒါပဲမေးတာပါ... သူက အဲဒီအတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်..."

"ဘာရယ်..."

"သိင်္ဂါ့နောက်ကို သူလိုက်ခဲ့တာက သိင်္ဂါ စိတ်ပြောင်းသွားမလား လို့ လုပ်ကြည့်တာတဲ့... သိင်္ဂါသာ စိတ်ပြောင်းသွားခဲ့ရင် သီဟကို သူ မျှော်လင့်ချက်ပိုထားနိုင်မှာပဲ ဆိုတဲ့ ကလေးအတွေးနဲ့ပေါ့..."

"ဖြစ်ရလေ..."

ရဲမွန်က ညင်သာစွာ ညည်းညူစုပ်သပ်ရှာ၏။

"သူ သီဟကို တကယ်ချစ်တယ်၊ ဒီအတွက် သိင်္ဂါနဲ့ လမ်းခွဲသွားစေချင်တယ်၊ ဒီရည်ရွယ်ချက်နဲ့ သိင်္ဂါ့ကို မျိုးစုံနှောင့်ယှက်ခဲ့မိတယ်လို့ သူ ဝန်ခံတယ်၊ အဲဒီညက သူ တော်တော်လည်း ဆောက်တည်ရာမရ ဖြစ်သွားတယ်၊ ငါသိသွားတာထက် သူလုပ်မိတာတွေအတွက် စိတ်မကောင်းတာရော... သီဟကို သေချာပေါက်ဆုံးရှုံးရမှာ သိတာရော... သူ့ဘဝသူ မကျေနပ်တာတွေရော စုံနေတာပါပဲ..."

"အဲဒီညက သဥ္ဇာ အန်တီနှင်းတို့အိမ်မှာပဲ အိပ်လိုက်ရတာတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ရဲမွန်က သူသိသမျှ ဝင်ပြောဖြစ်၏။

"ဒီနေ့မနက် ငါကိုင်တဲ့ လက်ကိုင်ပန်းက ဒီခြံထဲမှာပွင့်တဲ့ Lily တွေနဲ့ လုပ်ထားတာ၊ ကောင်းကိုယ်တိုင် လုပ်တာ၊ ငါ့လက်ထဲ သေချာ ထည့်ပြီး မှာလိုက်တယ်၊ မင်္ဂလာပွဲပြီးရင် သိင်္ဂါ့ကိုပေးလိုက်ပါ၊ နောက် ဖြစ်မယ့် သတို့သမီးဟာ သိင်္ဂါဖြစ်ပါစေတဲ့..."

ရဲမွန်ရော သီဟပါ ဘာမှမပြောမိ။

ဘာပြောရမှန်းလည်း မသိ။ တိတ်ဆိတ်နေမိကြသည်။

"ခု..."

"ခု... သူတစ်ယောက်တည်း ကားမောင်းထွက်သွားတယ်၊ ခါတိုင်း သူ မိန်းကလေးလိုဝတ်စားပြီး ထွက်သွားရင် ဘယ်တော့မှ ပြိုင်ကား မမောင်းဘူး၊ ဒီနေ့ကျမှ ပြိုင်ကားမောင်းသွားတာ လမ်းမှာ အက်ဆီးဒင့် ဖြစ်လာတာပဲ..."

"ခုအခြေအနေက..."

"၅၀... ၅၀... တဲ့..."

ဘာကြောင့်မှန်းမသိ သီဟ အသက်ရှူကြပ်လာခဲ့သည်။ ဘယ်သူ့ကို အပြစ်ဖို့ပြီး ဘာကို ယိုးမယ်ဖွဲ့ရမည်မှန်းလည်း မသိတော့။ ထိုနေ့သည် နှင်းကျသော အမှောင်ညတစ်ညကို လက်ဆောင်ပေးခဲ့လေသည်။

◆



**A.A.**

ငါက...

ငါ့စိတ်နဲ့ ငါ့ခန္ဓာကိုမုန်းနေတဲ့

တတိယလူ...။

မတူညီမှုတွေနဲ့ ဖြစ်တည်စေခဲ့တဲ့

ငါ့ဘဝကို ဖန်ဆင်းရှင်...

သင့်ကို... ငါ မုန်းတယ်...။

ငါ့စိတ်ကို ပြန်ပေးပါ...

ငါ့ခန္ဓာကို ပြန်ပေးပါ...

ငါဟာ... ပထမလူပဲဖြစ်ချင်တယ်။

**Snow White**

www.burmeseclassic.com

www.burmeseclassic.com



# B.B.

ဆောင်းရာသီကား ကုန်ဆုံးလွန်မြောက်သွားခဲ့ပါပြီ။
နှင်းမှုန်နှင်းစက်တို့ကို မတွေ့ရတော့။

ဒီနေ့ သူတို့ (၆) ယောက်
(သီဟ၊ သိင်္ဂါ၊ မုန်း၊ မောင်၊ ကျော်စွာ၊ လတ်ဇော်)
အလှူတစ်ခုပြုခဲ့ကြသည်။
ထိုအလှူသည် 'သူရဲကောင်း' ဟု ခေါ်တွင်သော 'မနှင်းဖြူလေး'
အတွက် ဖြစ်သည်။

ဖြစ်လေရာ ဘဝတိုင်းမှာ
စိတ်နဲ့ခန္ဓာ တစ်ထပ်တည်းကျတဲ့
ပထမလူပဲဖြစ်ပါစေလို့
အားလုံးက တညီတညွတ်တည်း ဆုတောင်းဖြစ်ခဲ့ကြသည်။

ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုပါလျှင်ပေါ့...။

မနော်ဟရီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မနှော်ဟာရီ

အနီရောင်ကြက်ခြေခတ်တွေနှင့်စာမျက်နှာ

Created by Pyi Thit 1

www.burmeseclassic.com